www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း။
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးကျင်ရင်, (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း။ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်
**အတွင်းဖလင်**
ကိုဖြင်ဦးနှင့်ညီများ
**ပုံနှိပ်ခြင်း**
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
**ဖြန့်ချိရေး**
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ဖျူး
နည်းနည်းတော့ရှိုင်းမယ်
ဖျူးစာပေ၊ ၂၀၁၆။
၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) နည်းနည်းတော့ရှိုင်းမယ်

## အခန်း (၁)

သတိုးဘိုလ်၏ခြေလှမ်းတွေသည် အိမ်ကိုအမြန်ရောက်ချင်စောခြင်း လိုတာထက်ပိုပြီး စောထန်၍နေသည်။ ကျစ်ကျစ်ပါအောင်ဆုပ်ထားသော လက်သီးနှစ်ဖက်နှင့် နှုတ်ခမ်းတွေပြုတ်လုမတတ် ဖိကိုက်ထားမိသော ဒေါသတွေသည် မျက်လုံးတွေပေါ်မှာ ပြဿနာတစ်ခုကို မကြောက်မရွံ့ ဖန်တီးတော့မည့်ဟန်တွေက အပြည့်။

လမ်းသွားလမ်းလာများက သတိုးဘိုလ်၏ဒေါသတွေ ပေါက်ကွဲလုမတတ်ဖြစ်နေပုံကိုကြည့်ပြီး အံ့သြသူကအံ့သြ၊ မေးငေါ့သူက မေးငေါ့၊ အတင်းပြောသူကပြော၊ မသိကျိုးကျွံ မမြင်ဟန်ပြုကြသူများကပြုနှင့် ခပ်ဝေးဝေးမှ ရှောင်ဖယ်၍သွားကြသည်။

ဒါတွေအားလုံးကို သတိုးဘိုလ် အာရုံမထား။ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်။ လူတွေအားလုံးသည် ကိုယ့်အတွက်ကိုယ် ရှေ့တန်းတင်

www.burmeseclassic.com



ပြီး လောဘရမ္မက်တွေနှင့် ရှင်သန်နေကြသော အရူးတွေပဲ ဖြစ်သည်။

ပုံစံအမျိုးမျိုးနဲ့ ရူးနေကြသော လူတွေအားလုံးကို သတိုးဘိုလ်ဂရုမစိုက်၊ အရေးလည်းမထား။ သတိုးဘိုလ် အရေးထားသည်က ကိုယ်ကျင့်တရားနှင့်ဂုဏ်သိက္ခာပဲဖြစ်သည်။ ဓါးသအလွန်ကြီးပြီး အရာရာကို စိတ်လိုက်မာန်ပါ ဖြေရှင်းတတ်ပေမယ့် သတိုးဘိုလ် ရိုးသားသည်၊ ကိုယ်ကျင့်တရားကောင်းအောင် နေသည်။ လူတစ်ဖက်သားကို ဘယ်တော့မှ မဟုတ်တာ မလိမ်ညာဖူးခဲ့။ ဒါဟာ သတိုးဘိုလ်မှာရှိသော ကိုယ်ပိုင်ဂုဏ်ဒြပ်တစ်ခုနဲ့ လူအဖြစ်ရှင်သန်နေရတာ ကိုယ့်လိပ်ပြာကိုယ်သန့်ပါသည်။

"ဟေ့ သတိုး ဘာတွေဒေါသဖြစ်လာတာတုန်း၊ မြေကြီးထဲလည်း ခြေထောက်ကြီးကျွံဝင်သွားပါဦးမယ်ကွာ၊ လာ လက်ဖက်ရည်သောက်မယ်"

စာရေးဆရာကြီး ဦးကြာရိုး လက်ဖက်ရည်ဆိုင်ထဲက လှမ်းအော်ခေါ်သည်။

"နေဦး ဦးကြာရေ ဖြစ်မနေရှင်းရမယ့်ပြဿနာရှိလို့ ဦးကြာတိုက်တဲ့ လက်ဖက်ရည်လည်း ကျွန်တော့်လည်ချောင်းထဲ မျိုလို့ရမှာ မဟုတ်ဘူး တောက်"

ပြောရင်း တက်ခေါက်ပြီး ရှေ့ဆက်လျှောက်လာခဲ့သည်။ မြန်ချင်လွန်း၍ ခပ်သွက်သွက်လှမ်းနေသော ခြေလှမ်းတွေ ဒီနေ့မှ နှေးနေသလို။





ပတ်ဝန်းကျင်အတင်းအဖျင်းတွေကြားထဲ ကိုယ့်ရဲ့ကိုယ်ကျင့်တရားပါ ရေစုန်မျောနေရသည့်ပြဿနာ ဒီနေ့မှ ဖဲ့ရှင်းခွင့်ရတော့မည်။

သတင်းပို့သော သူငယ်ချင်း မောင်စိုးက ထိုပြဿနာကို သယ်ဆောင်လာပေးခဲ့သူ။

■ ■ ■

"ကဲ ရှင့်ဆန္ဒကို ကျွန်မ ဖြည့်ပေးပြီးပြီမို့ ပြန်တော့ကွယ်"

"ဟာ နေပါဦးကွာ ချယ့်ရင်ခွင်ထဲမှာ အသာလေးနှပ်နေချင်သေးတယ်"၊

ခုတင်ထက်တွင် ချစ်ရည်လူးပြီးတာတောင် အချိန်ဆွဲချင်နေသော ကိုညိုဦးကို ချယ်ရီမောင် စိတ်မရှည်စွာ အတင်းတွန်းလွှတ်လျက်

"အခွင့်အရေးဆိုတာ ရတိုင်းအသုံးမချသင့်ဘူး။ ရှင်နဲ့ကျွန်မက တရားဝင်လင်မယားမဟုတ်ဘူး။ အချိန်အခါမရွေး ပတ်သက်ချင်တိုင်း ပတ်သက်လို့လည်း မရဘူး၊ ကျွန်မမှာ မိသားစုနဲ့ ခုလို အိမ်မှာခေါ်ပြီး ရှင့်ဆန္ဒကို တိုးတိုးတိတ်တိတ် ဖြေရှင်းပေးတဲ့ ကျွန်မရဲ့အခြေအနေကို ပြန်ငဲ့ပေးပါဦး"

"ကိုယ်သိပါတယ် ချယ်ရီရယ်၊ ကိုယ်က ချယ်ရီကို အချိန်ပြည့် ချစ်ချင်နေတာကိုးကွ၊ မထူးပါဘူး ချယ့်သားနဲ့သမီးကို ဖွင့်ပြောပြီး တရားဝင် လက်ထပ်လိုက်ကြရအောင်၊ ကိုယ်လည်း ငွေကြေးတောင့်တင်းနေတာပဲ သူတို့ အဖေနဲ့မခြားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူတို့သိတာမဟုတ်ဘူး"

"မသိတာကို သိအောင်ပြောရမှာက ချယ်ရီ့အပိုင်းဖြစ်သွားပြီ ပဲကွာ။ ကိုယ်တော့ ခုလို နိုးကြောင်ခိုးဝှက် မတွေ့ချင်တော့ဘူး။ လူသိရှင်ကြား လက်ထပ်ချင်ပြီ"

ဖွတ်အတင်း တောင်းဆိုနေသော ကိုညိုဦးကိုကြည့်ပြီး အလိုမရှက်ထန်သော အပြုံးကို ပြုံးလိုက်ပြီး

"ကဲပါ ရှင် အဲဒ့လောက်ဆန္ဒရှိတယ်ဆိုရင်လည်း ကျွန်မ သားသမီးတွေကို ဖွင့်ပြောလိုက်တော့မယ်"

"ဝုန်း"

အခန်းတံခါးကို ဝုန်းခနဲ ဖွင့်လိုက်သော အသံကြောင့် ချယ်ရီမောင် အလန့်တကြား လှည့်ကြည့်လိုက်သည်။

"ဟင် သတိုးဘိုလ်"

သားဖြစ်သူကို ဘွားခနဲ မြင်လိုက်ရ၍ ချယ်ရီမောင် အံ့ဩထိတ်လန့်သွားသည်။ ကိုညိုဦး အိပ်ရာထက်တွင် အဝတ်အစား ဖရိုဖရဲဖြင့်ရှိနေပြီးမှ သတိုးကိုမြင်ပြီး ခုတင်ထက်မှ ဆင်းလိုက်သည်။

"အိမ်မှာ ဘယ်သူမှမရှိတာနဲ့ အဲလိုပဲ စိတ်ထင်တိုင်းကဲနေကြတော့တာပဲလား အမေ၊ အိခု အမေ ဘယ်လိုလုပ်ရပ်တွေ လုပ်နေတယ်ဆိုတာရော စဉ်းစားမိရဲ့လား"

ဒေါသတွေမွှန်နေသော သတိုးဘိုလ် ကိုကြည့်ပြီး ကိုညိုဦး





မျက်စိမျက်နှာပျက်နေသည်။ အခန်းထဲမှ ထွက်ရမလို ဆက်ပဲနေရမလိုနှင့် ယောင်ချာချာဖြစ်နေပြီးမှ ခုတင်ခြေရင်းတွင်ရှိနေသော ဂျင်းဘောင်းဘီရှည်ကို ဆတ်ခနဲ ကောက်ယူပြီး ကမန်းကတန်း ဝတ်လိုက်သည်။

"ခင်ဗျားက ရပ်ကွက်ထဲမှာတော့ လူကြီးလူကောင်းဟန်ဆောင်ပြီး မိန်းမတွေနဲ့ ရှုပ်ဖို့ဆိုရင် ရှေ့မှာ ဖြတ်သွားတဲ့ဝါးကားတောင် အပေါက်တွေအများကြီးပါတယ်ဟုဆိုပြီး ပြေးလိုက်ပြီး ကမြင်းကြောထမယ့် လူစားပဲ"

ပျစ်ပျစ်နှစ်နှစ် ဝေဖန်ပြောဆိုလိုက်သော သတိုးဘိုလ်စကားကြောင့် ကိုညိုဦးမျက်နှာ မဲ့ခနဲဖြစ်သွားကာ ချယ်ရီမောင် မင်းသားငါ့ကို စော်ကားနေပြီ မင်းဆုံးမလိုက်လေဟူသော အကြည့်ဖြင့် မျက်နိုင်လှမ်းပြပြီး အတွင်းခံဘောင်းဘီတိုဝတ်ထားသော ခါးအောက်ပိုင်းကို ဂျင်းဘောင်းဘီဝတ်ပြီး ခါးပတ်ပြန်ပတ်နေ၏။

"ဟဲ့ သား မင်း ဘာတွေပြောနေတာလဲ၊ အဲဒါ အမေနဲ့လက်ထပ်မယ့်သူ၊ အဲဒါကြောင့် အပြင်မှာမတွေ့ကြဘဲ အိမ်မှာတွေ့ကြတာ၊ အဲဒါ မင်းဝင်ပြီးပြောစရာမလိုဘူး၊ မင်းမှာ ယဉ်ကျေးမှုမရှိဘူးလား၊ သွားခုအခန်းထဲက ထွက်သွားစမ်း"

"ဘာလဲ အမေတို့အချစ်ဇာတ်လမ်းက မပြီးသေးလို့လား၊ အမိုးမရဲ့သားကို ယဉ်ကျေးမှုမရှိဘူးလားလို့ မေးရအောင် ကိုယ့်သားသမီးကို ယဉ်ကျေးအောင် အမေက ဘယ်တုန်းက သင်ပေးခဲ့ဖူးလို့လဲ၊ ဒီမှာတော့



www.burmeseclassic.com

www.burmeseclassic.com



လူကြီး ခင်များ ခုချက်ချင်း ထွက်သွား မသွားရင် ခင်များကို ဗီလိန်မှုနဲ့ ခေန်းတိုင်လိုက်မယ်နော် အလကား သောက်ရှက်မရှိတဲ့လူကြီး''

လူကြားမကောင်း အော်ပြောနေသော သတိုးဘိုလ်၏ဒေါသကို ကိုညိုဦး သိသည့်မို့ ပြဿနာအဖြစ်မခံ ပြဿနာဖြစ်လျှင် ချယ်ရီမောင်နှင့် နီးစပ်ဖို့ ပိုဝေးသွားပေလိမ့်မည်။

''ကဲပါ သားရယ် မင်းကျေနပ်အောင် ဦးလေး ထွက်သွားပါ့မယ်၊ မင်းလည်း မင်းအမေအပေါ် ဒေါသတွေလျှော့လိုက်ပါတော့၊ မင်းငရဲကြီးမှာ စိုးလို့ ဦးက စေတနာနဲ့ပြောတာပါ''

ကိုညိုဦး မှန်တင်ခုံပေါ်တင်ထားသော လည်သာပိုက်ဆံအိတ်ကို ယူပြီး အခန်းထဲမှ ထွက်ဖို့ဟန်ပြင်ရင်း သတိုးဘိုလ်ကို မျက်နှာချိုသွေးသည်။

''ကြီးပစေဗျာ ငရဲကြီးရုံတင်မဟုတ်ဘူး အဖောတသတ်လို ငရဲချီးကာလ်လည်း ခင်ဗျားအပူမပါဘူး။ ခင်ဗျားသာ ဒီအိမ်ကို နောက်ဘယ်တော့မှ မလာနဲ့ ခင်ဗျား သောက်ခွက်ကြီးကို ကြည့်ကိုမကြည့်ချင်ဘူး''

ပြောလေ ကဲလေ မာန်လေပြလေဖြစ်နေ၍ ကိုညိုဦး ဘာမှ ထပ်မပြောတော့ဘဲ သုတ်ခနဲ လစ်သွားတော့သည်။

ချယ်ရီမောင်ပါ သတိုးဘိုလ်ကို မျက်စောင်းထိုးပြီး အခန်းထဲထွက်သွား၏။ ဆက်ပြောလျှင် ကိုယ်ပဲအရှက်ထပ်ကွဲမှာ။

''တောက်''





''ဟာကွာ ကဲ''

''ဝုန်း ဒုန်း ဒုန်း ချလွင်''

ရှက်လွန်း၍ အသိစိတ်တွေ ထိန်းမရဖြစ်ကာ မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းတွေကို လက်ဖြင့်တိုက်ချလိုက်ပြီး ထိုင်ခုံကိုပါ အရှိန်ဖြင့် ဆောင့်ကန်လိုက်သည်။

ဒါတောင် သတိုးဘိုလ် ဒေါသက မပြေယ်နိုင်သေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မင်း သိပ်ကို တရားလွန်တယ် သတိုး၊ မင်းမျက်စိထဲမှာ ငါ့ကို မင်းအမေလို့ရော မြင်သေးရဲ့လား"

ချယ်ရီမောင် အမေးကြောင့် သတိုးဘိုလ် မဲ့လိုက်ပြီး

"အမှန်အတိုင်း ဝန်ခံရရင် အမေလို့ကို မမြင်ချင်တော့ဘူး၊ ကျွန်တော့်စိတ်ကူးထဲက အမေကာ အမေ့လို ယောက်ျားတွေနဲ့ထည်လဲတွဲပြီး ရှုပ်တာတ်တဲ့အမေမဟုတ်ဘူး၊ သားသမီးတွေကို ရှေ့ကနေ မားမား ရပ်ပြီး အနာဂတ်ကို ဖြောင့်ဖြူးအောင် လမ်းပြပေးနိုင်တဲ့ အမေမျိုးဗျ"

ပြောရင်းဖြင့် သတိုး၏အသံတို့ ငိုသံနှောပြီး တုန်အက်သွားသည်။

ချယ်ရီမောင် မျက်နှာမှာ သားဖြစ်သူ၏စကားကြောင့် ညိုမှောင်သွားသလို ရင်ကိုမြားအစင်းပေါင်း ထိုးစိုက်လိုက်သလို နာကျင်ရသည်။

မင်းတို့အဖေ ဆုံးပြီးကတည်းက မရှာတတ်မဖွေတတ်လို့ အမေဟာ ယောက်ျားတွေဆီက ပိုင်းလုံးလုပ်ပြီး မင်းတို့လူလားမြောက်အောင်





ကျွေးမွေးစောင့်ရှောက်လာရတာပါလို့ ပြောလိုက်ချင်ပေမယ့် ပြော၍မထွက်။

"အခုရော အမေကာ မင်းတို့ကို ကျွေးမွေးစောင့်ရှောက်နေတဲ့ အမေမျိုး မဟုတ်လို့လား၊ အမေ့ဘက်က အမေဝတ္တရား မကျေနေလို့လား၊ မင်းဘွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်အောင် အမေကာ ဘယ်လို နည်းမျိုးတွေနဲ့ ရှာဖွေပြုစုစောင့်ရှောက်ခဲ့တယ်ဆိုတာကိုတော့ မင်းတို့ သိပါတယ်"

"သိတယ် သိလို့လည်း ကိုယ့်ဘဝကို ကိုယ်စိတ်ကုန်တယ်၊ ကိုယ့်အမေကို ဒီလိုဘဝမျိုးရောက်စေပြီးမှ တတ်မြောက်လာမယ့် ပညာရေးကြီးကိုလည်း မလိုချင်ဘူး၊ ဒီတော့ အမေ့လုပ်ရပ်တွေကို ရပ်တန့်ကရပ်ပါတော့၊ သား အံမေ့ကို ရှာကျွေးမယ်၊ ညီလေးနဲ့ ညီမလေးကိုလည်း ပညာဆက်သင်ပေးမယ်"

လက်တွေ့ဘဝထဲကို မဝင်ရသေးဘဲ စိမ်ကိန်းတွေချနေသော သားဖြစ်သူကိုကြည့်ပြီး ချယ်ရီမောင် ဘာကိုမှ ဆန့်ကျင်ပြီး မပြောချင်တော့။

သားဘက်က ကြည့်မယ်ဆိုရင် သားခံစားနေရတာတွေ ရှက်ရွံ့သိမ်ငယ်နေရတာတွေဟာ သားအတွက်တော့ အမှန်တရားတွေပါ။

ချယ်ရီမောင့်ဘက်က ကြည့်ရင်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ကလေးသုံးယောက်အမေ့ဘဝနဲ့ ဘဝကို ဆက်လက်ရပ်တည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ယောက်ျားတွေနဲ့ပတ်သက်ပြီး ဘဝရပ်တည်ဖို့ အားကိုးရှာမိသည်။ ဒါကြောင့်လည်း သားအမိလေးယောက် ခုလို ဟန်မပျက်နေနိုင်နေခြင်းဖြစ်သည်။ ဒါကို သိနေသော သားက ဘာကြောင့် အမေ့ကို ရင့်သီးရိုင်းပျနေရသလဲဆိုတာ ချယ်ရီမောင် မစဉ်းစားတတ်တော့။

"ဒီမိသားစု တစ်စုလုံးကို တာဝန်ယူဖို့ဆိုတာ မင်းအတွက် ပန်းလေးပါတယ် သားရယ်၊ ဒါကြောင့် အမေ ကိုညိုဦးကို လက်ထပ်လိုက်မယ်၊ သူက စီးပွားရေးတောင့်တင်းရုံတင်မဟုတ်ဘူး။ သူ့မှာ ဆီပွဲရုံတွေက သုံးလေးခုပိုင်တယ်၊ အမေတို့ သားအမိတွေ သူ့အရိပ်မှာ နေလိုက်ရင် မအောင့်မတနဲ့ နေရမယ်"

"တော်စမ်းပါ အမေရာ၊ သား အမေ့ကို စိတ်ပျက်တာ အဲဒါတွေပဲ၊ ဘဝရဲ့မွန်းကြပ်မှုတွေကို အကြောင်းပြုပြီး ထွက်ပေါက်ရှာတိုင်း ယောက်ျားတွေနဲ့ပတ်သက်ဖို့ကိုပဲ အမေ့စိတ်ကူးတွေက အမြဲတွေ့နေတယ်၊ သားသူငယ်ချင်းတွေထဲမှာ အမေ့လို အမေမျိုးတွေမရှိကြဘူး။ သားအမေ တစ်ယောက်ထဲ ဒီလိုစရိုက်မျိုးတွေ ထွက်နေတာကို သားရှက်တာ၊ ဒါတောင်မှ အမေက အဲယောက်ျားတွေကို မပတ်သက်တော့ပါဘူးဆိုပြီး ခြေတစ်လှမ်းကို နောက်မဆုတ်ဘဲနဲ့ ရှေ့ကိုဆက်တိုးမယ်ဆိုတော့ အရက်သမားတွေလို မသောက်ရမနေနိုင် ဖြစ်နေပြီလား အမေ"

"ဖြန်း"





နောက်ဆုံးစကားက မိဘရင်ဝကို ခြေစုံကန်လိုက်သလို ခံစားလိုက်ရ၍ သားကို နောက်ထပ်အပြစ်မဖြစ်စေလိုတော့၍ ချယ်ရီမောင်လက်က သား၏ပါးပေါ်သို့ လျှင်မြန်စွာ ကျရောက်သွားသည်။

ရုတ်တရက်မို့ သတိုးဘိုလ် ကြောင်သွားသည်၊ အမေ သားကို တစ်ခါမှ ထိုသို့ မရိုက်ဖူး၊ ခုတော့ အနာပေါ်တုတ်ကျ၍ နာပြီပေါ့။

"မင်း မိဘကို ကျေးဇူးမဆပ်ရင်နေပါ၊ မစော်ကားနဲ့ အိမ်ထောင်တစ်ခု၊ မိသားစုတစ်ခုလုံးရဲ့ ဘဝရပ်တည်မှုကို မင်းလို ပါးစပ်ကလေးနဲ့ပဲ ပြောပြီး ဖြေရှင်းလို့ရမယ်ဆိုရင် ငါဟာ မင်းသိပ်ပြီး အထင်သေးရှုံ့ချနေတဲ့ ခပ်ညံ့ညံ့မိန်းမတောင် ဖြစ်လာမှာမဟုတ်ဘူး၊ ကောင်းပြီလေ ငါ အခု ကိုညိုဦးကို လက်ထပ်မယ့်ကိစ္စကို မေ့ပစ်လိုက်တော့မယ်၊ ဒီတော့ မင်း ဒီလကစပြီး ဒီအိမ်ရဲ့စားဝတ်နေရေးကို တာဝန်ယူဖို့ ကြိုးစားကြည့်လိုက်ပါ"

သတိုးဘိုလ် မ...ပ်နိုင်မှန်းသိသောကြောင့် တမင်ပင် တာဝန်ပေးခဲ့လိုက်ပြီး သတိုးဘိုလ်ရှေ့မှ ထွက်ခဲ့လိုက်သည်။

မိခင်၏နောက်ကျောပြင်ကိုကြည့်ပြီး သတိုး မာနမျက်နှာဖြင့် အံတစ်ချက် ကြိတ်လိုက်သည်။

သတိုးအတွက်တော့ ဒါဟာ ဘဝရဲ့စိန်ခေါ်မှုတစ်ရပ်ဟု တွေးပြီး မိသားစုရှေ့မှာ မားမားရပ်နိုင်ဖို့ စိတ်ဓာတ်ခွန်အားတွေ မွေးမြူလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"သတိုးရေ သတိုး"

အိမ်ရှေ့မှ အော်ခေါ်နေသော ချစ်ဖွေး၏အသံကျယ်ကျယ်ကြောင့် အိပ်ရာမှ မနိုးသေးသော သတိုး ဆတ်ခနဲ ခေါင်းထောင်၍လာသည်။

"တောက် အိပ်ရတာ ဖိမ်ပျက်တယ်ကွာ"

တစ်ယောက်ထဲ ညည်းတွားပြီး ခုတင်ထက်မှ ထလိုက်သည်။ ချစ်ဖွေး အိမ်ခန်းထဲဝင်လာသည်။

"ရှစ်နာရီထိုးပြီလေကွာ၊ မင်းခုချိန်ထိ မထသေးဘူးလားဟ၊ သောက်ပျင်းကလည်း ကြီးပါ့"

ငယ်သူငယ်ချင်းတွေမို့ တစ်ယောက်နှင့်တစ်ယောက် ပြောမနာ ဆိုမနာ၍ ချစ်ဖွေးပြောတာကို သတိုး ဖြုပြင်မဖြု။

"ငါ ညက အိပ်တဲ့အချိန်ကိုလည်း ကြည့်ဦးလေကွာ၊ ညသုံးနာရီမှ အိပ်ရတာ"

ချစ်ဖွေး မျက်လုံးပြူးသွားသည်။

"ဘာ သုံးနာရီ ဟုတ်လား၊ ဘာလဲ ညက မင်းဂျော်နီတို့နဲ့ ကလပ်သွားလို့လား"

"ဟာ မဟုတ်ပါဘူး ငါ့ဘော်ဒါတစ်ယောက်ရဲ့တက္ကစီကို ယူမောင်းနေတာ"

"ဘာလဲ မင်း မိန်းမယူတော့မလို့လား၊ အဲလောက် အသည်းအသန်ရှာနေတာ"





ချစ်ဖွေး ခုတင်စွန်းတွင် ဝင်ထိုင်ပြီး စပ်ဖြဲဖြဲ မျက်နှာဖြင့် မေးသည်။

"ငါ မိန်းမယူဖို့ ငွေရှာတာမဟုတ်ဘူး၊ ငါ့အမေ နောက်လင်မယူအောင် ငွေရှာတာကွ ရှင်းပြီလား"

"အယ် အထူးအဆန်းပဲ"

ထိုမျှသာ ပြောပြီး ချစ်ဖွေး ဘာစကားမှ ထပ်မဆိုတော့ပါ။ ဒေါ်ချယ်ရီမောင် အကြောင်းပြ၍ အမှားပါလျှင် သတိုး၏လက်သီးက သူငယ်ချင်းတွေ ဘာတွေညှာမည်မဟုတ်။

"မင်း ဘာကိစ္စနဲ့ လာတာလဲ"

"မင်းအတွက် အလုပ်ရလို့ လာပြောတာ"

"ဟင် ဟုတ်လား ဘာအလုပ်လဲ"

"ဖုန်းဆိုင်မှာ လုပ်ရမှာကွာ"

"လစာကရော တစ်လ တစ်သိန်းခွဲ"

"ဟင် နည်းတယ် မလုပ်ဘူး"

"ဟ တစ်လတစ်သိန်းခွဲ နည်းလား"

"နည်းတာပေါ့ ငါ့ညီတွေ ညီမတွေ ကျူရှင်လခ နှစ်ယောက်ပေါင်းရင်တောင် တစ်လ နှစ်သိန်းနီးပါးရှိတာ"

ရင့်ကျက်ဟန်ဖြင့်ပြောနေသော သတိုးကိုကြည့်ပြီး ချစ်ဖွေး



www.burmeseclassic.com

www.burmeseclassic.com



မအံ့ဩဘဲမနေနိုင်။

"မင်း မင်းတော့ ဟုတ်ပါတယ်နော် သတိုး"

"ဟ ငါမဟုတ်လို့ ဘယ်က မကောင်းဆိုးဝါးဖြစ်ရမှာလဲ"

"အရင်က မင်းနဲ့မတူလို့ပေါ့ကွ မင်းရဲ့မိသားစုအတွက် မင်း ဘယ်အချိန်တုန်းကတည်းက တာဝန်ယူတတ်သွားတာလဲ"

"ငါ ဘွဲ့ရတစ်ယောက်ဖြစ်နေပြီလေ၊ ငါ့မိသားစုအတွက် တာဝန်ယူစိတ်ရှိလာတာ အချိန်ကာလလိုလို့လား၊ ကဲပါကွာ ငါ အဲဒီအလုပ်ဆိုရင် မကိုက်ဘူးကွ၊ ငါ့ကို တခြားအလုပ်လေးရှာပေးစမ်းပါကွာ"

ချစ်ဖွေး ခေါင်းကို တဖျင်းဖျင်းကုတ်ကာ

"ဒီအချိန်မှာ အလုပ်တစ်ခုရဖို့မလွယ်ဘူးကွ၊ ရတာလေးကို မွေးလုပ်ထားရင် တခြားအလုပ်ကိုရှာတာ ပိုကောင်းမယ်ကွ"

ချစ်ဖွေးပြောတာလည်း ဟုတ်နေ၍ သတိုးတွေဝေသွားသည်။

"ကိုကို"

သူငယ်ချင်းနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး အလုပ်လုပ်သင့် မလုပ်သင့် စဉ်းစားနေစဉ် အလတ်ကောင် သတိုးဆွေ ဝင်လာသည်။

"ဘာလဲ ညီ"

"မနေ့က ညီမလေးကို ခတ္တာလမ်းထဲက သူရိန်တို့အဖွဲ့ သင်တန်းကအပြန် 'လိုက်နှောင့်ယှက်လို့'"

"ဘာ"





သတိုးဘိုလ် ခုတင်ထက်မှ ဝုန်းခနဲ ထလိုက်ပြီး ဘာဟု အော်လိုက်သဖြင့် ချစ်ဖွေးပင် လန့်သွားသည်။

"ဒီကောင်တွေက ငါ့ညီမကို လိုက်နှောင့်ယှက်တယ် ဟုတ်လား။ ဆေးသမား ခွေးသူတောင်းစားတွေ"

မိသားစုကိုထိလျှင် သွေးဆူလွယ်သော သတိုးဘိုလ် ထိုကိစ္စကို ခေါင်းငုံ့ငြိမ်မခံနိုင်။

"တွေ့ကြသေးတာပေါ့ကွာ၊ ငါ့ညီမကိုများ နှောင့်ယှက်ရတယ် လို့"

ဒေါသခြေလှမ်းတွေဖြင့် အိမ်အပြင်သို့ ဒရောသောပါး ထွက်ခဲ့လိုက်သည်။ ချစ်ဖွေးနှင့် သတိုးဆွေ နောက်မှ လိုက်လာကြသည်။

"ကိုဆွေရာ မင်းအစ်ကို ဒေါသအိုးကွဲအကြောင်းလည်း သိရဲ့သားနဲ့ ပြဿနာကို သယ်လာပေးသေးတယ်"

ချစ်ဖွေး သတိုးဆွေကို ခပ်တိုးတိုး အပြစ်ပြောလိုက်သည်။

"ကျွန်တော်လည်း ဘယ်ပြောချင်ပါ့မလဲဗျာ၊ အစ်ကိုဝင်ပါရင် ဒီကောင်တွေ နောက်ကိုမနှောင့်ယှက်ရဲအောင် ပြောလိုက်မိတာပါ"

အစ်ကိုဖြစ်သူအကြောင်းကို သိထားပေမယ့် မပြော၍မှ မဖြစ်တာ။ အမှန်အတိုင်းပြောရလျှင် သတိုးဆွေက ကျောင်းစာကလွဲရင် အစ်ကို့လို မိုက်ရူးရဲမဆန်တတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူရိန်တို့အုပ်စု လက်ဖက်ရည်ဆိုင်ထဲတွင်ထိုင်ပြီး အော်ကြီးဟစ်ကျယ်စကားတွေ ပြောနေကြစဉ် သတိုးဘို ရောက်လာသဖြင့် အားလုံးပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဟာ အစ်ကို လက်ဖက်ရည်သောက်ပါဦးလား"

သင်းရန့်၏အစ်ကို အကြီးဆုံးမို့ သူရိန်တမင်ပင် ဖော်လန်ဖားလိုက်ခြင်းဖြစ်သည်။

"ဟေ့ကောင် မင်းတို့နားကိုလာတာ လက်ဖက်ရည်သောက်ချင်လို့လာတာ မဟုတ်ဘူးကွ၊ မနေ့က မင်း ငါ့ညီမသင်တန်းကအပြန် လိုက်နှောင့်ယှက်တယ်ဆို"

တင်းမာသော မျက်နှာထားနှင့် ဘုဆတ်ဆတ် မေးလိုက်သဖြင့်





သတိုးဘိုလ်၏ဖကိုသိထားသော သူရိန် မျက်နှာချိုသွေးကာ

"ကျွန်တော် နှောင့်ယှက်တာ မဟုတ်ပါဘူး၊ ရန့်ကို ချစ်တယ်လို့ လိုက်ပြောရုံလေး"

"ခွပ်"

"ဟာ ဘာလိုင်းကြီးပါလား"

သူရိန့်စကားမဆုံးခင်မှာပင် သတိုးဘိုလ်၏လက်သီးက သူရိန့်ပါးပေါ်ကို အရှိန်ဖြင့် ကျလာသည်။ သူရိန့်သူငယ်ချင်းတွေအားလုံး မကျေမနပ်ဖြစ်ပြီး ဝရုန်းသုန်းကား ထရပ်ကုန်ကြသည်။

"ဘာလဲ မင်းတို့ကပါ မိုက်လို့လား၊ လာကြ ငါ့ကိုလာယှဉ်ကြစမ်း၊ ငါဆိုတဲ့ကောင်က ဘယ်ကောင့်ကိုမှ သောက်ဂရုမစိုက်ဘူးကွ ငါ့ညီမက တက္ကသိုလ်ကျောင်းသူ မင်းက ဆေးသမား တန်သလား"

သူရိန် နှုတ်ခမ်းထောင့်စွန်းမှ စို့ထွက်လာသော သွေးတို့ကို သုတ်လိုက်ပြီး မဲ့ခနဲ ပြုံးကာ

"ကျွန်တော်က ဆေးသမားပေမယ့် မိဘတွေက ဂုဏ်သိက္ခာရှိပါတယ်၊ အဖေက အင်ဂျင်နီယာ အမေက ရွှေဆိုင်ပိုင်ရှင် ကိုသတိုးရဲ့ ညီမကို တင့်တောင့်တင့်တယ် ထားနိုင်ပါတယ်"

"တော်စမ်း မင်း သောက်ပါးစပ် ပိတ်လိုက်၊ ပါးဖြတ်ရိုက်လိုက်မယ်၊ မင်းမိဘတွေ ဘာကောင်ကြီးပဲဖြစ်ဖြစ် မင်းလိုဆေးသမားနဲ့ ငါ့ညီမက လိုက်ဖက်မတန်ဘူး ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သူငယ်ချင်းနဲ့ မတန်ဘူးပြောရအောင် အစ်ကိုညီမ ကရော ဘယ်လောက်တန်လို့လဲ၊ ဘာလဲ ပဒေ့ါတွေထဲက ကြိုက်တဲ့ တစ်ယောက်ကိုပေးစားမှာမို့ ဥထားတာလား"

သူရိန့်သူငယ်ချင်းစကားက လူပုံအလယ်မှာ ရေခွေးပူနှင့် မျက်နှာကိုအပက်ခံလိုက်ရသလို ပူဆင်းသွားပြီး ဒေါသတို့ ပွက်ပွက်ဆူ လာသည်။

"ဟာကွာ ကဲ ကဲ ကဲကွာ"

သူရိန် သူငယ်ချင်းမျက်နှာပေါ်သို့ လက်သီးချက်တွေ ဘယ် နှချက်ဆင့်ပြီး ထိုးသွင်းလိုက်မိသည်မသိ။ လူက အသိစိတ်တွေ လွတ် ထွက်ကုန်သည်။

"ကိုကို လက်လွန်မယ် တော်တော့ တော်ပါတော့ ကိုကိုရာ"

သတိုးဆွေနှင့်ချစ်ဖွေး အတင်းဝင်ဆွဲသည်။ လက်ဖက်ရည်ဆိုင် ထဲတွင် ရန်ပွဲဖြစ်သည်ဆိုသည်နှင့် ရပ်ကွက်ထဲမှလူတွေ ချက်ချင်းဝိုင်းအုံ ကြည့်လာကြသည်။

"ခင်ဗျားတို့ အဆင့်အတန်းက ဘယ်လောက်မြင့်နေလို့ မတူ ဘူးမတန်ဘူးပြောရတာလဲ ခင်ဗျားညီမလို မိခင်အုပ်ထိန်းမှုမရှိတဲ့ သမီး မျိုးကို ကျုပ်သူငယ်ချင်းက စိတ်ဝင်စားတာကို ကန်တော့ပွဲနဲ့တောင် လာပြီး ထိုင်ရှိခိုးရဦးမှာ၊ အသိစိတ်ရှိရင် အချိန်မီ ပြန်တောင်းပန်လိုက်ဗျ"

ပြောတဲ့သူကလည်း သတိုးအပေါ်စီးမှ ဖိထိုးနေတာတောင်





အထိုးခံနေရင်းမှ ဖွတ်ပြောသည်။

သတိုးဘဝမှာ ကိုယ်ကိုယ်တိုင် ကိုယ်ကျင့်တရားကောင်းနေပါ လျက်နှင့် ခုလိုမျိုး အပြောခံရတာများလာတော့ စိတ်တွေဟာ ရင့်သီးသ ထက် ရင့်သီး၍လာသည်။ ဘယ်သူ့ကိုမှ လူမထင်ဘဲ ရန့်ရင်းကြမ်းတမ်း စွာ ပြောဆိုတတ်လာသည်။ ကိုယ့်ဘဝကို ရွံရှာစက်ဆုတ်၍လာသည်။

"မင်းကို ငါသတ်မယ် ငါ့ညီမကို စော်ကားတဲ့ကောင်"

လက်သီးချက်တွေက ပို၍ မာကြောလာသည်။

"ဟေ့ကောင် သတိုး တော်ပြီ မင်းဒီလောက် ဆုံးမရတော်ပြီ ပေါ့၊ လက်လွန်သွားမယ်ကွ"

သူရိန့်သူငယ်ချင်းက အကြိမ်ကြိမ်အထိုးခံနေရ၍ မျော့နေပြီ။ ဘယ်မှုပြန်မပြောနိုင်လောက်အောင် နှုတ်ခမ်းနှင့်မျက်နှာအနှံ့ ဖူးယောင် ၍လာသည်။

"သား သတိုး တော်ပြီ တော်ပြီ"

မိခင် ပြေးဝင်လာပြီး သတိုးကိုဆွဲသည်။

"မဆွဲနဲ့ အဲဒါတွေအားလုံး အမေ့ကြောင့်ဖြစ်ရတာဗျ၊ ကျွန် တော်တို့ မောင်နှမတွေ လူပုံအလယ်မှာ ခုလိုမျိုး အပြောခံရတာ အမေ့ ကြောင့်"

လှမ်းဆွဲခံထားရသော မိခင်လက်ထဲမှ ဆောင့်ခနဲ ရုန်းထွက် ပြီး ဒေါသတွေက မိခင်ဘက်ကိုလှည့်သွားပြန်သည်။ ရန့်နှင့်သတိုးဆွေ



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကိုဘေးမှပိုင်းထိန်းပြီး အစ်ကိုဖြစ်သူ ပေါက်ကွဲနေတာကိုကြည့်ပြီး အနားမကပ်ရဲ။

ခုမှပင် သတိုးဆွေ နောင်တရမိသည်။ သွေးဆူလွယ်သော အစ်ကိုကို ပြောမိသောအမှားက မိခင်ပါ လူပုံအလယ်မှာ ထပ်ပြီးအရှက်ခွဲခံရပြန်သည်။

"ကိုကို တော်ပါတော့၊ အမေ့ကို မပြောပါနဲ့တော့၊ ညီမလေး တောင်းပန်ပါတယ်"

မျက်ရည်လေး တစမ်းစမ်းဖြင့် တောင်းပန်နေရှာသော ညီလေးကိုကြည့်ပြီး သတိုးဘိုလ် အသိစိတ်တို့ ပြန်ကပ်ကာ အမေ့ကိုရင့်သီးသော စကားလုံးတွေဖြင့် ထိုးနှက်ခြင်းမပြုရက်တော့။

လူပေါင်းများစွာ ဝိုင်းအုံကြည့်နေကြသော လူပုံအလယ်မှာ အမေ ရှက်ရှာပေတော့မည်ဟူသော အသိစိတ်နှင့်အတူ ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့လိုက်တော့သည်။

ကျွန်တော့်ကို ခွင့်လွှတ်ပါ အမေ။

■ ■ ■

"မမရေ ကိုသတိုးဘိုလ် လာနေတယ်"

နေမညီ့ စာကြည့်ခန်းထဲတွင် ဆေးကျမ်းစာအုပ် ဖတ်နေရင်းမှ ဆောင်းလေပြေ၏အသံမက်ဆေ့ချ် ပို့သံကြောင့် ဖတ်လက်စ စာအုပ်ကြားထဲ ဖလင်ပြားလေးညှပ်၍ ထည့်လိုက်ပြီး စာကြည့်ခန်းထဲမှ ထွက်





လာလိုက်သည်။

"ပျောက်ချက်သား ကောင်းနေပါလား သတိုးရဲ့"

"မအားလို့ မလာတာပါ နေရာ၊ စိတ်ကတော့ အမြဲရောက်တယ်"

"မမက ကိုသတိုးကို နေ့တိုင်းမျှော်နေတာ၊ မနေ့ကတောင် ကိုသတိုး ကြိုက်တတ်တဲ့ ငါးသလဲထိုးဆီပြန်ဟင်းတောင် ချက်ထားသေးတယ်"

ဆောင်းလေပြေစကားကြောင့် နေမညီ့ မလုံမလဲ ပြုံးလိုက်ပြီး

"တကူးတက ချက်ထားတာတော့ မဟုတ်ပါဘူး၊ အိမ်မှာချက်စားရင်းနဲ့ ဒီလိုပဲ သတိရသွားလို့ လာရင် ကောင်းမယ်လို့ ပြောမိတာပါ၊ လေပြေရယ် တော်ကြာ ဟိုက အဟုတ်ကြီးထင်ပြီး နားထင်သွေးရောက်သွားပါဦးမယ်"

"ခုမှ ရှက်မနေပါနဲ့တော့ လေပြေ မဟုတ်တာမပြောဘူးဆိုတာ ငါသိပါတယ်၊ ဒါနဲ့ ဒီနေ့ နင် ဆေးရုံကိုမသွားဘူးလား"

"ဒီညနေမှ ဂျူတီဝင်ရမှာဟ"

"ငါ လိုက်ပို့မယ်လေ"

"နင်က အားတာကိုး"

"ငါ အခု ဘော်ဒါတစ်ယောက်ရဲ့ကားကို ညနေပိုင်း မောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟာ၊ နင် တက္ကစီခေါ်သောအောင် ငါလိုက်ပို့မယ်ပြောတာပါ''

စိတ်ရင်းကောင်းသော သတိုးဘိုလ်ကို နေမည္ပြို အမြဲတမ်း အရေးပေးဆက်ဆံတတ်သလို နေမည္ပြို၏အခေါ်နှင့် ညီမလေးကလည်း သတိုးဘိုလ်အပြင်မှာ ဘယ်လောက်ဆိုးဆိုး သွေးသားရင်းလို ချစ်ခင်ကြ တယ်။

''ညဘက် တက္ကစီမောင်းတာ အန္တရာယ်များပါတယ်ဟာ၊ ခု ခေတ်က ခရီးသည်ဟန်ဆောင်ပြီး လူပြတ်တဲ့နေရာကို ကားငှားပြီး ဒရိုင် ဘာဆီက ပါသမျှငွေတွေကို အုပ်စုဖွဲ့ပြီး လုကြတာ၊ လုလို့မရရင် လူကိုပါ အန္တရာယ်ပေးတာဟ''

နေမည္ပြို စိုးရိမ်တကြီးပြောနေသောကြောင့် သတိုးဘိုလ် ရင်ထဲ မှာ နွေးစိမ့်သွားသလို ခံစားလိုက်ရသည်။ သွေးရင်းသားရင်း မဟုတ်ဘဲ ပူပန်ပေးတတ်သော သူငယ်ချင်း၏ရင်ထဲတွင် သတိုးဘိုဆိုတဲ့ လူရမ်းကား က ဘယ်လောက်နက်ရှိုင်းစွာ နေရာရနေပြီလဲ။

''ငါ့ကို စိတ်ပူပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် နေ့,ရာ၊ ဒါပေမဲ့ ငါမလုပ်လို့ မရဘူးဟာ၊ ငါက သားအကြီးဆုံးဖြစ်နေတော့ မိသားစု တာဝန်ကို ငါတစ်လုည့်ထမ်းမှ ရတော့မှာဟ၊ နို့မို့ဆို ငါ့အမေလည်း လူ့အသိုင်းအဝိုင်းထဲမှာ နာမည်ဆိုးနဲ့ တွင်ကျန်ရစ်မှာကို မလိုလားဘူး''

ငယ်ကတည်းက ငယ်ပေါင်းကြီးဖော်တွေမို့ သူ့အကြောင်း ကိုယ့် အကြောင်း ရင်ဖွင့်နေကြဖြစ်၍ ဘာမျှ ထိန်ချန်ထားခြင်း မရှိကြဘဲ





ပွင့်လင်းစွာ ပြောဆို ဆက်ဆံကြသည်။ ဒီအတွက်လည်း အထင်သေး ခြင်း၊ ရှုတ်ချခြင်းစကားလုံးများအစား တစ်ယောက်ကိုတစ်ယောက် ဖေးမ စွာ နှစ်သိမ့်အားပေးကြသည်။

''အန်တီ့နာမည်ဆိုးနဲ့ ကျန်ခဲ့မယ်ဆိုရင်တောင် အဲဒီနာမည်ဆိုး က မိသားစုအတွက် ဘဝကိုရင်းပြီး ပေးဆပ်ခဲ့ရလို့ အန်တီ့အတွက် ပေးဆပ်ရကျိုးနပ်မှာပါ သတိုးရယ်၊ နင်လည်း အဲဒီအတွက် သိပ်ပြီး ဖိအားတွေမပေးပါနဲ့ အန်တီချယ် သနားဖို့ကောင်းပါတယ်၊ တကယ်ဆို ပတ်ဝန်းကျင်က ရိုက်ခတ်လာခဲ့ရင်တောင် နင်တို့သားသမီးတွေက ရှေ့ ကနေ မားမားရပ်ပြီး ကာကွယ်ပေးရမှာမဟုတ်လား''

နေမည္ပြို ပြောတာမှန်နေ၍ သတိုး ဘာမှမပြောဘဲ ငြိမ်၍သာ နားထောင်နေလိုက်၏။

''ကိုသတိုး လေပြေ့ကို ဒီစာပိုဒ်လေး ရှင်းပြပေးပါလား''

စကားစဖြတ်ပြီး စာရှင်းပြခိုင်းနေသဖြင့် ဓာတုဗေဒစာအုပ်ကို လှမ်းယူပြီး ရှင်းပြရမည့်စာပိုဒ်ကို ဖတ်လိုက်သည်။

''ကိုယ့်အစ်မကို မမေးပဲနဲ့ ကိုဒေါ်သအိုးကိုမေး သိလား။ နင် ညံ့တာ သူသိရင် နင့်ထိပ်ကို ထုလိုက်လိမ့်မယ်''

''မမက အားတာကိုး၊ ဆေးရုံနဲ့ဆေးခန်း အချိန်ကုန် အိမ်မှာ ရှိပြန်တော့လည်း ဆေးကျမ်းစာအုပ်တွေထဲအချိန်ပြည့် ခေါင်းစိုက်နေပြီး တော့ ညီမလေးကို ဘယ်လိုစာသင်မလဲ၊ သင်ရင်လည်း ညံ့လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အပြောအဆိုက ခံရဦးမယ်"

ညီမလေး ပြောတာလည်း မှန်နေ၍ နေမည်ို ရယ်နေလိုက်သည်။ မိဘတွေဆုံးပြီးကတည်းက ကျန်ခဲ့သည့် လက်ငုပ်လက်ရင်း စည်းစိမ်လေးတွေကို မြိုးမြိုးမြှေတာပြီး ဆရာဝန်တစ်ယောက်ဖြစ်အောင် မနည်းကို ကြိုးစားခဲ့ရသည်။ ဒါမှ သေသွားသော မိဘတွေ၏ဆန္ဒတွေကို ဖြည့်ဆည်းပေးရာရောက်မည်ဟုတွေးပြီး ရည်ရွယ်ချက်အပြည့်ဖြင့် ကြိုးစားရုန်းကန်ခဲ့သည်။

ယခု နေမည်ိုဟာ လူ့အသိုင်းအဝိုင်းအလည်မှာ ဒေါက်တာ နေမည်ိုဟု အများက တလေးတစား ဦးညွှတ်ခံရသော အနေအထားကို ရောက်နေပြီ။

ရေမြှင့်လေ ကြာတင့်ဆိုသလို ဆရာဝန်တစ်ယောက်ဖြစ်လာမှ ဝင်ငွေလည်း အထိုက်အလျောက် ရှာနိုင်သလို ညီမလေး၏ပညာရေး စရိတ်ကိုလည်း လုံလုံလောက်လောက် ထောက်ပံ့နိုင်ခဲ့ပြီ။ ဒီအတွက် ညီမလေးအပေါ် အနီးကပ် ဂရုစိုက်ဖို့ကျပြန်တော့ နေမည်ို အချိန်သိပ် မပေးနိုင်ခဲ့ပြန်။

သတိုးဘိုလ် လေပြေ့ကို စိတ်ရှည်လက်ရှည်ဖြင့် စာရှင်းပြနေသည်ကိုကြည့်ပြီး နေမည်ို ပြုံးလိုက်ပြီး

"နင် ထမင်းစားပြီးမှပြန်နော် သတိုး။ ငါ ထမင်းပွဲသွားပြင်လိုက်မယ်"





"စားမှာပေါ့ နင့်အိမ်လာရင် ငါ ထမင်းမစားဘဲ ပြန်လေ့မရှိတာ နင်သိတယ်မို့လား"

"သိပါတယ် သိပါတယ် ဒါပေမဲ့ ဒီနေ့လက်ရာကိုတော့ သည်းခံစားနော်၊ ကြီးကြီး ဥပုသ်ကျောင်းသွားလို့ လေပြေ ချက်ထားတာ"

"ဘယ်သူချက်ချက်ပါဟာ အဓိကက ဆရာဝန်မကြီး နေမည်ို အိမ်က ထမင်းဟင်းဖြစ်ဖို့က အဓိကမဟုတ်လား"

ဘဝနှင့်ယှဉ်ပတ်သက်ပြီး စိတ်မကျေနပ်သောအချိန်ကာလတွေ များနေပေမယ့် နေမည်ိုရှေ့ရောက်လျှင်တော့ သတိုးဘိုလ်၏စိတ်ခံစားမှုတို့သည် အမြဲတမ်း နူးညံ့သိမ်မွေ့နေတတ်သည်။

နေမည်ို အကြည့်တွေ၊ အပြောတွေ ယုတ်ဆွအဆုံး နေမည်ို ထံမှ သနပ်ခါးရနံ့လေးတွေကအစ သတိုးဘိုလ် မက်မက်မောမော တောင့်တနေမိတာဟာ အချစ်ဆိုလျှင် သတိုးဘိုလ်ဟာ နေမည်ိုကို ချစ်နေတာ သေချာ၍နေပါပြီ။

သို့သော် ဖွင့်ပြောရဲလားဆိုတော့ သတိုး ဖွင့်မပြောရက်ပါ။ သတိုးလို စိတ်ကြမ်းလူကြမ်း ဒေါသသမား တစ်ယောက်က နေမည်ိုလို နူးညံ့သိမ်မွေ့ပြီး စိတ်သဘောဖြူစင်တဲ့ ဆရာဝန်မလေးတစ်ယောက်နှင့် ဘယ်လိုမှ မအပ်စပ်ဟု ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စွာ တွေးမိပြီးသား။

အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းမဟုတ်ဘဲ အဝေးကနေ စောင့်ကြည့်ပြီး ရင်ထဲမှာ ခပ်တိတ်တိတ်ချစ်နေရလည်း အချစ်ပင်ပါ။

■ ■ ■



www.burmeseclassic.com

## အခန်း (၄)

"ကိုကို မနက်ဖြန် ညီမလေး သင်တန်းကြေးသွင်းရမယ်"

"မနေ့က အမေ့ကို ငါ ပိုက်ဆံတွေပေးလိုက်တယ်လေ၊ အမေ့ဆီက တောင်းပေါ့၊ ဒီမှာအိပ်နေတဲ့သူကို နှိုးပြောရလား"

ညက အိပ်ရေးပျက်၍ အိပ်ပျော်နေသော သတိုး အနှိုးခံလိုက်ရ၍ ညီမဖြစ်သူကို ဝိတ်ပေါက်ပစ်လိုက်သည်။

သင်းရန့် မျက်နှာလေးငယ်သွားကာ

"အမေ့ဆီမှာ တောင်းတယ်၊ သူ့မှာ ပေးစရာမရှိဘူးတဲ့၊ နင့်အစ်ကို့ဆီသွားတောင်းလို့ပြောတယ်၊ ညီမလေးက ဘာလုပ်ရမှာလဲလို့"

ရှုရှုဆောင့်ဆောင့်လေးပြောပြီး အနားမှထွက်သွားသော သင်းရန့်စကားကြောင့် သတိုးဘိုလ် ခေါင်းကိုတဖျင်းဖျင်းကုတ်ပြီး အိပ်ရာထက်





မှထကာ အမေ့ဆီထွက်လာလိုက်သည်။

ဖုန်းပြောနေသော အမေ သတိုးထွက်လာတာမြင်တော့ တစ်ဖက်ကို တိုတိုတုတ်တုတ်ပြောပြီး ဖုန်းချပစ်လိုက်သည်။

"အမေ အငယ်မက သင်တန်းကြေးလာတောင်းနေတယ်၊ အမေ့ဆီမှာလည်း မရှိတော့ဘူးဆို"

ချယ်ရီမောင် ဖုန်းကို ဆက်တီစားပွဲပေါ် အသာချလိုက်ပြီး သက်မတစ်ချက်ကို ခပ်လေးလေးချကာ

"တစ်နေ့က သားပေးတဲ့ ပိုက်ဆံခုနစ်သောင်းက ဒီနေ့နဲ့ဆို သုံးရက်ရှိသွားပြီ၊ အိမ်မှာ ဆန်တစ်အိတ်ဝယ်လိုက်ရတယ်၊ ပိုတဲ့သုံးသောင်းက မင်္ဂလာဆောင်နှစ်ပွဲနဲ့ မွေးနေ့ပွဲအတွက် လက်ဖွဲ့ပေး လက်ဆောင်ပေးနဲ့ ဘယ်လိုလုပ် အပိုရှိတော့မှာလဲ သားရယ်၊ အဲဒီ မင်္ဂလာဆောင်တွေကလည်း မင်းသူငယ်ချင်းတွေရဲ့ မင်္ဂလာဆောင်တွေလေ၊ တစ်ဆောင်ကို တစ်ကောင်းနှန်းလောက်သွားမှ မင်းမျက်နှာမငယ်ရမှာမို့ တစ်သောင်းဆီ လက်ဖွဲ့လိုက်တယ်လေ"

ခုနစ်သောင်းလောက်ကို ကုန်ကျစရိတ်စာရင်း ပြန်တင်ပြနေသော အမေ့ကို အားနာမိသွားသည်မို့

"ကျွန်တော်က အမေ့ကို စစ်ဆေးနေတာမဟုတ်ဘူး အမေ ရှိသေးမယ်ထင်ပြီး မေးကြည့်တာပါ"

သတိုးဘို စကားကြောင့် ချယ်ရီမောင် ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်ကြီးက ဟိုးတုန်းကလို ငွေကုန်ကြေးကျနည်းတဲ့ခေတ် မဟုတ်တော့ဘူး သားရဲ့၊ တစ်နေ့ကို အိမ်စရိတ်တစ်သောင်းမသုံးနိုင်ရင် လူတန်းမစေ့ဘူး သားရေ့ ခုတော့ ငွေရဲ့ခြယ်လှယ်မှုကို သားသိပြီမဟုတ် လား။ မေမေဟာ သားတို့မောင်နှမသုံးယောက် ပညာတတ်တွေဖြစ်အောင် ဘယ်လိုရုန်းကန်ခဲ့ရသလဲဆိုတာ သားတဖြည်းဖြည်း သိလာမှာပါ"

အနိုင်နှင့်ပိုင်းပြီး ပြောသွားဟန်ရှိသော အမေ့စကားကို သတိုး ဘယ်လိုစကားမျိုးနှင့် တုံ့ပြန်ပြောဆိုရမှန်းပင် မသိတော့ပေမယ့် အမေ ဘာကိုဆိုလိုသည်ဆိုတာကိုတော့ သတိုးတိုလ် သိသည်။

ငွေကြေးမလောက်ငတာကို အကြောင်းပြပြီး ဦးညိုဦးကြီးနှင့် လက်ထပ်ဖို့ အကြောင်းပြချက်ပေးတော့မည့် အမေ့ရည်ရွယ်ချက်တွေကို ဘယ်တော့မှ အထမမြောက်စေရ။

"အခုမှသိတာမဟုတ်ဘူး။ အရင်ကတည်းက သိတာပါ အမေ၊ ဒါကြောင့် သားလည်း နောက်အလုပ်တစ်ခု ထပ်လုပ်ဖို့ ချိတ်ထားတယ်"

"မင်း ပင်ပန်းမှာပေါ့"

"ယောက်ျားပဲ အမေရ ပင်ပန်းတာ ဘာဆန်းလဲ၊ အဓိကက သားတို့မိသားစု ပတ်ဝန်းကျင်အလယ်မှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ဖို့ ပဲလိုတာပါ။ ကျန်တာကို သား ဂရုလုံးဝမစိုက်ဘူး၊ သားတို့မိသားစုကို ဝေဖန်ရှုံ့ချတဲ့လူတွေအားလုံးကို စောက်ရူးတွေလို့ပဲ ထင်တယ်"

အမြဲတမ်း မိုက်ရူးရဲဆန်သော သားကိုကြည့်ပြီး သက်ပြင်းခပ်





ငွေ့ငွေ့ချမိသူက ချယ်ရီမောင်ပင်ဖြစ်ပါသည်။

ကိုယ်ကျင့်တရားကောင်းလွန်းသော သားသမီးတွေကို မိခင်တစ် ယောက်အနေနဲ့ လမ်းပြမကောင်းခဲ့သော ကိုယ့်ရာဇဝင်ကိုသာ အပြစ်တင် မိတော့သည်။

■ ■ ■

"အမိပွာယ်မရှိလိုက်တာ ချယ်ရီရယ်၊ သားသမီးကို ကြောက်လို့ ကိုယ့်တဝအတွက် သင့်တော်တဲ့ အိမ်ထောင်ဖက်ကို လက်တွဲဖြုတ်ရတယ် လို့၊ ဒါဟာ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ ကိုယ်က ချယ်ရီတို့မိသားစုကို တင့်တင့်တယ်တယ် ထားပေးမယ့်သူပါ၊ ဒုက္ခတွေ တနင့်တပိုး သယ်လာ ပေးမယ့်သူ မဟုတ်ပါဘူး ချယ်ရီရာ၊ အမှားအမှန်ကို သေချာခွဲခြား စဉ်းစားပါဦး၊ ဒီအခြေအနေဟာ လျှို့ဝှက်ထားရမယ့်အရာတွေ ဖွင့်ထုတ် သင့်နေပါပြီကွာ"

လက်ထပ်ပါမည်ဟု ခေါင်းညိတ်လက်ခံပြီးကာမှ သားသမီးတွေ က ကန့်ကွက်၍ ငြင်းဆန်လာသော ချယ်ရီမောင့်ကို ဦးညိုဦး အားမလို အားမရ ဖြစ်မိသည်။

"သားကြီးက အခု အလုပ်တွေ အရမ်းကြိုးစားနေတယ်လေ၊ ညဘက်ကို ကားမောင်းပြီး နေ့ခင်းဘက်ကို သူငယ်ချင်းသွင်းပေးထားတဲ့ ပွဲရုံမှာ မန်နေဂျာဝင်လုပ်နေတယ်တဲ့၊ သားသမီးက စားဝတ်နေရေး တာဝန်ယူထားရက်သားနဲ့ ချယ်ရီက ရှင်နဲ့လက်ထပ်မယ်ဆိုရင် ချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ကောင်းဆန်ရာ ကျမသွားဘူးလား။ ချယ်ရီက မိခင်တစ်ယောက်ပါ။ သားသမီးတွေရဲ့ဆန္ဒအတိုင်းနေပေးရမယ့် ဝတ္တရားရှိတယ်လေ''

အရမ်းကို ပြောင်းလဲ အေးဆေးသွားသော ချယ်ရီမောင်ကို ကြည့်ပြီး ကိုညိုဦး ခေါင်းကိုတွင်တွင်ခါပြီး

''ကိုယ်ကတော့ ချယ့်ကို လုံးဝမစွန့်လွှတ်နိုင်ဘူးကွာ''

''ရှင် ကျွန်မနားမှာ တွယ်ကပ်နေလို့ ရှင့်အသက်တွေပိုကြီးသွားရုံပဲရှိမယ်၊ ဒီတော့ ကျွန်မထက်သာတဲ့ မိန်းကလေးတွေထဲက တစ်ယောက်ကို ရွေးချယ်ပြီး လက်ထပ်လိုက်ပါတော့''

''ကိုယ့်အတွက်တော့ ဘယ်မိန်းမမှ ချယ်ရီ့ထက် မသာဘူး။ ကိုယ် လက်ထပ်ချင်တာ မိန်းမမဟုတ်ဘူး။ ချယ်ရီ့ကို လက်ထပ်ချင်တာ ချယ်ရီ့ကို ကိုယ်ချစ်တယ်၊ အဲဒီအတွက်ကြောင့် ချယ်ရီ ခြေတစ်လှမ်းနောက်ဆုတ်တိုင်း ကိုယ် မဆုတ်နိုင်ဘူး၊ ကိုယ်စွဲလမ်းတာ အပြုအစု အယုအယကောင်းတဲ့ ချယ်ရီမောင်မောင့်ကိုပါ''

ဖွဲကြီးလွန်းသော ကိုညိုဦးကို ဒီထက်ပိုပြီး ဘာစကားမှပြောစရာမရှိတော့၍ ချယ်ရီမောင် ထိုင်ရာမှ ထရပ်လိုက်သည်။

''ကဲ ချယ်ရီ သွားတော့မယ် ကိုညိုဦး၊ သားသမီးတွေ အိမ်ပြန်လာလို့ ချယ်ရီ့ကိုမတွေ့ရင် သူတို့တစ်မျိုးထင်နေကြလိမ့်မယ်''

ချယ်ရီမောင် ကိုညိုဦးအနားမှ လှည့်ထွက်ခဲ့လိုက်သည်။ အားနာပေမယ့်လည်း ကိုယ့်ဆန္ဒကိုသာ ရှေ့တန်းတင်သော အတ္တကြီးသည့်





မိခင်တစ်ယောက်မဖြစ်လိုပါ။

ဦးညိုဦး ကျောခိုင်းထွက်သွားသော ချယ်ရီမောင့်ကျောပြင်ကို ငေးကြည့်ကျန်ခဲ့ပြီး သက်မမောတစ်ချက်ကို ခပ်ပြင်းပြင်းရှိုက်ထုတ်လိုက်သည်။

မင်းသားသမီးတွေ ငါ့ကို တစ်နေ့နေ့ တစ်ချိန်ချိန် လက်ခံလာစေရမယ် ချယ်ရီ၊ အဲဒီအချိန်ကို မင်းစောင့်နေလိုက်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"လေပြေ ဒီနေ့ ငါတို့ ရုပ်ရှင်သွားကြည့်ကြမလို့ နင် လိုက်မလား"

တက်ကြွနေသော သူငယ်ချင်းတွေကိုကြည့်ပြီး လေပြေပါ ရုပ်ရှင်ကြည့်ချင်သွားပေမယ့် တကယ်တမ်းတော့ အတန်းလစ်ပြီး မလိုက်ရဲ။ လေပြေ တစ်ချက်မှားတာနဲ့ မမ သူငယ်ချင်း ကျူတာမမတွေက မမဆီကို သတင်းလှမ်းပို့မှာ သေချာသည်။

"လိုက်တော့ လိုက်ချင်ပါတယ်ဟာ ဒါပေမဲ့ ငါလိုက်ရင် ငါ့အစ်မနဲ့တိုင်မယ့် မျက်လုံးတွေက အများကြီးဟ၊ ငါ အတန်းလစ်တာနဲ့ ငါ့အစ်မဆီ ချက်ချင်းသတင်းရောက်မှာ"

"ကျွတ် နင်ကလည်း သိပ်ပြီးကြောက်မနေစမ်းပါနဲ့ဟာ၊ မနက်ဖြန် မောင်မယ်သစ်လွင်ကြီးဆိုပွဲရှိတဲ့ဟာ အားလုံးကိုယ်စီအလုပ်ရှုပ်နေ





ကြလို့ နင့်ကို ဘယ်သူမှ မျက်လုံးဒေါက်ထောက် မကြည့်အားဘူး။ လိုက်မှာသာ လိုက်ခဲ့စမ်းပါဟာ"

သူငယ်ချင်းတွေ ဘယ်လောက်ပဲခေါ်ခေါ် လေပြေ တစ်ချက်ကလေးမှ စိတ်ယိုင်မသွား။ နောက်ဆုံးတော့ အားလုံး လက်လျှော့ကာ ရုပ်ရှင်ကြည့်ရန် အတန်းလစ်သွားကြတော့သည်။

အချိန်ကို မဖြုန်းတတ်သော လေပြေ စာကြည့်တိုက်ဘက်သို့ ထွက်လာခဲ့လိုက်၏။

"လေပြေ"

"ဟင် သတိုးဆွေ"

"စာကြည့်တိုက် သွားမလို့လား"

စာကြည့်တိုက်ရှိရာ လမ်းဘက်သို့ ချိုးကွေ့လျှောက်နေသော လေပြေဦးတည်ရာကို သတိုးဆွေ မှန်းဆပြီး မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် သတိုးဆွေ၊ သူငယ်ချင်းတွေက အတန်းလစ်ပြီး ရုပ်ရှင်သွားကြည့်ကြတော့ လေပြေလည်း ပျင်းတာနဲ့ စာကြည့်တိုက်ဘက် ထွက်လာတာလေ ဒါနဲ့ သတိုးဆွေရော စာကြည့်တိုက်သွားမလို့ပဲလား"

"ဟုတ်တယ် ဟိုအပတ်က ငှားထားတဲ့စာအုပ် သွားပြန်အပ်မလို့လေ"

နှစ်ယောက်သား စကားတပြောပြောဖြင့် စာကြည့်တိုက်ရှိရာသို့ လျှောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတလော ကိုသတိုးဘိုလ် အလုပ်တွေအရမ်းကြီးစားနေတယ် နော်၊ မမတောင် သူ့သူငယ်ချင်းကို သနားနေတယ်"

လေပြေ့စကားကြောင့် သတိုးဆွေ ပြုံးသည်။

"ဘာပြုံးတာလဲ သတိုးဆွေရဲ့"

"ကိုကို့ကို သနားမယ့်သူ ဒီလောကကြီးထဲမှာ ရှိပါသေးလား ဆိုပြီး ပြုံးမိလို့ပါ"

ထူးဆန်းသလိုရှိသော သတိုးဆွေစကားကြောင့် လေပြေ မျက်ခုံး လေးနှစ်ဖက် မြင့်တက်ကာ

"ဟင် သတိုးဆွေကရော ကိုယ့်အစ်ကို ခုလို ပင်ပန်းတာကို မသနားဘူးပေါ့ ဟုတ်လား"

"အဲလိုလည်း မဟုတ်ပါဘူး သနားချင်ပေမယ့် တစ်ခါတလေ သူ့လုပ်ရပ်တွေက တဖွတ်ထိုးတဲအားဆန်တော့ သနားမယ့်အစား ကရုဏာဒေါသောဖြစ်မိတာပါ၊ လေပြေလည်း ကိုယ်တို့မိသားစုအခြေ အနေနဲ့ ဘဝရပ်တည်မှုကို သိနေတာပဲ၊ အရာအားလုံးဟာ ကံစီမံရာပဲ၊ ကိုယ်ဖြစ်ချင်တာနဲ့ ဖြစ်နေတာဟာ တစ်ထပ်တည်းကျဖို့ သိပ်မလွယ်ကူ တာ လူ့သဘာဝပဲမဟုတ်လား"

အေးဆေးတည်ငြိမ်ပြီး ရင့်ကျက်ဟန်ရှိသော သတိုးဆွေသည် အစ်ကိုဖြစ်သူ သတိုးဘိုနှင့် ဆန့်ကျင်ဘက်စရိုက်တွေနှင့် ထူးခြားမှုရှိတာ ကိုတော့ လေပြေစိတ်ထဲ တိတ်တဆိတ် အသိအမှတ်ပြုမိသည်။





"ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ လေပြေနဲ့ မမညိုကို ကျေးဇူး အမှန်းတင်တယ်"

"ဟင် ဘာဖြစ်လို့လဲ"

"ဘယ်သူ့ကိုမှ လူမထင်တတ်တဲ့ ကိုကို့စရိုက်ဆိုးတွေဟာ မမညိုနဲ့တွေ့ရင် မာကျောခက်ထန်နေရာကနေ နူးညံ့သိမ်မွေ့လာတတ် လို့လေ"

ကြံဖန်ပြီး ကျေးဇူးတရား နားလည်နေသော သတိုးဆွေကို လေပြေ တစ်ချက်ဝေ့ကြည့်ပြီး မျက်လုံးချင်းဆုံလိုက်ကြသည်။

"ကျေးဇူးတင်တာ မမညိုကိုပဲတင်ရမှာလေ၊ လေပြေနဲ့ ဘာဆိုင် လို့လဲ"

"ဆိုင်တာပေါ့ မမညိုနဲ့ ကိုကိုတို့ သူငယ်ချင်းနှစ်ယောက်ကြား ထဲက သံယောဇဉ်တွေ ခိုင်မြဲကြသလို လေပြေကလည်း ကိုကို့ကို အစ်ကို တစ်ယောက်လို အားကိုးတကြီးနဲ့ ရိုရိုသေသေ ဆက်ဆံပေးလို့ပေါ့"

"ကျေးဇူးတင်စရာမရှိ ကြံဖန်ပြီး ကျေးဇူးတင်နေပြန်ပါပြီ၊ တကယ်ဆို လေပြေတို့ကပြန်ပြီး ကျေးဇူးတင်ရမှာပါ၊ မိန်းမသားတွေချည်း ပဲနေနေရတဲ့ လေပြေတို့ညီအစ်မတာဝန်တွေကို ကိုကိုသတိုးဘိုလ်က ဘာ အခွင့်အရေးမှမယူဘဲ ကိုယ်ကျိုးစွန့်စောင့်ရှောက် ကာကွယ်ပေးလို့ပါ"

သတိုးဆွေ ရယ်သည်။ ရယ်သံနှောသော အသံဖြင့်ပင်

"ကဲ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တွေ အပြန်အလှန်တင်နေကြတာနဲ့ စာကြည့်တိုက်လှေကားနဲ့ တိုက်မိတော့မယ်"

"အယ် ဟုတ်ပါရဲ့၊ စကားပြောကောင်းနေတာ စာကြည့်တိုက်ရှေ့ရောက်မှန်းမသိ ရောက်လာပြီ၊ လေပြေ ဝင်နှင့်လိုက်တော့မယ်နော်"

"လေပြေ"

သတိုးဆွေ၏ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

"ရှင်"

"မညီက ကိုကို့ကို အားကိုးသလို လေပြေကလည်း ကိုယ့်ကို အားကိုးလို့ရတယ်နော်"

ဘာရည်ရွယ်ချက်နဲ့ပြောသလဲဆိုတာ ဦးနှောက်မှတဆင့် ရင်ဘတ်ထဲထိပါ တိုးဝင်ခံစားလိုက်ရသော စိတ်လှုပ်ရှားခြင်းတွေကို သတိုးဆွေ မမြင်အောင် ဖုက်ရင်း

"ကိုသတိုးကို အားကိုးတာက အစ်ကိုတစ်ယောက်လို အားကိုးတာပါ၊ သတိုးဆွေကလည်း လေပြေ့အစ်ကို အသိအမှတ်ပြုပြီးသားမို့ အားကိုးပါတယ်လို့"

ပြောပြီး လေပြေ စာကြည့်တိုက်ထဲ လှစ်ခနဲ ဝင်ခဲ့လိုက်သည်။ ရင်ခုန်သံတွေကတော့ ရင်ဘတ်ထဲမှ ဝုန်းဒိုင်းကြဲ၍နေသည်။

သတိုးဆွေ ပြုံး၍ ရပ်ကြည့်ကျန်ခဲ့သည်။

■ ■ ■



## အခန်း (၆)

"ကိုကို မေမေ နေမကောင်းဘူး"

မနက် အိပ်ရာနိုးကတည်းက မေမေ အခန်းထဲက မထွက်သဖြင့် သတိုး စိတ်ထဲ ထင့်နေမိတာ ခုတော့ နေမကောင်းဘူးဟူသောသတင်းကို ညီမလေးက သယ်လာပေးသည်။

"ဟုတ်လား အခုရော ဘယ်လိုနေလဲ"

"အိပ်ရာထဲမှာ လှဲနေတယ်"

သတိုးဘိုလ် မိခင်အိပ်ခန်းထဲ ဝင်ခဲ့လိုက်သည်။

"အမေ နေမကောင်းဘူးဆို ဖျားတာလား"

အမေ့ နဖူးကိုစမ်းပြီး မေးလိုက်သည်။

"ကိုယ်တွေလက်တွေ ကိုက်ခဲရုံလေးပါ၊ ဆေးသောက်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



သက်သာသွားမှာပါ သားရယ်"

"ညနေမှ မသက်သာရင် ဆေးခန်းသွားလိုက်လေ အမေရော ရောဂါကို မွေးမထားပါနဲ့"

"အေးပါ"

"ဒါဆို သား အလုပ်သွားတော့မယ်"

"အေး အေး"

အမေ တစ်ဖက်သို့ လှည့်အိပ်သွားသည်။ အမေ့ပုံစံကြည့်ရတာ လူနေမကောင်းတာထက် စိတ်နေမကောင်းတာက ပိုနေပုံရသည်မို့ ဘာတွေ သောကဖြစ်နေလဲဟု မေးချင်ပေမယ့် မမေးမိအောင် စိတ်ကိုထိန်းပြီး အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

သင်းရန့် အခန်းအပြင်တွင် ရပ်စောင့်နေ၏။

"အမေ့မှာ သောကဖြစ်စရာ ဘာတွေများရှိနေလဲ ရန့်"

"ဟင့်အင်း မရှိပါဘူး ကိုကိုရဲ့"

"နင်က အမေနဲ့ အနီးကပ်နေတဲ့ သမီးဖြစ်ပြီး အမေ့အရိပ်အကဲကို မကြည့်တတ်ဘူး။ အသုံးကိုမကျနဲ့ သိလား"

ဆူငေါက်လိုက်သဖြင့် သင်းရန့် မျက်နှာလေး ငယ်သွားသည်။

"အဲဒါကြောင့် ဒီနေ့ ညီမလေး ကျောင်းမတက်ဘဲ အမေ့နားမှာနေမလို့ပေါ့ ကိုကိုသာ အလုပ်ကို ဖြောင့်အောင်သွားပါ"

မောင်နှမနှစ်ယောက် စကားပြောနေကြစဉ် အိမ်ရှေ့သို့ ကားတစ်စီးထိုးစိုက်လာသဖြင့် အိမ်ရှေ့သို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။





ကားပေါ်မှ ဦးညိုဦး စားသောက်စရာအချို့နှင့် လက်ဆောင်ပစ္စည်းထုပ်တွေ မနိုင့်တနိုင် သယ်ပြီး ပြုံးရွှင်စွာ ဆင်း၍လာသည်။

သတိုးဘိုလ် စိတ်ရှုပ်ထွေးနေရာမှ မျက်နှာသည် ချက်ချင်း သုန်မှုန်သွားပြီး တက်တစ်ချက် ခေါက်လိုက်သည်။

သင်းရန့် လန့်သွားပုံဖြင့်

"ကိုကို မေမေ နေမကောင်းလို့ သတင်းလာမေးတာနေမှာပါ စိတ်ကိုလျှော့လိုက်ပါ ကိုကိုရယ်"

"သားနဲ့သမီး မင်းတို့အမေရော"

ဦးညိုဦး၏မျက်နှာမှာ လိုအပ်တာထက်ပိုပြီး ပြုံးရွှင်နေသည်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

"မင်းအမေ နေမကောင်းဘူးလေ ဒါကြောင့် ဓါတ်ဆာလေး ဘာလေး လာဝယ်ပို့တာပါ"

ဆက်တီခုံပေါ်သို့ အထုပ်အပိုးတွေကိုချပြီး မျက်နှာချိုသွေးလိုက်သည်။

"မလိုပါဘူး အမေ့မှာ သားသမီးသုံးယောက်တောင် ရှိပါတယ် ခင်ဗျား လာစရာမလိုသလို ကျုပ်အမေနဲ့လည်း လာမပတ်သင့်ပါနဲ့တော့"

"သားကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဘာဖြစ်လို့ အခန်းထဲက ထွက်လာတာလဲ၊ ဒီလူကြီးနဲ့ အမေ ခုချိန်ထိ သံယောဇဉ် မပြတ်ကြသေးဘူးလား"

အခန်းထဲမှ ခပ်ယဲ့ယဲ့ ထွက်လာသော အမေ့ကို သတိုးဘိုလ် ဒေါသကြောင့် အော်ဟစ်လိုက်မိသည်။

ဒေါ်ချယ်ရီမောင် ဦးညိုဦးကို အားနာသောအကြည့်ဖြင့် ကြည့်ပြီး

"ပြန်ပါတော့ ကိုညိုရယ် ချယ်ရီ တောင်းပန်ပါတယ်"

"မဟုတ်သေးဘူး ချယ်ရယ်၊ မင်းသားက ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်မုန်းနေတာလဲ၊ ကိုယ် သူတို့အပေါ် ဘာအမှားတွေလုပ်မိလို့ ကိုယ့်အပေါ် အဲလောက်ထိ အမုန်းတွေပွားနေရတာလဲ၊ ကိုယ်မစဉ်းစားတတ်တော့ဘူး"

"ကျုပ်တို့ရဲ့ ဂုဏ်သိက္ခာအတွက် ခင်ဗျားကိုမုန်းတာလေ၊ အရင်က ကျုပ်အမေ လင်များချင်များခဲ့လိမ့်မယ် ဒါပေမဲ့ ခုချိန်မှာ အမေ လင်များစရာမလိုတော့ဘူး ကျုပ်တို့တွေ ကျုပ်အမေကို မပူမပင်ထားနိုင်သွားအောင် ကြိုးစားမယ်၊ ဒီအတွက် ကျုပ်အမေဘဝထဲ ခင်ဗျား ထပ်ဝင်လာဖို့ မလိုဘူး"

"ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ကြည့်ပြီးမှ ဦးလေးကို မင်းအမေအတွက် ငြင်းသင့်ရင် ငြင်းပါ၊ ခုချိန်မှာတော့ မာနတွေတလူလူ တက်နေမယ့်အစား မင်းအမေ စိတ်ချမ်းသာမှုကို ရှေးရှုသင့်တယ်"





"အဲဒါ ခင်ဗျားကိစ္စမဟုတ်ပါဘူး ကျုပ်တို့မိသားစုအရေးကိစ္စပါ"

ဦးညိုဦး မျက်နှာအနည်းငယ်တင်းမာသွားပြီး ဒေါ်ချယ်ရီမောင်ကို လှမ်းကြည့်ကာ

"ချယ် ကိုယ်တို့နှစ်ယောက်ရဲ့ပတ်သက်မှုကြောင့် ရလာတဲ့ အကျိုးဆက်ကို မင်းသားကို ပြောပြထားသင့်ပြီထင်တယ်ကွာ"

သတိုးဘိုလ် မိခင်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ဒေါ်ချယ်ရီမောင် ပျက်ယွင်းသွားသောမျက်နှာကို ဟန်ဆောင်ထိန်းရင်း

"ကိုညိုဦး၊ ပြန်ပါတော့ ကျွန်မ တောင်းပန်ပါတယ်ရှင်"

"ချယ် ခုချိန်ထိ ကိုယ့်ခံစားချက် ကိုယ့်စေတနာကို နားမလည်သေးဘူးပဲ၊ ပြန်မှာပါ၊ ခုပဲ ပြန်ပါတော့မယ်"

ဦးညိုဦး ချာခနဲ လှည့်ထွက်သွားသည်။

"ဟေ့ လူကြီး ခဏနေဦး"

မျှော်လင့်ချက်မျက်နှာဖြင့် ဦးညိုဦး သတိုးဘိုလ်ကို သမင်လည်ပြန်လှည့်ကြည့်သည်။

"ဟောဒီမှာ ခင်ဗျားပစ္စည်းတွေ ပြန်ယူသွားဦး"

စားပွဲပေါ်မှ လက်ဆောင်ပစ္စည်းထုပ်တွေကို လက်ညှိုးထိုးပြသည်။ ဘာမှပြန်မပြောလိုတော့သည့် စိတ်ရှုပ်သည်းခံခြင်းမျက်နှာဖြင့် ဦးညိုဦး စားပွဲပေါ်မှ အထုပ်အပိုးတွေကိုယူကာ အိမ်ပေါ်မှ ခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားသည်။

ဒေါ်ချယ်ရီမောင် အခန်းထဲသို့ ပြန်ဝင်သွားသည်။ သင်းရနံ့လည်း မျက်နှာမကောင်းစွာဖြင့် မီးခင်နောက်သို့ လိုက်သွားသည်။

ဧည့်ခန်းထဲတွင် သတိုးဘိုလ်တစ်ယောက်ထဲ ငူငူရပ်ပြီး ကျန်ခဲ့၏။

■ ■ ■



## အခန်း (၇)

“နင့်အမေ နေမကောင်းဖြစ်နေတာ ငါ့ကို ဘာလို့မပြောတာလဲ သတိုးရယ်၊ ငါ လာကြည့်ပေးမှာပေါ့”

“နင့်ကို ပြောချင်ပေမယ့် နင့်မှာလည်း ဆေးရုံပြေးလိုက် ဆေးခန်းပြေးလိုက်နဲ့ဆိုတော့ ငါလည်း မပြောတော့တာ နောက်ပြီး ငါ့အမေရောဂါက ကြီးကြီးမားမား မဟုတ်ပါဘူး”

“နင်ကသာ ကြီးကြီးမားမား မဟုတ်ပါဘူး ပြောနေတာ သတိုးဆွေကတော့ သူ့အမေ တရှောင်ရှောင်ဖြစ်နေတာ တစ်ပတ်လောက်ရှိပြီ ဘာမှလည်း မစားဘူး၊ စားသမျှလည်း ပြန်ပြန်အန်ထုတ်နေတယ်လို့ လေပြေ့ကို ပြောတယ်တဲ့”

“သူ့မှာ ငါတို့မသိနိုင်တဲ့ စိတ်ဖိစီးမှုတစ်ခုခု ရှိလို့နေမှာပေါ့ဟာ”

သတိုးဘိုလ် မျက်နှာမှာ နူးညံ့နေရာမှ အနည်းငယ်တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို နေမည်ီ သတိထားမိလိုက်သည်။

"နင့်မှာလည်း ရှိနေတယ်မဟုတ်လား သတိုးဘိုလ်"

"ဘာကိုလဲ ဘာမှမရှိဘူး"

ဆောင့်ကြွားကြွား လေသံဖြင့် ပြန်ဖြေသဖြင့် နေမည်ီ ပြုံးလိုက်ပြီး

"နင်နဲ့ငါနဲ့ သူငယ်ချင်းဖြစ်လာတာ ခုမှမဟုတ်ပါဘူး သူငယ်တန်းစတက်ကတည်းကပါ သတိုးရယ်၊ နင့်စိတ်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ငါ့ထက်ပိုသိတဲ့သူ နင့်အမေကလွဲပြီး ဒီကမ္ဘာမှာ ဘယ်သူရှိဦးမှာလဲ"

နေမည်ီ စကားကြောင့် သတိုးဘိုလ် နေမည်ီကို ဖျတ်ခနဲကြည့်လိုက်သည်။ ပြီးမှ တစ်စုံတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချလိုက်ပုံဖြင့်

"နင်က ငါ့ရင်ထဲမှာရှိနေတဲ့ အရောင်စုံတဲ့ခံစားချက်တွေကို ထွင်းဖောက်မြင်နေတယ်ဆိုတဲ့ သဘောလား"

"ဒါပေါ့"

မခိုးမခန့်ဟန်လေးဖြင့် ချစ်စဖွယ်ပြုံးကာ ပေါ့ပေါ့ပါးပါးလေး ဖြေလိုက်သော နေမည်ီကို သတိုးဘိုလ် မြတ်နိုးမှုတွေပါသော အကြည့်ဖြင့် ကြည့်လိုက်ပြီး

"အဲဒါဆို နင် ငါ့ကို ဘယ်လိုသဘောရလဲ"





"ဟင် ဘာလဲ ငါက ဘာကို သဘောရရမှာလဲ"

"နင်ပဲ ငါ့ရင်ထဲ ထွင်းဖောက်မြင်နေတယ်ဆို၊ အဲဒါဆိုရင် ငါ နင့်ကို ချစ်နေတဲ့အချစ်တွေ ငါ့ရင်ဘတ်ထဲမှာ ပြည့်ကျပ်ညပ်နေတာကို ဘယ်လိုဖြေရှင်းပေးရမလဲဆိုတဲ့အဖြေကို နင် သိရမှာပေါ့"

နေမည်ီမျက်နှာလေးမှာ ညနေခင်းနေရီရီအောက်တွင် ပန်းသွေးရောင်လှစ်ခနဲ ပြေးသွားသည်။

"လက်စသတ်တော့ နင်က ငါ့ကို ရည်းစားစကားပြောနေတာပဲ"

မပွင့်တပွင့် ပြောလာသော နေမည်ီ မျက်နှာပေါ်တွင် စိတ်ဆိုးသော အရိပ်အယောင်တွေ ရှိမနေ။ ရှက်ရွံ့ရိပ်တွေသာ ရိပ်ခနဲ ရိပ်ခနဲ တွေ့နေရသည်။

"ရည်းစားစကားပြောတယ်ဆိုတဲ့ စကားလုံး အသုံးအနှုန်းက ကလေးကလားဆန်ပါတယ်ဟာ၊ ငါ အခုပြောနေတာက ငါ့ရင်ထဲမှာ နင့်ကို ဘယ်လောက်နက်နက်နဲနဲ ချစ်သလဲဆိုတာကို နင့်ကိုသိစေချင်တာ၊ ပြီးတော့ နင့်ရင်ထဲမှာ ငါရှိနေသလားဆိုတာကို ငါသိချင်တယ်"

"ဟင်း ဖွတ်ပဲကွယ်"

"ငါက ခုမှ ဖွတ်တာမဟုတ်ပါဘူး၊ ငယ်ငယ်တည်းက ဖွတ်တာ နင်အသိဆုံးပါ၊ ငါလိုချင်တာရဖို့ဆိုရင် ငါက ရအောင်ယူတတ်တယ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်ဘူး၊ ဒီတော့ နင့်အချစ်တွေကို ငါ့ကိုပေး



www.burmeseclassic.com

www.burmeseclassic.com



ပေးမပေးပေး ငါက ရအောင်ယူရမှာပဲ''

"နင်က ဒဿဂီရိလား"

နေမည္ရီ ရယ်ရင်းမေးသည်။

"အဟဲ ငါ့အချစ်က ဒဿဂီရိအချစ်လောက်ကို စာမဖွဲ့ဘူးကွ၊ သူ့ထက်အဆပေါင်းများစွာပိုတယ်''

နေမည္ရီ မဲ့လိုက်သည်။ ပြီးနောက် နာရီကို ကြည့်ကာ

"နင့်ရဲ့အချစ်ဒဿနတွေက နားထောင်လို့တော့ကောင်းပါတယ်၊ ဒါပေမဲ့ ငါ ဂျူတီဝင်ဖို့အချိန်ကျပြီ ခုလို ဆေးရုံကို တကူးတက လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်''

ပြောပြောဆိုဆိုဖြင့် ကားတံခါးဖွင့်ပြီး ဆင်းလိုက်သည်။

"ငါက နင့်ဆီက ကျေးဇူးကို လိုချင်တာ မဟုတ်ဘူး၊ အချစ်ကို လိုချင်တာ ဆရာဝန်မကြီးရဲ့''

"ဟွန်း နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပဲမဟုတ်လား ကဲ သွားပြီ''

သတိုးကို တာ့တာပြပြီး နေမည္ရီ ဆေးရုံဝင်းထဲသို့ ဝင်သွားသည်။ လှပကျော့ရှင်းသော နေမည္ရီကိုကြည့်ပြီး သတိုးဘိုလ် တာ့တာ ပြန်ပြလိုက်ပြီး ကားကိုပြန်ကွေ့ပြီး မောင်းထွက်ခဲ့သည်။

ငါ့ရင်ထဲက အချစ်တွေကို နင်သိအောင် ရင်ဖွင့်ပြလိုက်ချင်တယ် နေမည္ရီရာ။ ဒါပေမဲ့ ငါ့လို လူရမ်းကားကောင်က နင်နဲ့မတန်မှန်း





တော့ ငါသိပါတယ်။ ငါဆိုတဲ့ကောင်ကလည်း ဟိုးငယ်ငယ်ကတည်းက ကိုယ်နဲ့မတန်တာတွေကိုမှ မက်မောမိတာကိုး။

■ ■ ■

"ဟာ အစ်ကို မလာတာတောင် ကြာပေါ့၊ ဘယ်ပျောက်နေတာတုန်း''

လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်း အညာသားလေး မိုးညို လှမ်း၍ နှုတ်ဆက်သည်။ နေမည္ရီကို ရင်ထဲက အချစ်တွေ ဖွင့်အန်ချလာ၍ ပီတိတွေဖြင့် ထုံမွှမ်းနေချိန်မို့ အညာသားလေးမိုးညိုကို လိုအပ်တာထက်ပိုပြီး ပြုံးရယ်ပြကာ

"ငါ အလုပ်တွေများနေလို့ပါကွာ မင်းလည်း မတွေ့တာကြာလို့ ထင်တယ်၊ ပိုပြီး ခန့်ညားလာသလိုပဲ ဟဲ ဟဲ မင်းလည်း အချစ်တွေ့နေပြီ ထင်တယ်''

သတိုးဘိုလ် စကားကြောင့် စားပွဲခုံကို အဝတ်ဖြင့်သုတ်ပေးနေသော အညာသားလေး တခွီးခွီးဖြင့်ရယ်ရင်း

"ကျွန်တော်ခန့်တာ အစ်ကိုမဲ့ပြုံး ပြုံးလို့ခန့်တာကို မဟုတ်ပါဘူးဗျာ၊ အစ်ကိုတို့ကမှ ပညာတတ်ရုပ်ချော စော်ကြည့်ရုပ်တွေ၊ ကျွန်တော့်လို စားပွဲထိုး အညာသားကို ဘယ်မိန်းကလေးက အရေးလုပ်မှာလဲဗျ''

"ဒါပေါ့ကွာ ရုပ်ချောတဲ့လူတွေက ဘယ်လိုအလွှာထဲက မိန်းကလေးဖြစ်ဖြစ် ရုပ်နဲ့ပြပြီး ချိုင်လို့ရတယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို သတိုးဘို ပြောခြင်းမဟုတ်။ တစ်ဖက်ဝိုင်းတွင် လက်ဖက်ရည်သောက်ရင်း စံတော်ချိန် သတင်းစာဖတ်နေသော ဦးထွန်းအောင်ဖော်က လှမ်းပြောခြင်းဖြစ်သည်။ ဆိုင်ထဲဝင်လာလာချင်း သတိမထားလိုက်မိသောကြောင့် ဘယ်သူပြောတာလဲဟူသော သိချင်စိတ်ဖြင့် ထောင်းခနဲ ထသွားသော ဒေါသနှင့်အတူ လှည့်ကြည့်လိုက်သည်။

ဦးထွန်းအောင်ဖော် ခနဲ့သော အပြုံးဖြင့်ကြည့်ပြီး

"ဘာလဲ စိတ်ထဲကနေ မှန်လိုက်တာဆိုပြီး ထောက်ခံနေတာလား၊ အဟက် မင်းတို့မိသားစုက အဲဒီအပိုင်းကတော့ စန်းရှိသားကွ၊ မင်းအမေကစပြီး မင်းညီမငယ်လေးအဆုံးပဲ ရုပ်ပြစားတဲ့ပညာရပ်ကတော့ မခေဘူး"

တမင်လာရိနေသော ဦးထွန်းအောင်ဖော်ကို မီးဝင်းဝင်းတောက်သော ဒေါသမျက်လုံးဖြင့် ကြည့်လိုက်ပြီး

"ခင်ဗျားလို ကြာကူလီရုပ်နဲ့ လာမယှဉ်နဲ့လေ၊ လူဆိုတာ ကိုယ့်အဆင့်ကိုယ်သိရတယ်၊ ကျုပ်အမေကို ဗိုလ်နိုင်လိုကျင့်ချင်ပေမယ့် ကျုပ်အမေက ခင်ဗျားကို နှီးကုန်းတဲ့စက္ကူတစ်ရွက်လောက်တောင် တန်ဖိုးမရှိသလို ဆက်ဆံတော့ မစားရအညှော်ခံအဖြစ်နဲ့ ဖိနပ်ချွတ်မှာ ထိုင်မျှော်နေရပြီပေါ့"

"ဘာကွ"

ဦးထွန်းအောင်ဖော် လက်ထဲမှ သတင်းစာကို ဆောင့်ခနဲချပြီး





ဒေါသတကြီး ဘာလိုက်သည်။

"ကျုပ်ပြောတာကို သဘောမပေါက်ဘူး ထင်တယ်၊ ခင်ဗျား တော်တော်ဝေးတာပဲ"

"မင်း ငါ့ကိုစော်ကားတာပဲ"

"စော်ကားတာမဟုတ်ဘူး ရှုတ်ချတာ ကျုပ်အမေကို ကြာခိုလို့မရတာနဲ့ စပျစ်သီးကို ချဉ်တယ်ပြောတဲ့ မြေခွေးလိုပုံစံမျိုး လာမချိုးနဲ့၊ နားကားသွားမယ်၊ သတိုးဘိုလ်ဆိုတဲ့ကောင်ရဲ့ဖကို သိတယ်ဆိုရင် ကိုယ့်နှုတ်သီးကိုယ်ဖြတ်ရိုက်ပြီး ချောင်ကောင်းကောင်းမှာ သွားခွေနေလိုက်ဟုတ်ပြီလား၊ ဘယ်ကောင်မှ သောက်ဂရုမစိုက်ဘူး ရှင်းတယ်နော်"

ဦးထွန်းအောင်ဖော် မည်းနေသော မျက်နှာကြီးမှာ ပို၍ မာထန်သွားပြီး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

သတိုးဘိုလ်တို့ကလည်း ဒါမျိုးဆို သွက်သည်။ ကိုယ်က လက်ဦးမှယူတတ်တာ မွေးရာပါအကျင့်မို့ ဘယ်အချိန်ကတည်းက ကျစ်ကျစ်ပါအောင် ဆုပ်ထားမိမှန်းမသိတဲ့ လက်သီးဖြင့် ခွပ်ခနဲမြည်အောင် ထိုးလိုက်သည်။

"အ"ခနဲ အသံနှင့်အတူ ဦးထွန်းအောင်ဖော်၏ခန္ဓာကိုယ် ဝဝကြီးမှာ နောက်ကိုဖင်ထိုင်လျက် ကျသွားသည်။

"ပိုင်းလုံးမရဲ့သားက ငါ့ကို ရာရာစစ စော်ကားရဲတယ်ပေါ့ ဟုတ်လား xx xx"



www.burmeseclassic.com

www.burmeseclassic.com



အယုတ္တ အနတ္တတွေ ဆဲပြီး မိခင်ကိုပါ ထိပါးလာသည့်မို့ သတိုးဘိုလ်၏ဒေါသတွေ အရှိန်မြင့်လာကာ ဒေါးတွင်ရှိနေသော ကျောက်သစ်သားထိုင်ခုံကိုယူကာ အားကုန်လွှဲရိုက်လိုက်သည်။

"ကဲကွာ သေစမ်း"

"ခွပ်"

"အား"

"ဟာ ဆော်ကုန်ကြပြီဟေ့"

"လုပ်ပါဦး ဦးထွန်းအောင်ဇော် ခေါင်းမှာသွေးတွေ ထွက်ကျလာပြီ"

လက်ဖက်ရည်ဆိုင်ထဲမှ အခြေအနေကို စပ်စုအကဲခတ်နားထောင်နေသော ပရိသတ်တွေအားလုံး ရှုပ်လှုပ်ရှားရှား ဖြစ်ကုန်ပြီး ခေါင်းမှ သွေးတွေဖြာထွက်ကျနေသော ဦးထွန်းအောင်ဇော်နားကို ဝိုင်းအုံလာကြပြီး ကိုယ့်အဖေအရွယ်လောက်ကြီးကို ကိုယ်ထိလက်ရောက် ကျူးလွန်ရလားဆိုပြီး အပြစ်ပြောသူတွေက ပြောကြသည်။

စခန်းကို ဖုန်းဆက်ဟု ဝိုင်းမြှောက်ပေးသူက မြှောက်ပေးကြသည်။ ထိုသို့ မြှောက်တိုင်း သတိုးကို နည်းနည်းလေးမှ ကြောက်ရွံ့မသွားဘဲ ပို၍ပင် ကျားတစ်ကောင်လိုဟိန်းပြလိုက်သည်။

"ရဲစခန်းကိုဆက်ကြလေ ငါက ယောကျ်ား လုပ်ရဲရင် ခံရဲတယ်။ ငါ့အမေကို စော်ကားလို့ အပြစ်ပေးရတာမို့ ထောင်ကျလည်း တန်တယ်





ဗျ ဘယ်သူ့ကိုမှ သောက်ဂရုမစိုက်ဘူး၊ ဗလတ္တိရှိတဲ့ကောင် လာယှဉ်ကြ"

လက်မတွန့် သူရဲကောင်းတစ်ယောက်လို ရင်ကိုကော့ပြီး စိန်ခေါ်လိုက်သည်။

အားလုံး ဘာမှမပြောရဲကြဘဲ လက်ဖက်ရည်ဆိုင်ထဲမှ ထထွက်သွားသူကသွား စားစရာရှိသူက ကိုယ်နှင့်မဆိုင်သလို ဆက်စားနေကြသည်။

"အစ်ကိုကြီး စိတ်ကိုလျှော့ပါ အစ်ကိုရာ၊ အစ်ကို မလွန်ဘူးဆိုတာ ကျွန်တော်တို့ သိသလို ဒီဘဲကြီးက အစ်ကို့ကို ဘလိုင်းကြီးလာဖောင်းထတာလည်း အားလုံးအမြင်ပါ၊ သူက မူးနေတော့ ခွင့်လွှတ်လိုက်ပါဗျာ"

မိုးညိုက ဒေါသထွက်နေသော သတိုးကို လာ၍ဖျောင်းဖျသည်။

"မိုးညို ရဲစခန်းကို ဖုန်းဆက်လိုက်"

"ဗျာ"

ခေါင်းမှသွေးတွေဖြင့် နာကျင်စွာ ညည်းတွားရင်း ကုန်းထနေသော ဦးထွန်းအောင်ဇော်ကို တစ်လှည့် ဒေါသဖြင့် မှုန်ကုပ်နေသော သတိုးကိုတစ်လှည့်ကြည့်ရင်း ဗျာလိုက်သော မိုးညိုကို ရှုတည်တည်ဖြင့် ကြည့်ပြီး

"မဗျာနဲ့ ငါ သူ့ကို ရိုက်တာ လက်လွန်သွားမှတော့ ငါကိုယ်တိုင် အဖမ်းခံရမှာပေါ့၊ ငါဘယ်တော့မှ ရှောင်မပြေးဘူး၊ ရှင်းလား၊ ငါ့သွေးက ရဲသလို လုပ်ရဲရင်ခံရဲတဲ့သတ္တိကလည်း ငါ့မှာအပြည့်ပဲကွ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မင်းကိုယ်တိုင် စခန်းကို ဖုန်းဆက်ပြီး တိုင်လိုက်''

မိုးညို့ ခေါင်းခါခါ လက်ခါခါဖြင့်

''ဟာ ကျွန်တော်က ဘာလို့ တိုင်ရမှာလဲ အစ်ကိုရာ၊ မဟုတ်တာ ညီအစ်ကိုလို ခင်နေတဲ့ အစ်ကို့ကို ကျွန်တော် အချုပ်ကျစေချင်ပါ့မလား၊ အစ်ကို လစ်လိုက်တော့ သူ့ကို ကျွန်တော် တောင်းပန်လိုက်မယ်ဗျာ''

''မလိုဘူး ဒီကောင်ကြီးကို တောင်းပန်စရာမလိုဘူး''

''အား ကျွတ် ကျွတ် ကျွတ် ဟော့ကောင် မင်းကို ငါကိုယ်တိုင် စခန်းကို တိုင်မယ်ကွ၊ လူကြီးကို လူကြီးမှန်းမသိ မိုက်ရိုင်းစော်ကားတဲ့ကောင်''

ဦးထွန်းအောင်ဇော် ခေါင်းမှသွေးတွေ စီးကျလာသည်ကို ပုဆိုးဖြင့်သုတ်ကာ ခံရခက်သော လေသံဖြင့် အမှုဖွင့်ရန်ပြောသည်။

''ဒီမှာ ဟော့လူကြီး ကျုပ် တရားခံဖြစ်ပေမယ့် တရားလိုကလည်း ကျုပ်ပဲ ဖြစ်ရမယ်၊ ဒီတော့ ခင်ဗျားစခန်းမှာ အမှုသွားမဖွင့်ခင် ကျုပ်ကိုယ်တိုင်သွားအဖမ်းခံမယ် ရှင်းလား ထွီ ကြာကူလီကောင်ကြီး''

သတိုးဘိုလ် တံတွေးကို ထွီခနဲထွေး ဦးထွန်းအောင်ဇော်ကို ပျစ်ပျစ်နှစ်နှစ်ပြောပြီး လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ခဲ့လိုက်သည်။

■ ■ ■



## အခန်း (၈)

''ရှင်ပြန်ပါတော့ ကိုညိုဦးရယ်၊ ကျွန်မ တောင်းပန်ပါတယ်''

ဒေါ်ချယ်ရီမောင် ကိုညိုဦး ရင်ခွင်ထဲမှ အတင်းရုန်းထွက်ပြီး နှင်လွှတ်သည်။

''ကိုယ့်ကို မနှင်ပါနဲ့ဦး မင်းသား သမီးတွေ မရှိတုန်းတွေ့ရတာမို့ပါကွာ''

''ကျွန်မက အမေတစ်ယောက်လုပ်နေပြီး သားသမီးတွေကွယ်ရာမှာ ချစ်သူနဲ့ချိန်းတွေ့နေရတဲ့အဖြစ်က ကိုယ့်လိပ်ပြာကိုယ်မလုံ ဖြစ်နေတယ်''

''စာအုပ်ကြီးအတိုင်းတွေ လုပ်မနေပါနဲ့ ချယ်ရီရယ်၊ ကိုယ်တို့က ချစ်သူတွေမှ မဟုတ်ကြတာ၊ လင်မယားအဆင့်ကိုရောက်နေကြပြီး အဲဒါကို မင်းသားလည်း သိနေတာပဲ၊ ဒါကြောင့် ငါတို့ နောက်မဆုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်တိုးရုံပဲရှိတော့မှာပေါ့"

ဒီအသက်အရွယ်မှာ ဆန္ဒထက် ဘဝကို ပိုဦးစားပေးရမယ့် အချိန်မို့ နှစ်ခုထဲက တစ်ခုကို ရွေးချယ်ခွင့်ပေးမယ်ဆိုရင် ကိုညိုဦးကို လက်တွဲဖြုတ်ပြီး သားသမီးတွေကိုပဲ ရွေးချယ်ရမည့်အခြေအနေတစ်ခုပါ။

"ခက်တယ် ကိုညိုဦးရယ် ခုချိန်မှာ ချယ်ရီ့ကို နားလည်ခွင့် လွှတ်ပေးပါဆိုတဲ့ တောင်းပန်စကားကလွဲပြီး ချယ်ရီ့မှာ ပြောစရာစကား မရှိတော့ပါဘူး"

"အမေရေ အမေ"

အိမ်ခြံထဲ ဝင်ပြေးလာရင်း အမောတကော အော်ခေါ်နေသော သင်းရနံ့ကြောင့် ဧည့်ခန်းထဲတွင် ထိုင်နေကြသော ဒေါ်ချယ်ရီမောင်နှင့် ဦးညိုဦး အိမ်ပေါက်ဝကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ကျူရှင်မှ ပြန်လာသော သင်းရနံ့ လွယ်အိတ်ကို ဘုတ်ခနဲ ချကာ

"အမေ ကိုကြီး စခန်းမှာ အဖမ်းခံနေရတယ်တဲ့"

"ဟင်"

ဒေါ်ချယ်ရီမောင် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး

"သား သားကြီးက ဘာလို့ အဖမ်းခံနေရတာလဲ"

ကြားရသည့် သတင်းစကားတွေက လူကို မူးခနဲ မိုက်ခနဲ ဖြစ်သွားစေသည်မို့ ရပ်နေသော ခြေအစုံ ယိုင်နဲ့သွားသည်။ ဦးညိုဦးက





ဘေးမှအသာထိန်းကာ

"ချယ် စိတ်ကိုထိန်းဦးလေ သားကြီး ဘာကြောင့်ဖြစ်ကြတယ်ဆို တဲ့အခြေအနေပေါ်မူတည်ပြီး အမှုက ဆုံးဖြတ်လို့ရမှာပေါ့။ ကိုယ်တို့ စခန်းကို လိုက်သွားကြရအောင်၊ အာမခံနဲ့ ထုတ်လို့ရရင်လည်း ထုတ် လိုက်ကြတာပေါ့"

တကယ်တမ်းကျတော့ ဦးညိုဦးပင် မနေနိုင်။ သတိုးဆိုလ် အတွက် ပျာပျာသလဲဖြင့် စိုးရိမ်ပေးနေသည်ကို သင်းရနံ့ သတိထားမိ လိုက်သည်။

မောင်နှမသုံးယောက်ထဲတွင် ကိုလတ်နှင့်သင်းရနံ့က မေမေ အိမ်ထောင်ထပ်ပြုမှာကို လိုလားဟန်မပြသလို ကန့်ကွက်ခြင်းလည်းမရှိ ကိုယ့်ပညာရေးပဲကိုယ် အာရုံစိုက်နေကြသူများ ဖြစ်သည်။

"နင့်ကိုလတ်ဆီကိုရော ဖုန်းဆက်ပြီးပြီလား"

"မဆက်ရသေးဘူး မေမေ၊ ခုမှဆက်မှာ"

"အေး အေး အမေတို့ ခုပဲ စခန်းကို လိုက်သွားကြရအောင် ကိုညိုဦးက စခန်းရှေ့ကိုပဲ လိုက်ခဲ့ပေးပါ၊ အထဲထိ လိုက်မဝင်ပါနဲ့တော့ သားအတွက် တစ်ပူပေါ်နှစ်ပူဆင့်မှာမို့လို့ပေါ့"

တောင်းပန်သောအကြည့်ဖြင့် သားဆန္ဒကိုသာ ဦးစားပေးအမြဲ ဖြစ်သော ဒေါ်ချယ်ရီမောင်ကို ဦးညိုဦး အပြစ်မတင်ရက်တော့။

"ကိုယ် နားလည်ပါတယ် ချယ်ရီ၊ စခန်းမှူးနဲ့တွေ့ပြီး လုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထိုက်တာကို လုပ်ပေးပြီးတာနဲ့ ကိုယ် ပြန်မှာပါ''

တစ်ယောက်ကိုတစ်ယောက် နားလည်မှုယူပြီး အိမ်ရှေ့တွင် ရပ်ထားသော ဦးညိုဦးကားဆီသို့ စိုးရိမ်ပူပန်ခြင်းသောကခြေလှမ်းတွေဖြင့် လျှောက်လာခဲ့လိုက်ကြသည်။

■ ■ ■

ဆေးရုံမှပြန်လာလာချင်း အိမ်ပေါက်ဝမှ ဆီးကြိုပြောလိုက်သော လေပြေ့စကားကြောင့် ရင်ထဲမောရှု၍ သွားသည်။

''သတိုးက စခန်းမှာ သူကိုယ်တိုင် သွားအဖမ်းခံတယ် ဟုတ်လား လေပြေ''

''ရပ်ကွက်ထဲမှာတော့ အဲသလို ကြားတာပဲ မမရဲ့ သူ့အမေနဲ့ ပတ်သက်ပြီး အရိုခံရလို့ ဒေါသမထိန်းနိုင်တာနဲ့ ခြေလွန်လက်လွန်ဖြစ်သွားတာတဲ့၊ ဟိုတက်ကလူက ခေါင်းတော်တော်ကွဲသွားတယ်ဆိုလားပဲ''

လေပြေကလည်း သူကြားခဲ့သမျှကို စီကာပတ်ကုံး ပြောပြရှာသည်။ နေမည်ိုမှာလည်း လက်ထဲမှ ဂျူတီကုတ်နှင့် လက်ကိုင်အိတ်ကိုပင် မချနိုင်ဘဲ စိတ်မောစွာ နားထောင်နေရင်း မျက်နှာကမကောင်း။

တဖွတ်ထိုး တဖောက်ကန်းနိုင်သော စိတ်က သတိုးဘိုလ်ကို ဘယ်အချိန်ထိ ခုလို ဒုက္ခတွေပေးနေဦးမလဲ မသိ။

''အဲဒီကောင်လေးက ဒေါသကို အမြဲ ဦးစားပေးတာကိုး သမီးရဲ့၊ သူ့ဒေါသက သူ့ဘဝကို အရောင်ဆိုးနေတယ်ဆိုတာ သူက နား





မလည်တော့လည်း အခက်သားပါလား''

လက်ဖက်ပန်းကန်ကိုင်ပြီး အခန်းထဲမှ ထွက်လာသော ကြီးမေကပါ သတိုးဘိုလ်ကို အားမလိုအားမရ ဖြစ်ပြီး ဝေဖန်သည်။

''ဒါပေမဲ့ စိတ်ရင်းတော့ ကောင်းရှာပါတယ်လေ၊ သူ့အမေရဲ့ အကျိုးပေးမကောင်းရှာတဲ့ဘဝပေး အခြေအနေကြောင့် သူ ကျင်လည်ရာ ပတ်ဝန်းကျင်အလယ်မှာ တဖွတ်ထိုး တဖောက်ကန်းလေး ဖြစ်နေရရှာတာပါ''

သတိုးဘိုလ်နှင့်ပတ်သက်လျှင် သတိုးကို ဘယ်လောက်အများတွေပြုမှုတတ်နေပါစေ ဟိုးငယ်စဉ်ကလေးဘဝကတည်းက ကြီးမေကအကောင်းမြင်ပေးတတ်ခဲ့သူပါ။

''အခုရော ဘယ်စခန်းမှာလဲ''

''ဒီအပိုင်ရဲ့စခန်းမှာပဲလေ သူ့အမေနဲ့ ခုလက်ရှိငြိနေတဲ့ ဦးညိုဦးကြီးက စခန်းမှူးနဲ့ခင်ညီတာ့တော့ စီမံချက်ကာလမို့ ကာယကံရှင်က မကျေအေးပေးရင် အမှုပိတ်လို့မရဘူးလို့ ပြောတယ်''

''ဒုက္ခပါပဲမှာယ် မပြောကောင်းမဆိုကောင်း ရဲဘက်တွေဘာတွေ ပါသွားရင် ဘယ်လိုလုပ်မလဲ မသိပါဘူး''

နေမည်ို စိတ်တွေ သတိုးအတွက် ဂနာမငြိမ်ဖြစ်ရပြန်သည်။ ဘယ်တော့များမှ သတိုးအတွက် မပူပင်ရပဲ နေရမှာပါလိမ့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



နေမည္သြ အိမ်ပေါ်တက်လာတာ မြင်သည်နှင့် ဒေါ်ချယ်ရီမောင် တရှုံ့ရှုံ့ဖြင့် ငိုတော့သည်။

"သမီး သူငယ်ချင်းတော့ အချုပ်ထဲရောက်နေရှာပြီကွယ်"

"ဟုတ်ကဲ့ သမီးလည်း ဒီသတင်းကြားလို့ လာတာပါ၊ အခု သူ့အခြေအနေ ဘယ်လိုနေလဲ အန်တီ"

ဒေါ်ချယ်ရီမောင် မျက်ရည်တွေကို သိမ်းသုတ်ရင်း

"ရမန်ကြီးတစ်ပတ် ပြန်ချိန်းလိုက်တယ်လေ အဲဒါတွေအားလုံး ဟာ အန်တီ့ကြောင့် ဖြစ်ရတာပါကွယ်၊ အန်တီသာ ဟိုးအရင်ကတည်းက ယောက်ျားတွေနဲ့မပတ်သက်ခဲ့မိရင် ခုလိုမျိုး ပြဿနာတွေကို ရင်ဆိုင်ရ မှာ မဟုတ်ဘူး၊ အန်တီ့ကို အမေတော်ရတဲ့ သားသမီးတွေ ကံဆိုးရှာ တယ်"

သူ့ကိုယ်သူ အပြစ်တင်နေသော ဒေါ်ချယ်ရီကိုကြည့်ပြီး နေမည္သြ ဘယ်လိုစကားလုံးမျိုးတွေနှင့် နှစ်သိမ့်ပေးရမှန်းပင် မသိတော့။

"အန်တီရော နေကောင်းရဲ့လား၊ မျက်နှာက ဖြူဖတ်ဖြူလျော် နဲ့"

"နေမကောင်းပါဘူးကွယ် ခုရက်ပိုင်းတွေမှာ အစားအသောက် တွေကလည်းပျက် လူက မူးနောက်နောက်နဲ့ အိပ်ရာထဲပဲ ခွေချင်နေ တယ်"

"အာဟာရဖြစ်မယ့်ဟာတွေကို များများစားပေါ့ အန်တီရယ်၊





အစားအသောက်ပျက်ရင်လည်း သွေးပေါင်တွေ ဘာတွေကျတတ်တယ်၊ နောက်ပြီး စိတ်သောကဖြစ်စေမယ့်အကြောင်းအရာတွေကို အတတ်နိုင် ဆုံး မေ့ထားပါ"

ဆရာဝန်ပီပီ ကျန်းမာရေးအသိပညာပေးတာတွေဖြင့် အားပေး နှစ်သိမ့်လိုက်သည်။ မျက်ကွင်းတွေ ညိုနေသော ဒေါ်ချယ်ရီမောင်ကို ကြည့်ပြီး နေမည္သြ့ရင်ထဲ သံသယတစ်ခု ထင်ဟပ်သွားသည်။

အန်တီ့ကိုကြိုတုန်း စမ်းသပ်ပေးသွားဦးမှပဲ။ ဆေးခန်းထိုင်ပြီး ပြန်လာသောကြောင့် ဆေးအိတ်က အဆင်သင့်မို့ သွေးပေါင်ချိန်ပြီး လိုအပ်တာတွေကို ညွှန်ကြားပြီး ဆေးအချို့ပေးပြီး သွေးစစ် ဆီးစစ်ရန် ဆေးရုံကိုလာခဲ့ဖို့ ခေါ်လိုက်သည်။

"အန်တီ့ရောဂါက သွေးစစ် ဆီးစစ်ရလောက်အောင် ထုထည် ကြီးမယ့်အရေး မြင်လို့လားကွယ်"

"စစ်ကြည့်ကာတော့ မမှားပါဘူး အန်တီရယ်၊ သမီး ဆေးစာ ရေးပေးထားခဲ့မယ်၊ ဆေးရုံမှာ လာစစ်လိုက်ပါ"

"အေးပါကွယ် အန်တီ လာစစ်လိုက်ပါမယ်"

ဆရာဝန်တစ်ယောက်၏ညွှန်ကြားချက်မို့ မဖြစ်မနေ စစ်ရတော့ မှာပင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ရှင့်ဒဏ်ရာ ဘယ်လိုနေလဲ ဦးထွန်းအောင်ဇော်"

ခေါင်းတွင် ပတ်တီးအဖွေးသား စည်းထားသော ဦးထွန်းအောင်ဇော်ကို ဝတ္တရားဆန်စွာ မေးလိုက်သည်။

"သိပ်မသက်သာသေးဘူး မင်းသားက တော်တော်လက်သံပြောင်တာပဲ၊ မင်းအတိုင်းပါလား"

အမြဲတမ်းခန့်နေသော ဦးထွန်းအောင်ဇော်ကို သားတင်မဟုတ့် ဒေါ်ချယ်ရီပါ လုံးဝကြည့်မရတာ အမှန်ပင်။

"ကဲပါ ပြီးခဲ့တာတွေကို ပြန်ပြောမနေပါနဲ့တော့၊ အခု ကျွန်မလာတာ ရှင့်ကို တောင်းပန်ဖို့"

ထိုစကားကြောင့် ဦးထွန်းအောင်ဇော် ပြိတ်တီမျက်နှာပေးဖြင့် ပြုံးကြည့်ကာ

"ဘယ်လို တောင်းပန်မှာလဲ အဟဲ တောင်းပန်မယ်ဆိုရင်လည်း ကျေနပ်အောင် တောင်းပန်ရမှာနော်"





အခွင့်အရေး ယူလိုဟန်တွေ အပြည့်ပါနေသော ဦးထွန်းအောင်ဇော်၏မျက်နှာကိုကြည့်ပြီး ဒေါ်ချယ်ရီမောင် အော်ဂလီဆန်မိသည်။

"ကျွန်မသားက စိတ်အရမ်းဆတ်တဲ့ ကလေးပါ၊ သူ့ကိုမခံချင်တဲ့စကားတွေသွားပြောလို့ ခုလိုဖြစ်ရတာမို့ နောက်နောင် သူနဲ့ဆုံကြရင် မလိုအပ်တဲ့စကားတွေနဲ့ သူ့ဒေါသကို မနှိုးဆွပါနဲ့လို့ ပြောချင်တယ်၊ နောက်ပြီး ရှင် ခုလို ထိပ်ပေါက်ခေါင်းကွဲဖြစ်အောင် လုပ်မိတဲ့ သူ့ကိုယ်သူလည်း စခန်းမှာ ကိုယ်တိုင်သွားဝန်ခံတဲ့ကလေးမျိုးပါ၊ ဒါကြောင့် ရှင်က အမှုပိတ်ပေးဖို့ ကျွန်မဘက်က တောင်းပန်ပါတယ်"

"လူငယ်တစ်ယောက်ရဲ့အစော်ကားကို လူပုံအလယ်မှာ ခံရတာတို ကိုယ်က ခွင့်လွှတ်ရမယ် ဟုတ်လား ချယ်ရီ"

"အဲဒီအတွက် တောင်းပန်ပြီးပြီလေ သူက ကျွန်မသားမို့ သားကိုယ်စား ကျွန်မ လာတောင်းပန်တာပဲ"

ဦးထွန်းအောင်ဇော် မခိုးမခန့် ရယ်သည်။ ရယ်ရင်းဖြင့် လှုပဆဲနေပြီဆဲ။ ဒေါ်ချယ်ရီမောင်ကို တစ်ကိုယ်လုံး သိမ်းကျုံးကြည့်ပစ်လိုက်ပြီး

"ခွင့်လွှတ်တယ်ဆိုတာ စိတ်ကျေနပ်မှုရှိမှ လုပ်လို့ရတဲ့ကိစ္စမျိုးပဲ ဒီတော့ ကိုယ်စိတ်ကျေနပ်အောင် ချယ်ရီ ဘာလုပ်ပေးရမလဲ"

ထိုမေးခွန်းကြောင့် ဒေါ်ချယ်ရီမောင် လန့်သွားကာ ဦးထွန်းအောင်ဇော်ကို စက်ဆုပ်သောအကြည့်ဖြင့် ကြည့်ပြီး

"ကျွန်မက ဘာလုပ်ပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ပြုစုရမှာပေါ့"

"ဟင်"

"ဟုတ်တယ်လေ ကိုယ့်မှာက ဒဏ်ရာကြီးနဲ့ အိမ်မှာလှဲရှိတာ မဟုတ်ဘူး၊ ဒါကြောင့် ချယ်ရီက ကိုယ့်ကိုနေ့တိုင်း စားဖို့သောက်ဖို့နဲ့ အစစအရာရာ လိုလေသေးမရှိလာပြီး ပြုစု"

"အို မဖြစ်နိုင်တာ"

ငြင်းဆန်မှုကြောင့် ဦးထွန်းအောင်ဖော် အောင်နိုင်သူတစ် ယောက်လို ပြုံးသည်။

"ရပါတယ် မဖြစ်နိုင်ရင်လည်း မင်းရဲ့သားကို အဲဒီအထဲမှာပဲ ဆက်နေခိုင်းလိုက်ပေါ့၊ မင်းတို့က ဒီကနေ လိုလေသေးမရှိပို့ပေး ကြာရင် သူ့ဟိုမှာ ပျော်သွားမှာပါကွ"

ထိုစကားကြောင့် ဒေါ်ချယ်ရီမောင် မျက်နှာမှာ ညှိုးလျော်သွား ပြန်သည်။ ကိုယ့်တက်က ဆက်ပြီး ခေါင်းမာနေလျှင် သားလေး ဟိုထဲမှာ ဒုက္ခရောက်တော့မည်။

ဒီလူယုတ်မာကို ဒဏ်ရာမပျောက်မချင်း လာပြီး ပြုစုလိုက်ရ တာက ဂုဏ်သိက္ခာလောက်ပဲ ထိခိုက်နိုင်သည်။ ဒါကလည်း ကိုယ်မှန်လျှင် ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလို။

"အင်းလေ ရှင့်ခေါင်းက ဒဏ်ရာမပျောက်မချင်း ကျွန်မ ရှင့် ကို လာပြီး ကူညီပေးပါ့မယ်"





"အာ ကိုယ့်ကိုကူညီရမှာမဟုတ်ဘူး၊ လာပြီး ကိုယ်ဖိရင်ဖိ ပြုစုရမှာ"

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ရှောင်တတ်လျှင် လွတ်တာမို့ မနက် ဖြန်ကစပြီး လာကူညီဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ရှင့်သဘောအတိုင်းမို့ ကျွန်မသားကို ဒီနေ့ ပဲ ကျေအေးပေးပါ"

"အိုကေ ဖြစ်ရမှာပေါ့၊ မင်းသာ ကတိတည်ပါစေ"

■ ■ ■

"အမေ ဘယ်ကပြန်လာတာလဲ"

ယိုင်နဲ့နေသော ခြေလှမ်းတွေနှင့်အတူ အိမ်ပေါ်ကို လှမ်းတက် လာသော ဒေါ်ချယ်ရီမောင်ကို သတိုးဆွေ လှမ်းမေးသည်။

"ဦးထွန်းအောင်ဖော်ကို နင့်အစ်ကိုအမှုအတွက် ကျေအေးပေး ဖို့ သွားပြောပြီးအပြန်မှာ ဆေးရုံမှာ သွေးတွေ ဆီးတွေသွားစစ်တာ"

ဖြူဖျော့နေသော အမေ့ကိုကြည့်ပြီး သတိုးဆွေ သနားမိသည်။ အမေ အခုတလော နေမကောင်းဖြစ်နေတာ သတိုးဆွေ သိပေမယ့် ကျောင်းတွေသင်တန်းတွေနှင့် အချိန်ကုန်နေ၍ အမေ့ကို ဂရုမစိုက်ဖြစ်။ ခုတောင် လေပြေက အမေ့အကြောင်းသတင်းမေး၍ အမေ အခြေအနေ ကို သေချာမပြောပြနိုင်ခဲ့။

"ဘာတဲ့လဲ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"သောကြာနေ့မှ သိရမှာပါ"

"ကိုကို့အခြေအနေကရော သားလည်း မရောက်ဖြစ်ဘူး ကိုကို ဟိုထဲမှာ အဆင်ပြေရဲ့လား"

မေးသာ မေးရသည် အချုပ်ကျနေတဲ့သူက ဘယ်လိုအဆင်ပြေနိုင်ပါ့မလဲ။

"အဆင်ပြေတယ်လည်း ဘယ်ဟုတ်ပါ့မလဲ သားငယ်ရယ်၊ ဒါပေမဲ့ သူကတော့ တစ်ချက်မညည်းဘူး၊ သူ့ဆီကို သူ့ညီတွေ ညီမတွေကို မလွှတ်ဖို့ပဲ ပြောတယ်၊ အမေက ဘာစားမလဲဆိုတော့ သူ ဘာမှ မစားချင်ဘူးတဲ့လေ၊ ဒါပေမဲ့ အမေ ခေါက်ဆွဲကြော်ဝယ်ပေးခဲ့တယ်"

အမေ့အသံက ပြောရင်း ငိုသံပါလာသည်။ ကျခါနီးဆဲဆဲ မျက်ရည်တွေကို ပုတ်ခတ်ပုတ်ခတ်လုပ်နေပြီး မငိုမိအောင် မနည်းထိန်းနေပုံရသည်။

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ အမေရာ"

"အမေ့ကြောင့် အမေ့သားကြီး အချုပ်ထဲရောက်နေတာကို အမေက စိတ်မကောင်းမဖြစ်ဘဲ နေလို့ရမလား သားရယ်"

"ဦးထွန်းအောင်ဖော်ဆီကို ကျွန်တော်သွားပြီး ကျေအေးပေးဖို့ ပြောမယ်"

တစ်ပူပေါ် နှစ်ပူမဆင့်လို၍ ဝိတ်ပင်လိုက်သည်။

"မသွားပါနဲ့ တော်ကြာ သားနဲ့တစ်ခါ ထပ်ငြိနေပါ့မယ်ကွယ်၊





သူကတော့ ပြောပါတယ်၊ ကျေအေးပေးပါ့မယ်တဲ့"

"အမေ သွားပြောပြီးပြီလား"

ဖြစ်ကြောင်းကုန်စင် ပြောပြမနေတော့ဘဲ ခေါင်းသာညိတ်ပြလိုက်သည်။

"ဒါဆိုရင် တော်သေးတာပေါ့၊ သူ့ဘက်က ကျေအေးပေးမယ်ဆိုရင် ကိုကို ဘယ်တော့လောက် လွှတ်မလဲ အမေ"

သတိုးဆွေ ခုမှပင် စိတ်ချမ်းသာသွားဟန်ဖြင့် ဝမ်းသာအားရ မေး၏။

"ဒီရက်ထဲတော့ လွှတ်မယ်ထင်တာပဲ"

သားကြီး အချုပ်ကလွှတ်အောင် ဦးထွန်းအောင်ဖော်ကို ဘယ်လိုပြန်ပေးဆပ်ရမယ်ဆိုတာကိုတော့ သားသမီးတွေ မသိစေလိုတော့ပါ။

ဘဝစကတည်းက မငြိမ်းနိုင်သော သောကထုထည်တွေက ခုချိန်ထိ ပါးလျှမိန်ဖျော့သွားခြင်း မရှိသေး။ ဘဝပေးကုသိုလ်ကံ နိမ့်ပါးသော မိခင်တစ်ယောက်အဖြစ် သားသမီးတွေအပေါ်မှာ ဂုဏ်တင့်ဂုဏ်မြင့်စေချင်ပါသော်လည်း ခုချိန်ထိ ဆုတောင်းမပြည့်နိုင်သေး။

မိခင်တစ်ယောက်၏ရင်ထဲက အပူသောက၊ သူတို့လေးတွေကို မသိစေချင်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ငါ့အစ်ကို အချုပ်ထဲက ထွက်လာမှ ပိုပြီးခန့်လာသလိုပဲ၊ ဒါတောင် ရက်နှစ်ဆယ်ထဲမို့"

အချုပ်မှ လွတ်လွတ်ချင်း လာကြိုသော သတိုးခွေ စကားကြောင့် သတိုးဘိုလ် စိတ်မသက်မသာ မဲ့လိုက်သည်။

"ဒါနဲ့ အမေရော"

"အမေ နေသိပ်မကောင်းလို့ ဆေးခန်းသွားတယ် ခုတစ်လော ဆေးခန်းနေ့တိုင်းသွားရတယ်"

"တော်တော်ဖြစ်နေလို့လား မင်းတို့ကရော ဂရုမစိုက်ဘူးလား"

"ကျွန်တော် အိမ်မှာရှိတဲ့အချိန်ကတော့ ဂရုစိုက်တာပေါ့၊ ဘာမှလည်း ဟုတ်တိပတ်တိ မစားဘူး၊ မမနေကတော့ ဆီးတွေ သွေးတွေ စစ်ခိုင်းတယ်"





"ဘာရောဂါတဲ့လဲ"

"အဖြေချက်ချင်း မထွက်သေးဘူးလေ"

ညီအစ်ကိုနှစ်ယောက် စကားတပြောပြောဖြင့် လမ်းလျှောက်လာကြသည်။

"လာ ကိုကို ကျွန်တော်တို့ကို လေပြေ စောင့်နေတယ်"

"ဟင် လေပြေက ဘာလို့စောင့်နေတာလဲ၊ ဘယ်မှာ စောင့်နေတာလဲ"

သတိုးဘိုလ်အမေးကြောင့် သတိုးခွေ ရယ်ကြဲကြဲအမူအရာဖြင့်

"ကော်ဖီဆိုင်မှာလေ အဟဲ သူနဲ့ကျွန်တော်က ချစ်သူတွေဖြစ်နေကြပြီ ကိုကိုရ"

"ဟေ မြန်လှချည်လားကွ ငါက သူ့အစ်မကို ချိန်တုန်းရှိသေးတယ်၊ မင်းတို့က ချစ်သူတွေတောင် ဖြစ်နေကြပြီပေါ့၊ ရှိုးမလိုလို့နဲ့ မင်းတကယ်လက်သွက်တာပဲ"

သတိုးခွေ တဟဲဟဲဖြင့် ရယ်သည်။

ကော်ဖီဆိုင်ရှေ့ရောက်တာနှင့် ဆိုင်ထဲတွင် ထိုင်စောင့်နေသော လေပြေကို ရှိုးတိုးရှန့်တန့်အမူအရာဖြင့် လှမ်းကြည့်ပြုံးပြနေသည်။

"ကိုသတိုးဘိုလ် လွတ်တာ မဖသိရင် ပျော်မှာ"

"ညည်းကရော မပျော်ဘူးလား"

"ပျော်ပါတယ် ကိုကိုသတိုးရဲ့၊ ဒါကြောင့် ကိုခွေနဲ့အတူ လိုက်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ဟုတ်ပါပြီ"

ခယ်မလောင်းလျာလေးမို့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆက်ဆံလိုက်သည်။

"ဒါနဲ့ မင်းတို့က ဘယ်တော့လောက် လက်ထပ်ကြမှာလဲ"

"အဝေးကြီး လိုပါသေးတယ် ကိုသတိုးဘိုလ်ရယ်၊ မမက ဘွဲ့ယူယူပြီးချင်း လက်ထပ်မှာကို သဘောကျမှာမဟုတ်ပါဘူး၊ နောက်ပြီး ကိုခွေလည်း ဘွဲ့ရပြီးတာနဲ့ မိသားစုကို ပြန်ရှာကျွေးဖို့ အချိန်တစ်ခုတော့ ပေးရဦးမှာပေါ့၊ ချက်ချင်းကြီး လက်ထပ်တဲ့ အခြေအနေကြီးကိုတော့ မဖြစ်စေချင်ပါဘူး"

လူငယ်တွေဖြစ်ပြီး သူတို့ဆန္ဒတွေကို ရှေ့တန်းသိပ်မတင်ဘဲ မိသားစုအတွက် ပြန်ကြည့်နေသောကြောင့် သတိုးဘိုလ် စိတ်ထဲမှ ကြိတ်ပြီး ကျေးဇူးတွေ တင်နေမိသည်။

မင်္ဂလာပွဲလုပ်ပေးနိုင်ဖို့အတွက် အရင်ကထက် နှစ်ဆပိုပြီး ကြိုးစားရဦးမည်ဟု ဘယ်သူမှ မသိအောင် တိတ်တိတ်လေး တာဝန်ယူလိုက်သည်။

အစ်ကိုကြီးတော့ အဖအရာဆိုသည့် စကားကို သတိုးဘိုလ် လက်ကိုင်ထားမိတာ ကြာပါပြီကော။

■ ■ ■

"အန်တီ့မှာ ကိုယ်ဝန်ရှိနေတယ်"





နေမညို့ထံမှ ကြားလိုက်ရသောစကားကြောင့် ဒေါ်ချယ်ရီမောင့် ခေါင်းကို မိုးကြိုးအကြိမ်ကြိမ် ပစ်ခွင်းလိုက်သလို ခံစားလိုက်ရသည်။

"ဘုရား ဘုရား ကျိန်းသေလို့လား သမီးရယ်"

"ကျိန်းသေပါတယ် အန်တီ၊ အဲဒီလိုထင်လို့ အန်တီ့ကို ညကဆီးစစ်နိုင်ကြည့်တာပါ"

"ဒီ ဒီအရွယ်ကြီးရောက်မှ ယောက်ျားမရှိဘဲ ကိုယ်ဝန်ရှိရမလား ဆိုပြီး ပတ်ဝန်းကျင်အလယ်မှာ အန်တီ့ကြောင့် အန်တီ့သားသမီးတွေ အရှက်ရကုန်ပါပြီ၊ သေသာသေလိုက်ချင်တော့တယ် သမီးရယ်"

ဒေါ်ချယ်ရီမောင် ကမ္ဘာပျက်သလို စိတ်တွေက ဆောက်တည်ရာမရတော့။

"မဖြစ်ဘူး မဖြစ်ဘူး ဒီကလေးကို မွေးလို့မဖြစ်ဘူး ဖျက်ချမှ ဖြစ်မယ်"

မလုပ်သင့် မလုပ်ထိုက်သော လုပ်ရပ်ကြောင့် နေမညို့ ခေါင်းတခါခါဖြင့်

"မလုပ်ပါနဲ့ အန်တီ၊ ဒါ ရာဇဝတ်မှုနော် ကိုယ့်ရင်သွေးဖြစ်မှတော့ အရာရာကိုရင်ဆိုင်လိုက်ပါတော့ ဒီကလေးရဲ့အဖေဟာ ဘယ်သူမှန်း အန်တီကိုယ်တိုင်သိမှတော့ သတိုးတို့မောင်နှမတွေကို ပွင့်ပွင့်လင်းလင်းပြောပြီး ကလေးအဖေနဲ့ လက်ထပ်လိုက်ပါ"

အဖြစ်သင့်ဆုံးနည်းလမ်းကို ရွေးချယ်အကြံပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တရှုံ့ရှုံ့ငိုနေသော ဒေါ်ချယ်ရီမောင် ကိုယ့်မိသားစုအကြောင်း ကိုယ်သာအသိဆုံးပါ။ သားသမီးတွေ လူပျိုကြီးစာရင်းဝင်တော့မှ မအော လုပ်သူက လင်ကောင်မပေါ်ဘဲ ကလေးမွေးရမယ့်အဖြစ်။ လူပုံအလယ်မှာ ဘယ်လောက် ရှက်ရှာလိမ့်မလဲ။

"အဲဒီလိုလုပ်ဖို့ မလွယ်ပါဘူး နေမညီရယ်၊ သားက လက်ခံမှာ မဟုတ်ဘူး။ သူတို့ခင်ဗျာ ဒီအမေကြောင့် လူလုံးမလှဖြစ်ကြရရှာတာ၊ တကယ်ဆို အန်တီ့သားသမီးတွေနဲ့ အန်တီဟာ မထိုက်တန်ပါဘူး၊ အန်တီဟာ အင်မတန်ယုတ်ညံ့တဲ့အမေပါကွယ်"

သူ့ကိုယ်သူ အပြစ်ပြောဆိုနေသော ဒေါ်ချယ်ရီမောင်ကိုကြည့်ပြီး နေမညို သက်ပြင်းဖျော့ဖျော့ ချလိုက်သည်။

ဘဝအကျိုးပေးမကောင်းလို့ ယောက်ျားတွေနှင့်မပတ်သက်ချင်ဘဲ ပတ်သက်ခဲ့ရတာကို နေမညို မသိပဲနေမလား။ သိသလို သနားလည်း သနားမိသည်။

သားသမီးသုံးယောက်စလုံး ပညာတတ် အမျိုးကောင်း သားသမီးတွေဖြစ်ဖို့အတွက် ဘဝကိုရင်းပြီး ပေးဆပ်ခဲ့ရတဲ့ အန်တီ့လို မိခင်မျိုးကို နေမညို စိတ်ထဲမှာ ဘယ်တုန်းကမှ အထင်သေးစိတ်မဖြစ်ပေါ်မိပါ။

"ဘာပဲဖြစ်ဖြစ် ဒီကလေးကိုတော့ မဖျက်ဆီးပစ်ပါနဲ့ အန်တီရယ်၊ ညို တောင်းပန်ပါတယ်၊ ခုချိန်မှာ အန်တီ ဘာကိုမှ အရှည်ကြီး မစဉ်းစားပါနဲ့၊ ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ စဉ်းစားပါ"





ဒေါ်ချယ်ရီ ဆောက်တည်ရာမရစွာဖြင့် ငိုသည်။ ငိုနေရင်းမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

"ဒီကိစ္စကို သားသမီးတွေကို ပေးသိလို့ မဖြစ်သေးဘူး။ ခဏတော့ လျှို့ဝှက်ထားရဦးမှာပဲ၊ ဒီလိုအခြေအနေမျိုးကြီးကို သူတို့ ဖြန့်စားကြီးလက်ခံနိုင်ကြမှာ မဟုတ်ဘူး၊ နောက်ပြီး ဒီနေ့က သားကြီး အချုပ်က လွတ်မယ့်နေ့လေ"

"အင်းပေါ့လေ သတိုးအနေနဲ့ အချုပ်က လွတ်လွတ်ချင်း ဒီသတင်းကို ဘယ်ကြားဝံ့ပါ့မလဲ၊ ဒါ့ပမဲ့ အန်တီ ကိုယ်ဝန်စောင့်ရှောက်မှုကိုတော့ လုပ်ရတော့မယ်နော်၊ ညို့သူငယ်ချင်း အိုဂျီ ဆရာဝန်မတစ်ယောက်နဲ့ ချိတ်ပေးထားမယ်၊ ညိုလည်း အန်တီ့ကိုယ်ဝန်ကို စောင့်ရှောက်ပေးမှာပါ၊ ဘာမှမပူပါနဲ့ အဓိကက အန်တီ ကျန်းမာအောင်နေဖို့ပါပဲ၊ တခြား စိတ်ဆင်းရဲစရာတွေ ဘာမှမတွေးပါနဲ့လို့ ညို အထူးမှာချင်တယ်၊ အသက်လေးဆယ့်ငါးနှစ်မှ ကိုယ်ဝန်ဆောင်တဲ့ မိခင်လောင်းမို့လို့ အန်တီက သက်ကြီး မိခင်စာရင်းထဲ ဝင်နေပြီလေ၊ ဒါကြောင့် ပိုပြီး ဂရုစိုက်ဖို့ လိုပါတယ်၊ ဒါမှ ဉာဏ်ရည်ဖွံ့ဖြိုးတဲ့ကလေးမျိုးကို မွေးနိုင်မှာပါ"

ဆရာဝန်ပီပီ လိုအပ်တာတွေ မှာကြားနေသော နေမညို့စကားကြောင့် ကလေးဖျက်ချဖို့ စိတ်ကူးတွေပင် ဘယ်ဆီရောက်သွားမှန်းမသိတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"အမေ နေမကောင်းဘူးဆို"

နွမ်းလျနေသော အမေ့ကိုကြည့်ပြီး သတိုး ကရုဏာသက်စွာ မေးလိုက်သည်။

"ကိုယ်လက်မအီမသာ ဖြစ်ရုံလေးပါ သားကြီးရယ်၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ။ ဒါနဲ့ အချုပ်က လွတ်လာပြီဆိုတော့ ကိုယ်သန့်သွားအောင် သရော်ကင်မွန်းနဲ့ ခေါင်းလျှော်ချရအောင် အမေ သရော်ကင်မွန်း ဝယ်လာတယ်"

"ဟုတ်ကဲ့ အမေ၊ သားလည်း အဲလိုလုပ်မလို့ပဲ၊ အမေကိုယ်တိုင် ရေချိုးပေးမယ်လို့ သတိုးကပြောလို့ မချိုးသေးဘဲ စောင့်နေတာ"

ကလေးတစ်ယောက်လို မိခင်ရဲ့အပြုအစုကို ခံချင်နေသော သတိုးဘိုလ်ကိုကြည့်ပြီး ဒေါ်ချယ်ရီ ရင်ထဲစိမ့်ခနဲနေအောင် ပီတိဖြစ်မိသည်။

ကိုယ့်ကြောင့် မိသားစုဘဝမှာ အပြစ်အနာအဆာမရှိဘူးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲဟု နှောင်တတွေ အကြိမ်ကြိမ်ရမိသည်။

"အမေကိုယ်တိုင် ချိုးပေးရမှာပေါ့ သားကြီးရယ်၊ ကဲ လာ ရေချိုးခန်းထဲ သွားကြရအောင်"

သင်းရန့် အခန်းထဲမှ ထွက်လာပြီး ပြုံးရွှင်နေသော သတိုးကို ကြည့်ပြီး





"မေမေ ငယ်ငယ်တုန်းကလို ချိုးပေးလိုက်ပါ မေမေရာ"

ပြုံးဖြီးဖြီးဖြင့် ပြောလိုက်သော သင်းရန့် စကားကြောင့် သတိုးဘိုလ် မျက်မှောင်ကျုံ့ပြီး ပြုံးကာ

"အမေက ငယ်ငယ်တုန်းကရော ငါတို့ကို ရေချိုးခေါင်းလျှော် ပေးတာပဲ ဘာဆန်းလို့လဲ"

"ဆန်းတာပေါ့ ကိုကိုရ ငယ်ငယ်က ရေချိုးရင် တစ်ကိုယ်လုံး ချွတ်ပြီး ချိုးပေးတာလေ"

"အယ်"

"ခုလည်း အဲသလို တစ်ကိုယ်လုံးသာ ချွတ်ပြီး ချိုးပေးလိုက် မေမေ၊ သမီးက ဓာတ်ပုံရိုက်ပြီး ဖေ့ဘွတ်ပေါ်တင်ပေးမယ်၊ ဒါမှ မမနေမညို့ လန့်ပြီး ကိုကို့ကို ထပ်မတွေ့ဘဲ နေတော့မှာ"

သင်းရန့် စကားကြောင့် အမေ ဟက်ဟက်ပက်ပက် ရယ်သည်။ အမေရယ်တော့ သတိုးဘိုလ်ပါ တဟဲဟဲဖြင့် လိုက်ရယ်ပြီး

"နင် ပေါက်ကရာမလုပ်နဲ့နော်၊ ငါ့အရွယ်က တစ်ကိုယ်လုံး ချွတ်ချိုးပေးစရာလား နင်နော် ဟင်း ဟင်း"

သားအမိသုံးယောက် သင်းရန့်စကားကို စိတ်ကူးထဲမှာ ပုံစံ တစ်မျိုးစီ ပုံဖော်မိကြပြီး ဟက်ဟက်ပက်ပက် ထရယ်လိုက်ကြတော့ သည်။

မပြုံးတာကြာပြီဖြစ်သော အမေ ပြုံးနေတာကိုမြင်ပြီး သတိုး



www.burmeseclassic.com

www.burmeseclassic.com



ဘိုလ် ကြည်နူးရပြန်သည်။

ဒီနေ့ သားဖြစ်သူ အချုပ်မှလွတ်မှပဲ အမေ့အပြုံးကိုမြင်ရတော့သည်မို့ ရှေ့လျှောက် အမေ စိတ်ချမ်းသာအောင် ထားမည်ဟု သတိုးဘိုလ် ဆုံးဖြတ်လိုက်ပါသည်။

■ ■ ■



## အခန်း (၁၁)

"ရှင့်ရောဂါက ခုထိ မပျောက်နိုင်သေးဘူးလား ဦးထွန်းအောင်ဇော်၊ ဒဏ်ရာက ကျက်လို့ ပတ်တီးပါဖြည်ပြီးနေမှပဲ၊ ဘာလို့ ကျွန်မကို သက်သက်မဲ့ ဒုက္ခပေး အသားယူချင်နေရတာလဲ"

နှာစ်တစ်ယောက်လို လာရောက်ပြုစုပေးနေရသော အခြေအနေတွေထဲမှ မြန်မြန်ရုန်းထွက်ချင်သူက ဒေါ်ချယ်ရီမောင်ပင်ဖြစ်သည်။

"ဒဏ်ရာက သက်သာလို့ ပတ်တီးဖြည်ပြီးပေမယ့် ခေါင်းက မူးမူးနေသေးတာပဲ၊ ဆရာဝန်က နောက်တစ်ကြိမ် ဓာတ်မှန်ရိုက်ကြည့်ရမယ်လို့ ပြောထားတယ်လေ"

"ဒါပေမဲ့ ကျွန်မ ရှင့်ဆီကို နေ့တိုင်း မလာနိုင်တော့ဘူး၊ ကျွန်မနေသိပ်ကောင်းတာ မဟုတ်ဘူး"

"ကိုယ့်အနားက ဘာလို့ ထွက်သွားချင်နေတာလဲ ချယ်ရီရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မင်းကို ဘယ်လောက်ထိ အလေးအနက်ထားသလဲဆိုတာ မင်း ခုထိ မရိပ်မိသေးဘူးလား။ ကိုယ်တော့ မင်းသားကို ကျေးဇူးတောင်တင်သေးတယ်၊ သူ့ကြောင့် မင်း ကိုယ့်အနားကို ရောက်လာတာမို့လား''

ပြောရင်းဖြင့် ဦးထွန်းအောင်ဇော်၏လက်အစုံက ဒေါ်ချယ်ရီ ပခုံးပေါ်ကို သိုင်းဖက်လာသည်။ ဒေါ်ချယ်ရီ လက်ကိုပုတ်ချလိုက်သည်။

''ရှင် လက်က ဟိုကိုင်ဒီကိုင် မကိုင်ပါနဲ့၊ ကျွန်မ အော်ဂလီဆန်လွန်းလို့ပါ၊ ဒီမှာ ရှင်သိအောင် ပြောထားရဦးမယ်၊ ကျွန်မ ခုလိုမျိုး ရှင့်ဝေယျာဝစ္စကို လာပိုင်းကူနေတာ ရှင့်အပေါ် သံယောနေလို့လို့ မထင်လိုက်ပါနဲ့၊ ကျွန်မသား အချုပ်ကလွတ်အောင် ရှင်နဲ့အပေးအယူလုပ်မိလို့ပဲ''

ဦးထွန်းအောင်ဇော် တဟားဟား အော်ရယ်သည်။

''ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ချယ်ရီ ကိုယ့်အနားမှာရှိနေတာကို ကျေနပ်တယ်၊ ဒါကြောင့် ကိုယ့်ခေါင်းတွေ တစ်သက်လုံး ပြန်မကောင်းလာပါစေနဲ့လို့တောင် ဆုတောင်းမိသေးတယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား မင်းကို ချစ်လို့ပဲကွ''

''ရှင့်ကိုတော့ ကျွန်မက လုံးဝ စိတ်မဝင်စားဘူး၊ ဒီထက် ရှင်းအောင်ပြောရရင် ကျွန်မရဲ့ကျန်နေသေးတဲ့အချိန်တွေကို ကျွန်မ သားသမီးတွေနဲ့ပဲ ကုန်ဆုံးဖို့ ဆုံးဖြတ်ပြီးသား ကဲ ကျွန်မ ပြန်တော့မယ်''

ဒေါ်ချယ်ရီ ပြန်ရန် ဟန်ပြင်လိုက်သည်။ ဦးထွန်းအောင်ဇော်





ရှေ့မှ ပိတ်ရပ်လိုက်ပြီး

''နေပါဦး ချယ်ရယ် ကိုယ့်စကား မဆုံးသေးပါဘူး''

''မဆုံးသေးရင်လည်း ရှင့်တစ်ယောက်ထဲသာ ဆက်ပြောလိုက်တော့၊ ဟုတ်ပြီလား၊ ဒီအချိန် ကျွန်မ ပြန်သင့်တဲ့အချိန်ရောက်ပြီ၊ နောက်နေ့လည်း ကျွန်မကို မျှော်မနေနဲ့တော့၊ ကျွန်မလာမှာမဟုတ်တော့ဘူး''

ရှေ့မှာ ပိတ်ရပ်နေသော ဦးထွန်းအောင်ဇော်ကို ကွေ့ရှောင်ပြီး အိမ်ထဲမှ ခပ်သွက်သွက် ထွက်ခဲ့လိုက်သည်။

■ ■ ■

''ဟင် အမေက ဘာဖြစ်လို့ ဒီလူကြီးအိမ်ထဲက ထွက်လာရတာလဲ''

နေမည်သိုကို ကားဖြင့် ဆေးရုံလိုက်ပို့ရင်း ဦးထွန်းအောင်ဇော် တိုက်ရှေ့မှအဖြတ် ဟိုကြည့်ဒီကြည့် ခိုးကြောင်ခိုးဝှက်ဖြင့် ခြံထဲမှခပ်သုတ်သုတ်ထွက်လာသော အမေ့ကိုတွေ့ပြီး သတိုးဘိုလ် အံ့သြသွားသည်။

''ဒီအိမ်က ဦးထွန်းအောင်ဇော်ဆိုတဲ့လူကြီးရဲ့ အိမ်မို့လား''

''အေး ဟုတ်တယ်လေ''

''ဟော့တော် ဒါဆို နင့်ခေါင်းရိုက်ခွဲတဲ့လူကြီးရဲ့အိမ်ထဲကအမေ အန်တီက ဘာကြောင့်ထွက်လာရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဘယ်သိမလဲ အမေ့ကို မေးကြည့်မှ သိမှာပဲ၊ အမှန်ဆို ပတ်သက်စရာ ဘာအကြောင်းမှ မရှိတာ"

"နင့်ကို ကျေအေးပေးလို့ ကျေးဇူးတင်စကား သွားပြောတာလားမှ မသိတာ သတိုးရယ်"

"ဘာမှ ကျေးဇူးတင်စရာ မလိုပါဘူးဟာ၊ ဒီပြဿနာက ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာ တစ်ရပ်ကွက်လုံး သိတယ်၊ ငါသူ့ကို အခဲမကြေဘဲ အချုပ်ကထွက်လာတာနဲ့ သတ်ပစ်မယ်လို့ မိုးညိုတို့က သတင်းလွှင့်တော့ သူ့နားထဲ ဒီသတင်းပေါက်ကြားပြီး ကြောက်ရှုံးပန်းပြီး ကျေအေးလိုက်တာ ငါ မသိတာမှတ်လို့"

"ဘာပဲဖြစ်ဖြစ် သူသာ ကြေအေးမပေးရင် နင်လည်း ခုချိန်ထိ အချုပ်ထဲမှာ နောက်ထပ် ရမန်တွေ ထပ်ယူပြီးနေနေရမှာမဟုတ်လား၊ လူတစ်ဖက်သားကို ကြံဖန်ပြီး ကျေးဇူးတင်လိုက်စမ်းပါ သတိုးရယ်"

"တောက်"

သတိုး အခဲမကြေဟန်ဖြင့် ကားကိုအရှိန်ဖြင့် မောင်းလိုက်သည်။ သတိုး စိတ်တိုနေပုံကိုကြည့်ပြီး နေမညို သက်မတစ်ချက်ကို ခပ်ဖျော့ဖျော့ ချလိုက်သည်။

"အန်တီ့ကို ပြဿနာတော့ မရှာလိုက်ပါနဲ့ဟာ အန်တီ ခုတလော နေမကောင်းဖြစ်နေတာကို နင်လည်းသိတယ်မို့လား"

ထိုစကားကြောင့် တင်းနေသော သတိုးဘိုလ် မျက်နှာအနည်းငယ် ပြေလျော့သွားသည်။





"ဒါနဲ့ အမေ ဘာရောဂါ ဖြစ်တာလဲ နင်သိလား"

ထိုမေးခွန်းကို နေမညို မဖြေချင်ပါ။

"ငါလည်း မသိဘူး"

သတိုးဘိုလ် ကားမောင်းနေရင်းမှ ဖျတ်ခနဲ လှည့်ကြည့်သည်။ ထိုအကြည့်သည် ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဒါတောင် မသိဘူးလားဆိုသည့် အဓိပ္ပာယ်ပါသည့်အကြည့်မျိုး။

နေမညို မလုံမလဲဖြင့် မသိချင်ဟန်ဆောင်လိုက်သည်။

"ငါ အမေ့ကိုမေးတော့လည်း အမေက ထွေထွေထူးထူးရောဂါ မရှိပါဘူးလို့ ပြောတယ်၊ ဒါပေမဲ့ တစ်ခုခုတော့ ဖုံးကွယ်ထားမှန်း သိသာနေတယ်ဟာ"

"နင့်စိတ်ထဲမှာ အဲသလို ထင်နေတယ်ဆိုရင် နင့်ဒေါသတွေကို ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ထုတ်မသုံးပါနဲ့ဟာ၊ အန်တီ စိတ်သောကရောက်နေပါ့မယ်"

ကိုယ်နှင့်မိခင်ကြားမှာ ပြေလည်စေချင်သော စေတနာဖြင့်ပြောနေမှန်း သတိုး သိနေသည်မို့ စိတ်ကိုလျှော့ချလိုက်သည်။ အမေ ဦးတွန်းအောင်ဖော်အိမ်ထဲက ထွက်လာသည့်ကိစ္စကို မမေးတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

"အေးပါဟာ ငါ နင့်စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်၊ အမေ့ကို ငါ စိတ်သောကရောက်အောင် ထပ်မလုပ်တော့ပါဘူး။ နင်လည်း ငါ့ကို ဒေါသတွေပဲ ထုတ်သုံးတတ်တဲ့အဆင့်မရှိတဲ့လူလို့ မထင်လိုက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အသနားခံ တောင်းဆိုနေသော သတိုးကိုကြည့်ပြီး နေမည်ိ လှပသော အပြုံးတစ်ခုကို ပြုံးလိုက်ပြီး

"နင့်ကို ငါ ဘယ်တုန်းကမှ အထင်မသေးခဲ့ပါဘူး သတိုးရယ်"

"အထင်မသေးရင် အထင်ကြီးတယ်ပေါ့"

ထပ်မေးလာသော စကားကြောင့် နေမည်ိ ရယ်လိုက်ပြီး

"ဒေါ်သတွေ လုံးဝ ကင်းစင်သွားပြီဆိုရင်တော့ နင်ဟာ အထင်ကြီးစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ဖြစ်မှာ သေချာပါတယ်"

ဖွဲ့ကျနပ်လောက်သော အဖြေစကားကြောင့် သတိုးဘိုလ် သဘောတွေ့ကာ တဟားဟားအော်ရယ်ပြီး ရယ်သံနှောသောအသံဖြင့်ပင်

"အေးပါဟာ နောက်ကို နင်အထင်ကြီးစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်အဖြစ်နဲ့ပဲ ငါ့ဘဝကို ရှင်သန်ပါတော့မယ်လို့ ကတိပေးပါ့မယ်"

ပေါ့ပါးလွတ်လပ်စွာ ပျော်ရွှင်နေသော သတိုးကိုကြည့်ပြီး နေမည်ိ စိတ်မကောင်းဖြစ်မိပြန်သည်။ နင့်အမေဆီမှာရှိနေတဲ့ ကိုယ်ဝန်ကြောင့် နင့်ဒေါ်သတွေ ဆက်ပြီး ထိန်းနိုင်ပါစေလို့ပဲ ငါ ဆုတောင်းပါတယ် သတိုးရယ်။

စိတ်ထဲမှ ခပ်တိုးတိုး ရေရွတ်လိုက်သော နေမည်ိ ရင်ထဲမှာ ကိုယ်နှင့်မဆိုင်သော အပူငွေ့တွေ လာဟပ်၍နေပြန်ပါသည်။

■ ■ ■



## အခန်း (၁၂)

"ဘယ်လို ချယ်ရီမှာ ကိုယ်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေတယ် ဟုတ်လား"

အဖြစ်ချင်ဆုံးသောဆန္ဒမို့ ဦးညိုဦး ထခုန်မိမတတ် ဝမ်းသာသွားသည်။

"ဟုတ်တယ် ကိုညိုဦး၊ အဲဒီအတွက် ကျွန်မ စိတ်သောကဖြစ်နေရတယ်၊ နောက်ဆုံး ဒီကလေးကို ဖျက်ချဖို့အထိပါ တွေးခဲ့တယ်"

ထိုစကားကြောင့် ဦးညိုဦး လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး

"ဟာ အဲသလို စိတ်ကူးမျိုးတွေ ယောင်လို့တောင် မတွေးပါနဲ့ ချယ်ရီရယ်၊ ဒီကလေးဟာ ကိုယ့်သွေးကိုယ့်သား စစ်စစ်မို့ ဘဝမှာ ကလေးအဖေတစ်ခါတော့ ဖြစ်ခွင့်ပေးစမ်းပါ"

"ဒါပေမဲ့ ကျွန်မ သားသမီးတွေ အသက်အရွယ်ကြီးမှ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင်တယ်ဆိုတော့ ကျွန်မကြောင့်သားသမီးတွေ အရှက်ရကုန်ပြီ"

"ကိုယ်တို့ တမင်ဖန်တီးတာမှ မဟုတ်တာကွာ၊ အဲဒီအတွက် ကိုယ်နဲ့ချယ်ရီ့အပေါ် အမြင်စောင်းချင်စောင်းမိကြမှာပါ၊ ဒါပေမဲ့ ကလေးကိုတော့ သူတို့ မုန်းကြမှာမဟုတ်ပါဘူး၊ ကိုယ် သူတို့လေးတွေနဲ့တွေ့ပြီး လက်ထပ်ဖို့ကိစ္စကို တောင်းဆိုလိုက်တော့မယ်"

ဒေါ်ချယ်ရီ မျက်နှာမှာ စိုးရိမ်စိတ်တွေ ရုတ်ချည်းပေါ်လာကာ ခေါင်းတခါခါဖြင့်

"အို မတွေ့ပါနဲ့ ရှင်တွေ့ရင် အခြေအနေတွေ ပိုဆိုးသွားနိုင်တယ်၊ ကျွန်မသားကြီးရဲ့စိတ်ကို ရှင် နားမလည်ပါဘူး၊ ဒီကိစ္စကို သူ လက်ခံမှာမဟုတ်ဘူး၊ ရှင့်ကို ပြဿနာရှာလိမ့်မယ်၊ ပြဿနာက တစ်ခု မပြီးသေးဘူး၊ နောက်ထပ်ပြဿနာ အသစ်ထပ်မလုပ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ် ကိုညိုဦးရယ်"

"ဒီကိစ္စက မပြောလည်း သိလာမယ့်ကိစ္စပဲ ချယ်ရီရယ်၊ စောစောစီးစီး ပြဿနာကို ရှင်းထားတာ ပိုကောင်းပါတယ်၊ ပြီးရင် ကိုယ်နဲ့ မင်းနဲ့ လက်ထပ်မယ်၊ မင်းသားတွေ သမီးတွေကို ကိုယ့်သားသမီးလို သဘောထားနိုင်ပါတယ်ကွာ"

ဦးညိုဦး တက်ကြွနေသလောက် ဒေါ်ချယ်ရီ စိတ်သောက ရောက်နေရသည်။ ကိုယ့်သားသမီးအကြောင်း ကိုယ်သာအသိဆုံးမို့





ရှေ့ဆက်ရမည့်အနာဂတ်တိုင်းဟာ ကိုယ့်အတွက်တော့ ငရဲခန်းတွေလိုပါပဲ။

■ ■ ■

"ဟော့ကောင် သတိုး မင်းအမေရော"

အလုပ်သွားရန် ပြင်ဆင်နေသော သတိုးမှာ အိမ်ပေါ်သို့ ပိုင်စိုးပိုင်နင်း တက်လာသော ဦးထွန်းအောင်ဇော်ကို မြင်လိုက်သည်နှင့် ဒေါသဖြင့် တုန်ပြန်ရန် တာဆူလိုက်သည်။

"ခင်ဗျားကြီး ကျုပ်အိမ်ကိုလာပြီး ကျုပ်အမေကို မေးရအောင် ခင်ဗျားက ဘာမို့လဲ"

လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော သတိုး ဘိုလ်ကိုကြည့်ပြီး ခနဲ့ရယ် ရယ်ကာ

"ငါက မင်းရဲ့ကျေးဇူးရှင်လေ မင်းသာ ကျေးဇူးတရားသိမယ်ဆိုရင် ငါ့ကိုတောင် ထိုင်ကန်တော့ရဦးမှာကွ နားလည်လား၊ ငါသာ အမှုမပိတ်ပေးရင် မင်းခုချိန်မှာ အင်းစိန်ထောင်က ထမင်းဝါဝါတွေကို စားနေရပြီ"

ပိုင်စိုးပိုင်နင်း ပြောနေသော ဦးထွန်းအောင်ဇော်ကို အိမ်ပေါ်မှ မြှုတ်ချရန် ကန်ကျောက်လိုက်ချင်ပေမယ့် နေမည်ကို ဒေါသကြောင့် အများမလုပ်တော့ပါဘူးဟု ပေးထားသော ကတိကို ဖျက်၍မရ။

"ခင်ဗျားကြီး ကျုပ်အိမ်ပေါ်က ခုချက်ချင်း ထွက်သွားလိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာဖြစ်တာလဲ"

သတိုးခွေ့ အိပ်နေရာမှ အိပ်မှုန်စုံမွှားဖြင့် အခန်းထဲမှ ထွက်လာပြီးမေးသည်။ ဦးထွန်းအောင်ဇော်ကို မြင်တော့ မျက်စိမျက်နှာပျက်ဖြစ်သွားကာ

"ဦးလေးကြီး ဘာလာလုပ်တာလဲ"

ခပ်ဆတ်ဆတ် မေးလိုက်သော သတိုးခွေ့၏လေသံကြောင့် ဦးထွန်းအောင်ဇော် မထီမဲ့မြင်ဟန်ဖြင့်

"မင်းတို့ တော်တော်ရိုင်းတာပဲ လူကြီး လူကြီးမှန်းမသိ မင်းတို့ အမေက အဲလိုပဲ သင်ပေးထားလား"

"တောက်"

သတိုးဘိုလ် စိတ်ကိုချုပ်တည်းထားဟန်ဖြင့် တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ အံကိုကြိတ်လိုက်သည်။

သတိုးခွေ့ ခါးမှ ပုဆိုးကို ခပ်တင်းတင်း ပြင်ဝတ်ကာ

"ဟေ့လူကြီး ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ရဲ့လက်သီးမိုးတွေ ခင်ဗျားပါးပေါ်မကျခင် အိမ်ပေါ်က မြန်မြန်ရွှေ့လိုက်တော့နော်"

"ဟဲ ဟဲ မင်းတို့ကလည်း ဒေါသကို တယ်ထုတ်သုံးတာကိုး။ ကဲ ကဲ ငါသွားပါ့မယ် မင်းတို့အမေလာရင်သာ ပြောလိုက် ထွန်းအောင်ဇော်ဆီမလာတာ ဒီနေ့နဲ့ဆို သုံးရက်ရှိသွားပြီမို့ အရမ်းလွမ်းလို့ လိုက်လာတာပါလို့၊ ဒီနေ့တော့ လာဖြစ်အောင်လာပါလို့ ပြောပေး"





ဦးထွန်းအောင်ဇော်ထံမှ ကြားလိုက်ရသော စကားကြောင့် သတိုးဘိုလ်ရော သတိုးခွေ့ရော အံ့ဩဒေါသဖြစ်သွားပြီး

"ခင်ဗျား စော်ကားလှချည်လား ကျုပ်အမေကို အိမ်ပေါ်ထိလာစော်ကားနေပါလား"

သတိုးဘိုလ် ခြေလှမ်းတွေက ဦးထွန်းအောင်ဇော်ရှေ့သို့ ဝုန်းခနဲရောက်သွားကာ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်သည်။

"ဟေ့ကောင်တွေ ငါမဟုတ်တာ မပြောဘူး၊ အကြောင်းစုံသိချင်ရင် ငါ့မှာ ဓာတ်ပုံတွေရှိတယ် ငါ ပြမယ်"

ပြောပြောဆိုဆို ခါးကြားမှာ ထိုးထားသော ဖုန်းကိုယူကာ ဓာတ်ပုံတွေဖွင့်ပြသည်။

ဦးထွန်းအောင်ဇော် လှဲအိပ်နေသော ခုတင်စောင်းတွင် ဒေါ်ချယ်ရီထိုင်ပြီး ဆန်ပြုတ်တိုက်နေပုံ ရေပတ်တိုက်ပေးနေပုံ။ မီးဖိုခန်းထဲတွင် ချက်ပြုတ်နေပုံတွေကို အမိအရ ရိုက်ထားသောပုံတွေဖြစ်နေ၍ သတိုးဘိုလ်ရော သတိုးခွေ့ရော ပါးစပ်အဟောင်းသားဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နားမလည်နိုင်ဖြစ်နေကြစဉ် ဦးထွန်းအောင်ဇော် ဓာတ်ပုံဖိုင်ကို ပိတ်လိုက်ပြီး တဟားဟားရယ်ရင်း အိမ်ပေါ်မှဆင်းသွားသည်။ အိမ်အောက်ရောက်မှ

"ဟေ့ကောင်တွေ ပြောဖြစ်အောင် ပြောလိုက်ကြနော် ငါမျှော်နေမယ်ကွ မင်းတို့အမေကို"



www.burmeseclassic.com

www.burmeseclassic.com



သတိုးဆွေ ဒေါသမထိန်းနိုင်၍ ပြောပြေး ပြေးသွားသော ဦးထွန်းအောင်ဇော်ကို အနီးတွင်ရှိသော သစ်သားချောင်းဖြင့် ပစ်ပေါက်လိုက်သည်။

ဦးထွန်းအောင်ဇော်ကို မထိဘဲ လွဲသွားသည်။

သတိုးဘိုလ် ရင်ထဲမှာ ဒေါသမီးလျှံတွေ တရှိန်ရှိန် တောက်လောင်၍လာပြန်သည်။

"သတိုးဆွေ မင်း အဲဒါတွေ ဘာမှမသိဘူးလား အမေက ဟိုလူကြီး ညီညီနဲ့တွဲနေရာကနေ ဘာကြောင့် ဒီတဏှာရူးကြီးဆီ ရောက်သွားရပြန်တာလဲ"

"ညီလည်းမသိဘူး ကိုကို အချုပ်ကျနေတဲ့အချိန်တွေမှာ အမေ ပျောက်ပျောက်သွားတာကိုတော့ သတိထားမိတယ်၊ ဒါပေမဲ့ ဒီလူကြီးနဲ့ သွားပတ်သက်လိမ့်မယ်လို့ ထင်မထားဘူး"

သတိုးဆွေ အမှန်တကယ်မသိ၍ အစ်ကိုဖြစ်သူကို အားနာပါးနာဖြင့် ရှင်းပြရသည်။

"တောက် ငါတို့အမေက ဘယ်လိုလူစားမျိုးလဲ၊ ပတ်ဝန်းကျင်ရဲ့ တံတွေးခွက်ထဲမှာ ငါတို့မောင်နှမသုံးယောက်ကို ဆက်မျောစေချင်တာလား"

"ဒီကိစ္စကို အပြတ်ရှင်းမှ ဖြစ်မယ် ကိုကို၊ ဒီလူကြီးဆီမှာ ဒီပုံတွေရှိနေတာ အမေ့သိက္ခာအတွက် အလားအလာ မကောင်းဘူး"





ညီအစ်ကိုနှစ်ယောက် မိခင်အပေါ် နားမလည်နိုင်သောစိတ်ကြောင့် ခေါက်တည်ရာမရ ဖြစ်နေကြ၏။

"ကိုကို ကျွန်တော်တော့ အမေ့ကို ဘယ်လိုမှနားမလည်နိုင်တော့ဘူးဗျာ"

"ဒီကိစ္စကို ငါ အပြတ်ရှင်းမှရတော့မယ်"

အစ်ကိုဖြစ်သူ၏တဖွတ်ထိုး ဒေါသကိုသိသည့်အတွက် သတိုးဆွေ စိုးရိမ်တကြီး ကြည့်ကာ

"အမေ ကျန်းမာရေးမကောင်းဘူးနော် ကိုကို"

"ကျန်းမာရေး မကောင်းတဲ့သူက ဒီတဏှာရူးကြီးရဲ့အိပ်ရာပေါ်ကိုတော့ သွားနိုင်လား၊ အမေဟာ ငါတို့ရဲ့အမေဆိုပေမယ့် ယောက်ျားတွေကို ငါတို့ထက်ပိုပြီး စိတ်ဝင်စားတဲ့အမေမျိုး"

"ကျွန်တော် ရှက်တယ် ကိုကိုရာ"

"ငါကလည်း ဒီလိုအမေကြောင့် အသက်ဆက်ရှင်ရမယ့် အတူတူ ငါ့ဘဝကို ငါအဆုံးသတ်ပစ်ချင်နေပြီကွာ"

အမေ့ဘဝမှာ ယောက်ျားတွေမရှိရင် မနေတတ်တော့ဘူးလားဟူသော မေးခွန်းကို အားရပါးရ အော်ဟစ်မေးမြန်းလိုက်ချင်သည်။

အမေ ဘယ်လိုဖြေမလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"သမီး ဘယ်လဲ"

ကွန်ပျူတာ သင်တန်းမှပြန်လာသော သင်းရန့်မှာ တစ်ယောက်ထဲ အတွေးနှင့်အတူ လမ်းလျှောက်လာတုန်း ဘေးမှတစ်ဘီးချင်းလိုမ့်မောင်းလာသော ကားပေါ်မှ ဦးညိုဦး၏အမေးကြောင့် အတွေးစတို့ ပျက်သွားကာ ဘေးသို့လှည့်ကြည့်လိုက်သည်။

ဦးညိုဦးကိုမြင်၍ ခေါ်ရအခက် မခေါ်ရအခက်ဟန်ဖြင့် ဘေးဘီကိုကြည့်ကာ

"သင်တန်းက ပြန်လာတာ"

အသက်မပါသော လေသံဖြင့် တုံးတိတိဖြေလိုက်သည်။

"သမီးကို ဦးက ပြောစရာရှိတယ်"

သင်းရန့် ဖျတ်ခနဲ ပြန်လှည့်ကြည့်လိုက်သည်။

"ဦးနဲ့သမီးကြားမှာ ပြောစရာစကား ဘာမှမရှိတာ"





"မရှိဘူးထင်ရပေမယ့် ရှိနေတယ် သမီးရဲ့၊ တခြားကိစ္စတော့ မဟုတ်ပါဘူး သမီးမေမေရဲ့ကိစ္စပါ"

ခပ်သွက်သွက်လျှောက်နေသော သင်းရန့်နှင့်ဘေးမှ ကားကို တစ်ဘီးချင်းလိုမ့်ပြီးမောင်းရင်းပြောနေသော ဦးညိုဦးကို လမ်းသွားလမ်းလာများ ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြ၍ သင်းရန့် ရှက်လာသည်။

"ဦးလေး သူများတွေက ဦးလေးနဲ့ရန့်ကို တစ်မျိုးမြင်ကုန်ကြလိမ့်မယ်"

"အဲဒါဆိုရင် ကားပေါ်ကိုတက်လိုက် သမီး၊ ဦးကလည်း သမီးကို ဒီလိုပုံစံမျိုးနဲ့ အနှောင့်အယှက်ပေးသလို မဖြစ်စေချင်ပါဘူး။ ခုကိစ္စက သမီးအမေအတွက် ကျန်းမာရေးကိစ္စပြောချင်ရုံပါ၊ သမီးအမေ အခုတစ်လော တရောင်ရောင်ဖြစ်နေရတဲ့အကြောင်းအရင်းကို သမီးတို့ မသိသေးပေမယ့် ဦးက သိပြီးသွားပြီ"

ဘောက်ဆတ် ဘောက်ဆတ် လျှောက်နေသော သင်းရန့်၏ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားပြီး ဦးညိုဦးကို ကြည့်လိုက်သည်။

"ကားပေါ်ကို တက်လိုက်ပါ သမီး၊ ဒီကိစ္စက လမ်းပေါ်မှာ ပြောလို့မကောင်းလို့ တစ်ဆိုင်ဆိုင်မှာ သွားပြောပြရုံလေးပါ၊ ကျန်တာ ဦး ရိုးသားပါတယ်ကွာ ဦးကိုယုံပါ"

သင်းရန့် တွေဝေမနေတော့ဘဲ ဦးညိုဦး၏ကားပေါ်သို့ တက်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"အမေ အမေရေ"

အိပ်ရာထက်တွင် မှိုင်နေသော ဒေါ်ချယ်ရီ သင်းရနံ့ခေါ်သံကြောင့် မျက်လုံးများ ပွင့်လာသည်။

သင်းရနံ့ အိပ်ခန်းထဲဝင်လာသည်။ ရက်စိတ်ကြောင့် ဖရိုဖရဲဖြစ်နေသော သင်းရနံ့၏ဖြူလျော်နေသော မျက်နှာကိုမြင်ပြီး ဒေါ်ချယ်ရီ လှဲအိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။

"သမီး ဘာဖြစ်လာတာလဲ"

စိုးရိမ်စိတ်ဖြင့် မေးလိုက်သော ဒေါ်ချယ်ရီ၏အမေးကို သင်းရနံ့ မဖြေနိုင်လောက်အောင် ဝမ်းနည်းစိတ် ရက်စိတ်တို့က ရင်ထဲတွင် တစ်ဆို့နေ၍ ဘာကစပြီး ပြောရမှန်းမသိသလို ပြော၍လည်းမထွက်။ ငိုရှိုက်နေလိုက်တော့သည်။

ဒေါ်ချယ်ရီ စိတ်ပူစပြုလာသည်မို့ သင်းရနံ့ ပခုံးကို ကိုင်လှုပ်ကာ အလောတကြီး မေး၏။

"သမီး ဘာဖြစ်လာတာလဲ"

"သ သမီးရှက်တယ် အမေရယ်"

"ဟဲ့ ဘာကိုရှက်တာလဲ ညည်းကို ဘယ်သူက ဘာလုပ်လို့လဲ၊ ဒါမှမဟုတ် ဘာတွေဖြစ်ခဲ့လို့လဲ ပြောစမ်းပါဦး"

"သင်တန်းကအပြန် လမ်းမှာ ဦးညိုဦးကြီးနဲ့တွေ့တယ်"

ဦးညိုဦးဆို၍ ဒေါ်ချယ်ရီ မျက်နှာကွက်ခနဲ ပျက်သွားသည်။





"အမေ့မှာ ကိုယ်ဝန်ရှိနေပြီဆို"

အရှိက်ကို လာရောက်ထိမှန်စေသောစကားမို့ ဒေါ်ချယ်ရီ ဘယ်ကစ၍ ဘယ်လိုဖြေရမှန်းမသိလောက်အောင် ဖြေရှင်းချက်တို့ မပေးနိုင်။

"အမေ ဖြေလေ၊ သူပြောတာ ဟုတ်လား အဲ အဲဒါ သူနဲ့ရတဲ့ကိုယ်ဝန်တဲ့၊ သမီးမှာ မောင်လေးလား ညီမလေးလားမသိဘူး ရှိနေပြီတဲ့၊ ဒါကြောင့် သမီးရော သမီးအစ်ကိုနှစ်ယောက်ရော ဦးကို သမီးအမေနဲ့လက်ထပ်ခွင့်ပြုပါတဲ့"

"ဟင် သူ သူက အဲလိုပဲ ပြောလိုက်သလား"

"ဒီထက်တောင်ပိုပါတယ် အမေရယ်၊ မဟုတ်ဘူးလို့ ငြင်းလိုက်ပါလား သမီး ရှက်လွန်းလို့ပါ"

ဒေါ်ချယ်ရီ ခေါင်းငုံ့မျက်ရည်ကျမိရုံကလွဲပြီး ငြင်းဆန်ဖို့အင်အားမရှိ။

"သင်းရနံ့ အမေဟာ မုဆိုးမဆိုတာ တစ်ရပ်ကွက်လုံးသိနေတာပဲ မဟုတ်ဘူး၊ သင်းရနံ့အမေဟာ ယောက်ျားတွေနဲ့ ထည်လဲပတ်သက်တယ်ဆိုတာကိုလည်း သိကြပါတယ်၊ ဒါပေမဲ့ လင်ကောင်မပေါ်ဘဲ ကလေးမွေးရမယ့်အဖြစ်မျိုးကြီးနဲ့တော့ သမီးတို့ရဲ့အနာဂတ်ကို မဖျက်ဆီးပါနဲ့ အမေရယ်၊ သမီးတောင်းပန်ပါတယ်၊ အဲ လူကြီးပြောတာ အမှန်မဟုတ်ပါဘူး အမေ့မှာ ဘာကိုယ်ဝန်မှမရှိပါဘူးလို့ ငြင်းလိုက်ပါ အမေရယ်"

ငိုသံနှောသောအသံဖြင့် ပလုံးပထွေးပြောဆိုကာ ပါးပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တို့တသွင်သွင်စီးကျပြီး ရှိုက်ကြီးတငင် ငိုကြွေးနေသော သမီးငယ်လေးကိုကြည့်ပြီး ဒေါ်ချယ်ရီပါ ချုံးပွဲချငိုလိုက်ပါတော့သည်။ ကိုယ့်မိုက်ပြစ်ကြောင့် သားသမီးတွေ လူပုံအလယ်မှာ သူများတံတွေးခွက် ပက်လက်မျောရတော့မည်။

ဒီကိစ္စ သားကြီးသိလျှင် သင်းရနံ့ ခံစားရသလို ခံစားရပေဦးမည်။ သားကြီးနဲ့သမီးငယ် ခံစားရ၍ သားလတ်ကရော မခံစားရဘူးလားဆိုတော့ သာ၍ပင်ဆိုးပါသည်။ သားငယ်က အရက်အကြောက်ကြီးသည်။ မိခင်ဖြစ်သူကို ဂုဏ်သိက္ခာကို ခေါင်းပေါ်ရွက်ပြီး ငြိမ်းချမ်းတည်ငြိမ်စွာနေလိုသူ။

"အ အမေ တကယ်ပဲ ကိုယ်ဝန်ရှိနေတာလား"

"ဟုတ်တယ် သမီးရယ်၊ အမေ မိုက်မဲခဲ့မိတယ်၊ အဲဒီအတွက် အမေဟာ သမီးတို့နဲ့ မထိုက်တန်တဲ့ အမေတစ်ယောက်ပါ"

"အဲဒီလို စကားမျိုးတွေ ပြောနေရုံနဲ့ ပြီးသွားမှာလား အမေရယ်၊ အမေ့ဗိုက်က တဖြည်းဖြည်းပူလာတော့မှာလေ"

"အမေ ဖျက်ချဖို့ ကြိုးစားပါသေးတယ် သမီးရယ်၊ ဒါပေမဲ့ အမေ မလုပ်ရက်ခဲ့ဘူး"

ပါးပေါ်မှ မျက်ရည်စတို့ကို သုတ်ပြီး

"အို လူကြီးတွေ မဆင်ခြင်တာနဲ့ အပြစ်မဲ့တဲ့ကလေးကို သတ်ရက်ကြသလား"





"အမေ ဘာမှမသိတော့ဘူး၊ အမေသိတာက အမေ့ဘဝကို အဆုံးသတ်ပစ်ချင်ပြီ"

ဒေါ်ချယ်ရီ ပြောရင်းဖြင့် ငိုရှိုက်လိုက်သည်။

အမေဖြစ်သူ ငိုတော့ သင်းရနံ့ စိတ်မကောင်းဖြစ်ရပြန်သည်။ အိမ်ထောင်ရေး ကံမကောင်းရှာသော အမေ့ကို အပြစ်တွေ ထိုင်တင်နေမယ့်အစား ဘာလုပ်သင့်သလဲဆိုတာကို အဖြေရှာရတော့မည်။

"အမေ ဦးညိုဦးနဲ့ လက်ထပ်လိုက်ပါတော့"

ဒေါ်ချယ်ရီ သင်းရနံ့ကို အံ့ဩမင်တက်စွာ ကြည့်သည်။

"ဒီအခြေအနေအထိ ရောက်နေမှတော့ ငြင်းနေလည်း ဘာထူးတော့မှာလဲ အမေ၊ ကိုကိုကြီးနဲ့ ကိုကိုလတ်ကို သဘောပေါက် နားလည်အောင် ပြောရတော့မှာပဲ"

"မဖြစ်ပါဘူး သမီးရယ်၊ အားလုံး ပြဿနာတွေတက်ကုန်ပါ့မယ်၊ အမေ့သားတွေကို လူရမ်းကားတွေ ထပ်အဖြစ်မခံနိုင်ဘူး၊ အမေကိုယ်ဝန်လနုသေးလို့ ဟန်မပျက်နေနေတာပါ၊ ဗိုက်ထွက်လာပြီဆိုတာနဲ့ အမေ နင့်ကြီးတော်ရွာကို ခဏပြန်မယ်၊ အဲဒီမှာ ကလေးသွားမွေးမယ်၊ ပြန်လာရင် သူများကလေး ခေါ်မွေးစားတယ်လို့ ပြောမယ်"

"အဲဒီအစီအစဉ်က ပတ်ဝန်းကျင်ကိုပဲ ညာလို့ရမယ် အမေ့သားတွေကို ညာလို့တော့ ရမှာမဟုတ်ဘူး အမေ"

သင်းရနံ့ စကားကြောင့် ဒေါ်ချယ်ရီ တွေဝေသွားသည်။ ခဏချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ လောကကြီးထဲက ခေတ္တခဏတော့ ပျောက်ကွယ်သွားလိုက်ချင်ပါ သည်။

"ကိုကို အမေ့မှာ ကိုယ်ဝန်ရှိနေပြီ"

"ဘာ"

သတိုး၏ ဘာဆိုသောအသံကြောင့် သင်းရနံ့ လန့်သွားသည်။

"စိတ်ကို နိုင်နိုင်ထားပါ ကိုကိုရယ်၊ ဒီကိစ္စက ဒေါသနဲ့ဖြေရှင်း လို့ရတဲ့ကိစ္စမဟုတ်ဘူးလေ ကိုကိုရဲ့"

ကိုယ့်ဒေါသကိုသိ၍ ညီမဖြစ်သူက ဖျောင်းဖျနေခြင်း ဖြစ် သည်။

"ငါတို့ဘဝတွေတော့ စုတ်ပြတ်သတ်ကုန်ပါပြီ"

"အရာရာကို ကံစီမံရာလို့ပဲ သဘောထားလိုက်ရင် စိတ်သက် သာပါတယ် ကိုကိုရယ်"

"ကိုယ့်အမေရဲ့ ဘယ်ယောက်ျားနဲ့ရမှန်းမသိတဲ့ ကိုယ်ဝန်ကို ငါတို့က ကံစီမံရာပဲဆိုပြီး ဒီအတိုင်း လက်ခံရမှာလား ရနံ့၊ ပတ်ဝန်းကျင် မှာရှိတဲ့လူတွေက ငါတို့မောင်နှမတွေကို နင်ပြောသလို ကံစီမံရာပဲလို့ တွေးပြီး သနားမယ့်သူတစ်ယောက်မှမရှိဘူး၊ ငါတို့ရဲ့အနာဂတ်ကို ရိုက် ချိုးဖျက်ဆီးမယ့်သူတွေချည်းပဲ"

"အဲဒါကို ကိုကို ဂရုစိုက်နေလား အရင်က ကြွေးကြော်တဲ့ အားလုံးကို ဂရုမစိုက်ဘူးဆိုတဲ့ ကိုကို့လက်သုံးစကားကို ခေါင်းပေါ်ဆက်





ရွက်ပြီး အမေ့အခက်အခဲကို ကူညီလိုက်ကြရအောင်၊ အမေ စိတ်သောက တွေ အရမ်းဖြစ်နေတယ်၊ ဒီကလေးကို ဖျက်ချလိုက်မယ်ပဲလုပ်နေတယ်"

တကယ်တမ်းကျတော့ သတိုးဘိုလ် ထိုသို့မလုပ်နိုင်ပါ။ ရခဲလှ သော လူ့အသက်တစ်ချောင်းကို သတ်ပစ်ရလောက်အောင် စိတ်ဓာတ် တွေ မယုတ်မာ မရိုင်းစိုင်းနိုင်ပါ။

ယောက်ျားတွေနဲ့ ပတ်သက်ပြီး အမှားခံသော အမေ့ကိုသာ အကြိမ်ကြိမ် အပြစ်တင်နေမိသည်။

သတိုးဘိုလ် ရင်ထဲတွင် အမေနှင့်ပတ်သက်ပြီး မကျေနပ်မှုတွေ ကိန်းအောင်းကာ အရာရာကို အကောင်းမမြင်ချင်တော့။ ခုချိန်မှာ အရေး တကြီးသိချင်နေတာက အမေ့ဗိုက်ထဲက ကိုယ်ဝန်ဟာ ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲဆိုတာပဲ ဖြစ်သည်။

"တောက်"

ခံပြင်းသောစိတ်ဖြင့် တက်တစ်ချက်ခေါက်ကာ အိမ်မှထွက်ခဲ့ လိုက်တော့သည်။ အမေ့ကြောင့်ဖြစ်ရသော ဒေါသတွေ သောကတွေဟာ သတိုးရင်ထဲမှာ ဘယ်အချိန်ထိ ခိုကပ်နေဦးမလဲဆိုတာ မသိနိုင်တော့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ညနစ်နာရီထိုးမှ ဖုန်းမြည်လာသဖြင့် အိပ်မောကျနေသော နေမညို ဖျတ်ခနဲ မျက်လုံးပွင့်လာသည်။ ဖုန်းကို ကောက်ယူကာနံပါတ်ကို ကြည့်လိုက်သည်။

"ဟင် သတိုးပါလား ဒီအချိန်ကြီး ဘာဖြစ်လို့ ဆက်တာပါလိမ့်"

ဖဝေဖဝါတွေးရင်း ဖုန်းထူးလိုက်သည်။

"သတိုး ဒီအချိန်ကြီး ဘာကိစ္စရှိလို့လဲ"

"ငါ ငါ အဖျားတွေ အရမ်းတက်နေတယ် နေမညို"

"ဟင် ဟုတ်လား အဲဒါ အန်တီတို့ ကိုဆွေတို့ကို နှိုးလိုက်လေ"

ဒီအချိန်ကြီး တစ်ရပ်ကွက်ကနေ တစ်ရပ်ကွက်ကူးဖို့ဆိုတာ





ဘယ်လိုမှ မဖြစ်နိုင်။ ယောက်ျားအဖော်ရှိ၍ ညတွင်းချင်း ဆေးသွားကူဖို့ ဖြစ်နိုင်သေးသည်။ ခုတော့ မိန်းကလေးတစ်ယောက်ထဲ ညအချိန်မတော် ထွက်သွားဖို့ မသင့်တော်။

"ဟဲလို သတိုး ဟဲလို"

"ငါ ငါ နင့်အိမ်ရှေ့ရောက်နေတာ နေရ"

"ဟော့တော်"

ဖုန်းကိုင်ပြီး ပြတင်းတံခါးကို ကပျာကယာ ဖွင့်ကြည့်လိုက်သည်။ သတိုးတိုလ်ဓါတ်ကစီလေးက ရှေ့မီးသီးတွေဖွင့်ကာ စက်ပင်မသတ်ဘဲ ရပ်ထားဏ်။

နေမညို အိမ်အပြင်သို့ ကမန်းကတန်းထွက်လာခဲ့လိုက်သည်။

"သတိုး နင့်ကို စမ်းသပ်ရအောင် ဆင်းခဲ့လေ"

သတိုး လှုပ်ပင်မလှုပ်ချင်တော့လောက်အောင် လူက အရှုပ်ကြီးပြတ်။

"ဟင် ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေပါလား ဟယ်"

တရှိန်ရှိန်ပူနေသော နဖူးကိုစမ်းပြီး နေမညို စိတ်ပူ၍သွားသည်။ သတိုးကို ကားထဲမှ တွဲထူပြီး အိမ်ပေါ်သို့ တွဲခေါ်လာခဲ့လိုက်သည်။

လေပြေနှင့် ကြီးမေကလည်း မနိုး၍ နေမညိုတစ်ယောက်တည်း ဒေါင်ချာဆိုင်းနေဏ်။ သတိုးကို ဆက်တီထိုင်ခုံပေါ်တွင် ခဏထိုင်နိုင်စေ့ပြီး ကားမီးများပိတ်၊ စက်သပ်ပြီး ကားတံခါးပိတ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမည်ို့ အိမ်ပေါ်ပြန်ရောက်တော့ သတိုးဘိုလ် ခွေခွေလေး အိပ်ပျော်နေသည်။

နေမည်ို့ ခေါးသေတ္တာယူပြီး အရင်ဦးဆုံး သွေးပေါင်ချိန်လိုက်သည်။

သတိုးဘိုလ် မျက်လုံးတို့ ရီဝေစွာပွင့်လာပြီး

"နေ ငါ ငါ ရှက်တယ်ဟာ"

ပြောပြောဆိုဆို နေမည်ို့ကို ဖက်ပြီး ကလေးတစ်ယောက်လို ဟီးချင်းချ ငိုလိုက်သည်။

"သတိုး နင် ဘာဖြစ်ခဲ့တာလဲ၊ ငါ့ကိုပြောပြဦးလေ နင်က ဘာလို့ ရှက်ရတာလဲ"

"ငါ့အမေမှာ ကိုယ်ဝန်ရှိနေပြီဟာ အဲဒီကိုယ်ဝန်ဟာ ဘယ်သူနဲ့ ရတဲ့ကိုယ်ဝန်မှန်းမသိဘူး အိုဟာ ဘယ်သူနဲ့ရတဲ့ကိုယ်ဝန်ဖြစ်ဖြစ် ငါသိလည်းမသိချင်တော့ဘူး၊ တွေးလည်း မတွေးချင်တော့ဘူး၊ ငါအိမ်ကို ဘယ်တော့မှ မပြန်တော့ဘူး"

"အဲလို စိတ်လိုက်မာန်ပါ မစဉ်းစားပါနဲ့ သတိုးရယ်၊ ပြဿနာ တစ်ခုပေါ်လာမှတော့ အဲဒီပြဿနာကို အကောင်းဆုံး ဖြေရှင်းနိုင်တဲ့ နည်းလမ်းလည်း ရှိကိုရှိနေမှာပါ၊ အန်တီ့ကိုယ်ဝန်ကြောင့် နင် ဒီလိုပုံစံ ကြီးဖြစ်စရာ မလိုပါဘူး။ ခုချိန်မှာ အန်တီလည်း စိတ်သောကရောက်နေ တာပဲ၊ နင်တို့ဂုဏ်သိက္ခာအတွက် ဒီကိုယ်ဝန်ကို ဖျက်ချမယ်လို့တောင်





ပြောနေတာ ငါ မနည်းကို တားထားရတာ"

သတိုး သိသွားမှတော့ မထူးတော့ပြီမို့ နေမည်ို့ပါ သိနေကြောင်း ဖွင့်ပြောလိုက်တော့သည်။ သတိုးဘိုလ် နေမည်ို့ကို တအံ့တဩ ကြည့်ပြီး

"ဒါ ဒါဆို နင်လည်း ငါ့အမေမှာ ကိုယ်ဝန်ရှိနေတာကို သိနေ တယ်ပေါ့ ဟုတ်လား"

"ငါက ဆရာဝန်တစ်ယောက်ပဲ နင့်အမေမှာ ကိုယ်ဝန်ရှိတာကို ငါသိတာ ဘာဆန်းလဲ၊ အဲဒီကိုယ်ဝန်ကို ငါက နင်တို့မသိအောင် စောင့် ရှောက်ပေးနေတာလေ"

သတိုးဘိုလ် တွေဝေသွားပြီး

"နင် ငါ့အမေကို အထင်မသေးဘူးလား နောက်ပြီး သူ့ကို အမေတော်ထားတဲ့ ငါ့ကိုရောပေါ့"

ကလေးဆန်သော အမေးကြောင့် နေမည်ို့ ရင့်ကျက်သော အပြုံးဖြင့် ပြန်ကြည့်ပြီး

"မိန်းမတွေ ကိုယ်ဝန်ဆောင်ကြတာ သဘာဝအတိုင်းမို့ ငါက ဘာလို့အထင်သေးရမှာလဲ သတိုးရယ်၊ အိမ်ထောင်ရေးကံမကောင်းတဲ့ အန်တီ့ကိုပဲ မိန်းမချင်းစာနာမိတာပါ၊ အဲဒီအတွက် နင်လည်း ဘာမှ စိတ်သောကရောက်ပြီး အရှက်သည်းမနေပါနဲ့၊ အန်တီ့အပေါ် နားလည်ပေးပြီး ကိုယ်ဝန်နဲ့သက်ဆိုင်သူဆီကို ကြည်ကြည်ဖြူဖြူနဲ့ ပေးအပ်လိုက် ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လုပ်လိုက်ရင် ငါတို့ကို ပတ်ဝန်းကျင်က အထင် မသေးဘူးလား၊ အထူးသဖြင့် ငါ့ညီမလေး သူ ဘယ်လောက်ရှက်ရှာလိမ့် မလဲ"

အမေ့အရိပ်အမည်းကြီးတွေက ညီမလေး၏အနာဂတ်ကို ရိုက် ချိုးဖျက်ဆီးမှာကို သတိုး မလိုလား။

"လူဆိုတာ မွေးကတည်းက ဇာတ်ညွှန်းပါလာပြီးသားပါ သတိုး ရယ်၊ ကိုယ် ဒုက္ခနဲ့ကြုံတိုင်း ငါ့အတိတ်က အကုသိုလ်ကံကြောင့် ဒီဘဝ မှာ ဒီလို အမေမျိုးနဲ့ ကြုံရတာပဲလို့ နှလုံးသွင်းလိုက်ရင် အနိုင့်တို့မှာ အပြစ်မရှိတော့ပါဘူး၊ ဆိုးတာနဲ့ ရင်ဆိုင်ရလည်း ကိုယ့်ကံပဲ၊ ကောင်းတာ နဲ့ ရင်ဆိုင်ရလည်း ကိုယ့်ကံပဲမို့ ကြုံလာသမျှ သောကဒုက္ခတွေကို ရဲရဲကြီး ရင်ဆိုင်လိုက်စမ်းပါ၊ အားလုံးနေသားကျသွားမှာပါ သတိုးရယ်၊ ကဲ နှင်လည်း အဖျားသွေး ၁၀၂ ရှိတယ်ဆိုတော့ ငါ ဆေးတစ်လုံး ထိုးပေး မယ်၊ ပြီးရင် ကားကိုဖြည်းဖြည်းချင်းမောင်းပြီးပြန် ဟုတ်ပြီလား"

ဆေးသေတ္တာထဲမှ တစ်ခါသုံးအပ်ကို ထုတ်ပြီး ဆေးထိုးဖို့ပြင် ဆင်ရင်း ပြန်ဖို့ပြောနေသော နေမညို့ကို မြတ်နိုးစွာကြည့်လိုက်ပြီး

"ငါ ဒီည ဒီနေရာမှာပဲ နေပါရစေ၊ အိမ်ကိုပြန်ဖို့ ငါ့စိတ်တွေ အဆင်သင့်မဖြစ်သေးဘူး"

"ဟော့တော် နှင် ဒီမှာအိပ်ရင် ကြီးမေနဲ့ လေပြေက နှင်နဲ့ငါ့ ကိုတစ်မျိုးထင်ကုန်မှာပေါ့"





"ထင်ပါစေပေါ့ဟာ ငါ့အမေအပေါ်မှာတောင် အကောင်းမြင် စိတ်မွေးပေးနိုင်သေးရင် ငါ့အပေါ်မှာရော အချစ်စိတ်တွေ မွေးမထုတ် ပေးနိုင်ဘူးလား၊ ငါ နှင့်ကို ချစ်တယ် ငါ့ဘဝမှာ နှင့်အချစ်ကိုမျှော်လင့် နေရလို့သာ ငါ့စိတ်တွေကို တောင့်ခံထားနိုင်တာပါ"

ပူခြစ်နေသော လက်အစုံဖြင့် နေမညို့လက်ကို ဆုပ်ကိုင်ပြီး အချစ်ကို အသနားခံတောင်းဆိုသည်။

"ဒီအချိန်က ငါ့ဆီက အချစ်ကိုတောင်းခံရမယ့်အချိန်လား သတိုးရယ်၊ နှင့်အချစ်က ရှိမန့်မဆန်လိုက်တာ"

"နှင်နဲ့ငါနဲ့ ချစ်ကြဖို့ ရှိမန့်ဆန်ဖို့ လိုသေးလို့လား သူငယ်ချင်း ရယ်၊ ငါ့နှလုံးသားထဲက နှင့်ကိုချစ်တဲ့အချစ်တွေက ရှိမန့်ဆန်လွန်းလို့ ကဗျာတွေ စာတွေတောင် ဖွဲ့လို့မမီပါဘူး"

"ကဲပါ အဖျားတွေတက်ပြီး ကယောင်ကတမ်းတွေ ပြောမနေ နဲ့၊ ဟိုဘက်လှည့် တင်ပါးကို ဆေးထိုးမယ်၊ နာရင်လည်း အောင့်ခံထား ခုလောလောဆယ် နှင်အဖျားကျသွားဖို့လိုတယ်"

တစ်ဖက်သို့ လှည့်ပေးသော သတိုးဘိုလ်ကို ဆေးထိုးပေးလိုက် သည်။ ဆေးထိုးအပ်ကြောင့် တွန့်ခနဲ ဖြစ်သွားသော သတိုး၏ကလေး ဆန်မှုကိုကြည့်ပြီး နေမညို့ မပြုံးဘဲ မနေနိုင်။

နှင့်ကိုချစ်နေခဲ့တာ ခုမှမဟုတ်ပါဘူး ဟိုးအထက်တန်းကျောင်း တုန်းကတည်းကပါ သတိုးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟော့တော် ဒါက ဘယ်လိုဖြစ်ကြတာလဲ"

မနက်ဝေလီဝေလင်း အိပ်ရာမှနိုးလာသော ကြီးမေမှာ ညည်ခန်းထဲတွင် အိပ်ပျော်နေသော သတိုးဘိုလ်နှင့် ခပ်လှမ်းလှမ်းရှိစားပွဲတွင် ခေါင်းတင်ပြီး အိပ်ပျော်နေသော နေမညိုကိုကြည့်ပြီး တအံ့တသြဖြစ်နေသည်။

"သမီးနေ ဟဲ့ နေနေ ထစမ်း သတိုးဘိုလ်က ဒီအိမ်ကို ဘယ်လိုရောက်နေတာတုန်း"

ကြီးမေ အသံကြောင့် နေမညို အိပ်ပျော်နေရာမှ ဆတ်ခနဲ ခေါင်းထောင်လာပြီး

"သြော် ကြီးမေ နိုးပြီလား။ ဘယ်နနာရီရှိသွားပြီလဲ"

"မနက် ငါးနာရီထိုးပြီလေ၊ ဒါနဲ့ နေပါဦး သတိုးက ဒီကို





ဘယ်အချိန်တုန်းကတည်းက ရောက်နေတာလဲ"

"ညကတည်းကပါ ကြီးမေ"

"ဟင် ဘယ်လို ညကတည်းက ဟုတ်လား ဘုရား ဘုရား မိနေနေ ညည်းက သာမန်မိန်းကလေးမဟုတ်ဘူး ဆရာဝန်မတစ်ယောက်နော်၊ ဘယ်လောက်ပဲ ငယ်ပေါင်းကြီးဖော် သူငယ်ချင်း ငယ်ပေါင်းကြီးဖော်တွေပဲဆိုဆို ခုလို ညအိပ်ညဥ့်နေ အလာခံတာကတော့ မသင့်တော်ဘူးလေ"

လူကြီးပီပီ အရာရာကို ကြိုမြင်နေသော ကြီးမေ သတိပေးစကားတွေကို နားထောင်ပြီး ရှင်းပြဖို့ကြိုးစားလိုက်သည်။

"ကိုယ်က အကြီးဖြစ်ပြီး ယောက်ျားတစ်ယောက်နဲ့ အဲသလို တရင်းတနှီး နေပြရင် လေပြေကလည်း အဲသလို လိုက်နေမှာပေါ့ ရှေ့ရထားခေါင်းက ဖြောင့်ဖြောင့်သွားမှ နောက်ရထားတွဲက ဖြောင့်ဖြောင့် လိုက်မှာနော်"

"ဟာ ကြီးမေကလည်း ထင်တာတွေ ဖွတ်ပြောနေတော့တာပဲ၊ သမီးရှင်းပြတာလေးကို အရင်ဆုံး နားထောင်ပေးဦး၊ ပြီးမှ ဆူသင့်တယ် ထင်ရင် ဆက်ဆူ ဟုတ်ပြီလား"

ဒီတော့မှ ကရားရေလွှတ် တတွတ်တွတ်ပြောနေသော ကြီးမေ ပါးစပ်ပိတ်သွားပြီး နေမညို ပြောမည့်စကားအကြောင်းအရာတွေကို နားစွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ကြီးမေရေ ညက နှစ်နာရီလောက်ကြီး သတိုးဖုန်းဆက်တယ်၊ သူ အရမ်းဖျားနေတယ်ဆိုပြီးတော့လေ၊ အဲဒါနဲ့ သမီးက အိမ်သားတွေကို နိုးလိုက် ငါမနက်မှ လာခဲ့မယ်လို့ ပြောတော့ ကိုယ်တော်ချောက သမီးတို့အိမ်ရှေ့မှာ ရောက်နေတာတဲ့လေ"

ကြီးမေ ဇာတ်ရည်လည်သွားပုံဖြင့်

"အဲဒါနဲ့ပဲ အိမ်ပေါ်ခေါ်ပြီး ဆေးကုပေးလိုက်တယ်ပေါ့"

"သူ့အဖျားတအားတက်နေတာ ဆေးထိုးပြီး ပြန်လွှတ်ရအောင်လည်း သူမှကားမမောင်းနိုင်တာ တစ်ခုခုဖြစ်ရင် ပြန်လွှတ်တဲ့သမီးရဲ့အပြစ်က ကင်းပါ့မလား။ ဒါကြောင့် သူ့ကို ဒီမှာပဲ သိပ်လိုက်တာ"

"အေးပေါ့လေ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးဆိုတော့လည်း ဘယ်လိုလုပ်မျက်နှာလွှဲနေလို့ရမလဲလေ၊ ဒါနဲ့ ခုရော သွားကြည့်ပါဦး သက်သာရဲ့လားလို့၊ မဖြစ်သေးပါဘူး သူစားဖို့ တစ်ခုခုတော့ ပြင်ထားပေးမှပါ"

ကြီးမေ အပြစ်ထပ်မပြောတော့ဘဲ မီးဖိုခန်းဘက်ကို လှုပ်လှုပ်လှုပ်လှုပ်နှင့် ဝင်၍သွားသည်။

နေမညို ထိုင်ရာမှထပြီး သတိုးအိပ်နေရာသို့ ခြေသံခပ်ဖွဖွနှင်း၍ လျှောက်လာလိုက်သည်။ ဆေးအရှိန်ကြောင့် သတိုး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်။

နေမညို နဖူးကို ခပ်ဖွဖွစမ်းလိုက်သည်။ ကိုယ်ပူတော့ကျသွား





ပြီမို့ ဒီမနက် ဆေးထပ်ထိုးစရာမလိုတော့။

အိပ်မောကျနေသော သတိုး၏မျက်နှာကို နေမညို သတိလက်လွတ် ငေးမောနေမိသည်။

စိမ်းဖန့်ထူထဲသော မျက်ခုံးတစ်စုံဖြစ်ပေမယ့် ကော့စင်းနေသော မျက်တောင်နှင့်လိုက်ဖက်သော မျက်လုံး၊ ပိရိသေသပ်သော နှာတံနှင့် နှုတ်ခမ်းထူထူတို့ လိုက်ဖက်စုစည်းထားသော မျက်နှာချောချောက နေမညို နှလုံးသားတွေကို ခပ်ဖြည်းဖြည်းလှုပ်ကိုင်ခဲ့တာပါ။

■ ■ ■

"နိုးပြီလား သတိုး"

မျက်လုံးဖွင့်ဖွင့်ချင်း နေမညို့မျက်နှာလေးနှင့် အသံချိုချိုလေးကို ကြားလိုက်ရပြီး အဖျားရောဂါယူပစ်လိုက်သလို စိတ်နှလုံးကြည်မွေ့သွားသည်။

"ညက ငါ့သူငယ်ချင်း ဆရာဝန်မကြီးလက်နဲ့ ဆေးကုခံရလို့လားမသိဘူး ဒီမနက်လည်းကျရော အဖျားက ယူပစ်လိုက်သလိုကို သက်သာသွားတယ်၊ အဟဲ ဆေးဖိုးဝါးခကတော့ ချစ်သူတွေဖြစ်မှ အတိုးချပြီး ပြန်ဆပ်ပါ့မယ်"

"သိပါတယ် နင်က လူပျို ငမွဲပဲဟာ၊ ငါကလည်း အလှတား ဆေးဝါးကုသိုလ်ယူပြီးသားပါ၊ အကြွေးမမှတ်ပါဘူး ကဲ နေကောင်းပြီဆိုတော့ ကိုယ့်အိမ်ကိုယ်ပြန်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မပြန်ချင်သေးဘူးဟာ"

"ဟော့တော် မပြန်ချင်သေးလို့ရမလား။ ဒီမှာ အကြာကြီးနေလို့ ဘယ်လိုသင့်တော်မလဲ"

"သင့်တော်စေချင်ရင် ငါတို့ လက်ထပ်လိုက်ကြရအောင်ဟာ၊ ဒါဆို ငါလည်း အိမ်ပြန်စရာမလိုတော့ဘူး။ ငါချစ်တဲ့သူနဲ့လည်း လက်ထပ်ပေါင်းသင်းလို့ရပြီ"

သတိုးစကားကြောင့် နေမည်ညို မျက်စောင်းခပ်လက်လက် ထိုးကာ

"နင်က ငါ့ကို အပေါစားမိန်းမများ ထင်နေလား သတိုးရယ်"

"နင်အပေါစားမိန်းမဆိုရင် နင့်ကိုချစ်ဖို့ ဝေးသေးတယ်၊ နင်က ငါ့အတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပဲ၊ ငါ့ဘဝမှာ နင်မရှိရင် ငါ့ကိုယ်ငါ အဆုံးသတ်သွားတာ ကြာပြီ၊ ငါမက်မောတွယ်တာနေတဲ့နင် ရှိနေလို့ ငါ အသက်ဆက်ရှင်နေရတာ"

"နင်ဟာလေ ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး လောကကြီး ကို ကောင်းကောင်းရင်ဆိုင်နိုင်တဲ့သတ္တိမရှိဘူး၊ ငါမရှိရင် နင်သေမယ်ဆို တဲ့စကားက ယောကျ်ားမပီသသလိုကြီး ငါ့နားထဲမှာ ကန့်လန့်ကြီးဖြစ်နေ တယ် သိလား"

"ဟုတ်တယ်လေ ငါက နင့်အချစ်ကို မျှော်လင့်ရင်း အသက်ရှင်နေတား ဖြစ်နိုင်ရင် ငါ့ဘဝကို သေခြင်းတရားဆီကို ဖွင့်အတင်းပို့လိုက်





ပြီ"

ကလေးဆန်နေသေးသော သတိုးကို ရင့်ကျက်လာအောင် ဘယ်လိုစကားလုံးမျိုးတွေနဲ့ ဆွဲခေါ်ရမလဲ။

"ဒီမှာ သတိုးရဲ့ သေရဲတာ သတ္တိမဟုတ်ဘူး မသေခင်ဖြစ်လာ သမျှတွေကို ရင်ဆိုင်ရဲတာကမှ သတ္တိအစစ်ပဲ၊ ငါတို့ညီအစ်မဆိုရင် မိဘ နှစ်ပါးစလုံးမရှိကြတော့ပဲနဲ့ တစ်ယောက်ကိုတစ်ယောက် အားတင်းလိုက် အားပေးလိုက်နဲ့ လျှောက်လာတာ ဒီအခြေအနေထိရောက်နေကြပြီလေ၊ နောက်ပြီးသေတယ်ဆိုတာ အလောတကြီးပြေးတွေ့ရမယ့်အရာမဟုတ် သလို ရှောင်ပုန်းနေဖို့လည်း မလိုပါဘူး၊ အချိန်တန်ရင် သူ့အလိုလို ရောက်လာမယ့်ရာသီဥတုတစ်ခုပဲ"

ကိုယ့်ထက်အများကြီးစိတ်ဓာတ်ခိုင်မာနေပြီဖြစ်သော နေမည်ညို ကို အထင်ကြီးလေးစားစိတ် မြတ်နိုးကြင်နာစိတ်တွေဖြင့် ငေးမော၍နေ လိုက်သည်။ နေမည်ညို တော်တော်ရင့်ကျက်နေပြီပဲ။

"ဘဝတစ်ခုလုံးမှာ ကိုယ်လိုချင်တာရဖို့နဲ့ ကိုယ်မလိုချင်တာ မရဖို့ အမြဲအားပြိုင်နေရတာဟာ သဘာဝပဲမဟုတ်လား၊ ကိုယ်လုပ်ချင် တာလုပ်ဖို့ အခွင့်အရေးမရရင် လက်ရှိပစ္စုပ္ပန်မှာ ကြုံတွေ့နေရတဲ့အခြေ အနေထဲကို လိုက်လျောညီထွေနေလိုက်တာဟာ အကောင်းဆုံးပဲ၊ ဒါမှ ပျော်စရာတွေဖြစ်လာမှာပေါ့"

နေမည်ညို နှုတ်မှထွက်လာသည့် ဒဿနတွေကြောင့် သတိုးဆိုလ်



www.burmeseclassic.com

www.burmeseclassic.com



တစ်စက္ကန့်လောက် ဝေဝါး၍သွားသည်။ ကိုယ်သိဖို့မေ့နေတဲ့အကြောင်းအရာတွေကို နေမည်ကြိုက ကိုယ့်အတွက် ကြိုသိပေးထားပါလားဟု တွေးပြီး ကိုယ့်အတွေးကိုယ့်အပြုအမူ၊ ကိုယ့်စရိုက်တွေဟာ နေမည်ကြိုထက်စာလျှင် အားလျော့သိမ်ငယ်နေသေးပါလားဟု တွေးပြီး မသိမသာ ရှက်သွားမိသည်။

"နင်ပြောတာတွေ သိပ်မှန်တာပဲ နေ၊ ငါ့အတွက်တော့ နင်ဟာ ငြိမ်းချမ်းခြင်းတရားတွေပေးတတ်တဲ့ တရားပြဆရာမလေးပါပဲ၊ နင့်ကိုချစ်မိတဲ့ ငါဟာ ဒီဘဝတင်မဟုတ်ဘူး နောင်သံသရာအဆက်ဆက်ဘယ်တော့မှ နောင်တမရဘူး"

သတိုးစကားကြောင့် နေမည်ကြို ပြုံးသည်။ ထိုအပြုံးကိုကြည့်ပြီး သတိုး စိတ်ထဲက ချက်ချင်းမှတ်ချက်ချလိုက်သည်။

မိန်းကလေးတွေရဲ့အပြုအမူဟာ သူတို့များ နိုင်ကွက်ကလေးများရသွားရင် မထေ့ပြုံးလေးနဲ့ ပြန်လည်တုံ့ပြန်တတ်ကြတယ်ဆိုတာပါပဲ။

ဒါပေမဲ့ ထိုအပြုံးလေးကိုပဲ သတိုးဘိုလ် ချစ်မိနေတာပါ။

"သက်သာရဲ့လား သတိုး"

နေမည်ကြိုရဲ့မျက်နှာမသစ်ရသေးသော အလှတရားတွေကို တစိမ့်စိမ့်ငေးမောခွင့်ရနေတုန်း ကြီးမေ ရောက်လာ၍ ရှက်ကိုးရှက်ကန်းဖြစ်ပြီး

"ဟုတ် လှပါတယ် ကြီးမေ"

"လာ ဘာလှတာလဲ"





ကြီးမေ မျက်လုံးပြူးကာ နားမလည်စွာ ပြန်မေးသည်။ နေမည်ကြိုထံမှ ခစ်ခနဲ ရယ်သံထွက်ပေါ်လာသည်ကို သတိုး သတိထားမိလိုက်သည်။

"ခြောက် သက်သာပါတယ်လို့ပြောတာ ကြီးမေရေ အဟဲ သားရဲ့ ကြီးမေ သနပ်ခါးအဖွေးသားနဲ့ မနက်စောစောစီးစီး လှနေတာမြင်လိုက်တော့ စကားတွေက မှားကုန်တာ"

သူ့ကို လှတယ်ဟု ပြောလိုက်၍ ကြီးမေ သဘောခွေ့သွားပုံရသည်။

"မင်းက အမှန်တွေမြင်တတ်သားပဲ၊ ကဲ ရော့ ကြီးမေကို လှတယ်ပြောမယ်ဆိုတာ ကြိုသိလို့ ကြီးမေက အိုဗာတင်းနဲ့ပေါင်မုန့်ထောပတ်သုတ်လေး လုပ်လာပေးတယ်၊ နလန်ထစမို့ စားကောင်းသောက်ကောင်းမှာပါ"

ကိုယ့်ကိုယ်ကိုယ် ဗိုက်ဆာနေမှန်း ခုမှပင် သတိထားမိသွားသည်မို့ ပေါင်မုန့်ထောပတ်သုတ်ကို အငမ်းမရ ယူစားပြီး အိုဗာတင်းနှင့်မျောချလိုက်သည်။

"ဟွန်း မျက်နှာလည်း မသစ်ဘူးဟယ်၊ ညစ်ပတ်လိုက်တာ"

ရှုံ့မဲ့စွာ ညည်းတွားဝေဖန်ပြီး အနားမှထွက်သွားသော နေမည်ကြိုကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

နေမည်ကြို မျက်စောင်းလက်လက်က ရင်ဝကိုဒိုင်းခနဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဒီကိုယ်ဝန်ဟာ ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲဟူသော မေးခွန်းကြောင့် ဒေါ်ချယ်ရီ ကိုယ့်ရင်ဝကိုယ် ဓားဖြင့်စိုက်ပြီး သေပစ်လိုက်ချင်တာပါ။

သားသမီးတွေရဲ့အမြင်မှာ သူတို့အမေဟာ ယောက်ျားတကာနဲ့ တန်ဖိုးမဲ့စွာ လိုက်ဆက်ဆံနေတယ်ဟု မြင်နေတာ သိသာလှသည်။

ဘယ်လောက်ဆိုးလှတဲ့ ကံကြမ္မာလဲလို့။

"အမေ ဖြေလေ ဒီကိုယ်ဝန်က ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲလို့"

"အမေက ဘယ်သူတွေနဲ့တွဲနေတာ မြင်လို့ ဒီမေးခွန်းကို မေးနေရတာလဲ သတိုး"

"ကျွန်တော် မြင်တာတော့ အမေနဲ့တွဲနေတဲ့နှစ်ယောက်က ဦးညိုဦးရယ် ဦးထွန်းအောင်ဖော်ရယ်လေ၊ ဒီတော့ ဒီကလေးအဖေက





လည်း သူတို့နှစ်ယောက်ထဲက တစ်ယောက်က ကျိန်းသေတယ်လေ"

ဒေါ်ချယ်ရီ မျက်နှာကို ဖြတ်ရိုက်ခံရသလို ပူခနဲဖြစ်သွားသည်။ သားသမီးတွေအမြင်မှာ ကိုယ်က အဲဒီလို အတန်းအစားတဲ့လား။

"အမေနဲ့ကိုညိုဦးက လက်ထပ်ဖို့ထိ ရည်ရွယ်ခဲ့ကြတာပါ။ အပွင့်လင်းဆုံးပြောရရင် ကိုညိုဦးက အမေ့ရဲ့ယုံကြည်စားပါ၊ ဒီအသက်အရွယ်မှ ပြန်တွေ့ကြပေမယ့် သူက အမေ့ကို သံယောဇဉ်ရှိနေတုန်းပဲ၊ စီးပွားရေးကလည်း အခြေခိုင်တော့ အမေ သူ့ကို လက်ထပ်ဖို့ဆုံးဖြတ်ခဲ့မိတယ်"

"ဒါဆိုရင် ဦးထွန်းအောင်ဖော်ကရော"

"သူနဲ့အမေက ဘာမှမပတ်သက်ပါဘူး"

"မပတ်သက်ဘူးဆိုပြီး အမေ သူ့အိမ်ကိုသွားနေတာကရော"

မိဘတစ်ယောက်ကို တရားခံစစ်စစ်မေးနေရသကဲ့သို့ ခံစားလိုက်ရ၍ ဒေါ်ချယ်ရီ မျက်ရည်တို့ ဝေ့လာပြီး ချုံးပွဲချငိုတော့သည်။

ဘေးတွင် တစ်ချိန်လုံး ငူငူကြီးထိုင်ပြီး နားထောင်နေသော သတိုးဆွေ အစ်ကိုဖြစ်သူကို စောင်းငဲ့ကြည့်ပြီး

"ကိုကို အမေ မဖြေချင်တဲ့မေးခွန်းကို ဖွတ်အတင်းမမေးပါနဲ့တော့"

"အဲဒီကိစ္စကို ညီမလေး သိတယ် ကိုကြီး"

သင်းရန့် အခန်းတွင်းမှာရပ်နားထောင်နေရာမှ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။ အမေ ငိုနေရာမှ သင်းရန့်ကိုလှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ အမေက မပြောနဲ့ဆိုပေမယ့် သမီးကတော့ ကိုကြီးရော ကိုလတ်ရော သံသယတွေကင်းအောင် ပြောပြလိုက်တော့မယ်"

ဒေါ်ချယ်ရီ ဘာမှပြန်ပြောဖို့ စိတ်မရှိတော့။ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တာက မျှသိပ်ထားရတာထက် ပိုပြီးကောင်းပါ၏။

"အမေ အဲဒီလူကြီးဆီကို သွားနေတာ ကိုကြီးအချုပ်ကလွတ်ဖို့အတွက် အပေးအယူလုပ်ပြီး သွားနေရတာ၊ သူ့ဒဏ်ရာကို အမေကိုယ်တိုင် လာပြုစုပေးမှ ကိုကြီးအမှုကို ပိတ်ပေးမယ်ဆိုလို့ အမေရယ်လေ နေမကောင်းလည်း အဲဒီလူကြီးကို နာ့စ်တစ်ယောက်လို သွားပြုစုပေးနေရတာ"

သင်းရန့် ပြောရင်းဖြင့် ငိုသံအက်လာသည်။

"ညီမလေးအတွက်တော့ အမေဟာ ဘာပဲဖြစ်နေဖြစ်နေ သားသမီးတွေအတွက် စွန့်လွှတ်အနစ်နာခံပြီး နာမည်ပျက်စာရင်းဝင်ထားတဲ့ အမေ့မေတ္တာကို ညီမလေး အပြည့်အဝ ယုံကြည်တယ်၊ အဖေဆုံးကတည်းက ဘာစီးပွားရေးမှမလုပ်တတ်တဲ့ အမေဟာ ညီမလေးတို့မောင်နှမတွေ ပညာတတ်ဖြစ်အောင် သူ့ကိုစိတ်ဝင်စားတဲ့ယောကျ်ားတွေရဲ့ ထောက်ပံ့မှုကိုယူပြီး ပံ့ပိုးပေးခဲ့တာပါ၊ ပတ်ဝန်းကျင်က အမေ့ကို ဘယ်လိုထင်ထင် ညီမလေး ဂရုမစိုက်ဘူး ကိုကြီး၊ ညီမလေး ဂရုစိုက်တာ အမေ့စိတ်ချမ်းသာမှုပဲ၊ ဦးညိုဦးနဲ့လက်ထပ်လိုက်ရင် အမေ့မှာရှိနေတဲ့ နာမည်ဆိုးတွေဟာ ဂုဏ်ပကာသနတွေလွှမ်းမိုးပြီး အလိုလိုမှိန်ဖျော့သွားမှာပါ"





အရဲစွန့်ပြီး ရှင်းပြနေသော ညီမလေးစကားတွေကလည်း အမှန်တွေပဲမို့ သတိုး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ညှိုးငယ်နေသော အမေ့ကိုကြည့်ပြီး အမေ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"အမေ့ကို ဒီတစ်လျှောက် အပြစ်တွေချည်းပဲ တင်ခဲ့မိတဲ့အတွက် ကျွန်တော့်ကိုခွင့်လွှတ်ပါ အမေ၊ အခုတော့ အမေ ဘာကြီးပဲဖြစ်ဖြစ် ကျွန်တော် မရှက်တော့ပါဘူး၊ ဒါကြောင့် အမေ့ဗိုက်ထဲကကလေးအတွက် အမေ ဦးညိုဦးကို လက်ထပ်ပါတော့၊ ကျွန်တော်ကိုယ်တိုင် ဦးညိုဦးကို မင်္ဂလာကိစ္စစီစဉ်ဖို့ သွားပြောမယ်"

သတိုးဆိုလိုက်စကားကြောင့် အမေ့မျက်နှာမှ သောကတွေလွင့်စင်သွားသလို ခံစားလိုက်ရသည်။ သို့သော် အမေ ပျော်နေသလားဆိုတော့ အမေ့မျက်နှာအရိပ်ပေါ်တွင် ပျော်ရွှင်ရိပ်တွေကို တစိုးတစိမျှ ရှာမတွေ့။

ရှေ့လျှောက် အမေ့ကို အပြစ်မတင်တော့ပါဘူးဟု စိတ်ထဲမှ တီးတိုးရေရွတ်လိုက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သတိုး သား လာ လာ ဦးလေးဆီကို လာလည်တာလား"

"လာလည်တာမဟုတ်ဘူး အရေးကြီးတဲ့စကားတွေ ပြောစရာရှိလို့"

သတိုးကိုမြင်သည်နှင့် ဦးညိုဦး စားပွဲမှ ဗျာပျာသလဲထကာ ခရီးဦးကြို ပြုသည်။

"ဆရာ ညည့်သည်အတွက် တစ်ခုခုစီစဉ်လိုက်ရမလား"

ရုံးစာရေးလေး အလိုက်တသိ မေးသည်။

"သားအပူလား အအေးလား ဘာစားချင်လဲ ချက်ချင်းစီစဉ်လိုက်မယ်လေ"

ယခင်က ဦးညိုဦးထံမှ သားဟုခေါ်လျှင် အသည်းဆတ်ဆတ်ခါအောင်နာခဲ့သည်။ ယခုတော့ အမေသဘောကျနှစ်သက်သည့် ယောကျ်ား





တစ်ယောက်က သားဟုခေါ်တာ ကိုယ့်အသားယုံသွားတာမဟုတ်ဘူး။ ခေါ်ချင်သလိုခေါ်ပါစေတော့ဟူသော နားလည်စိတ်ကိုသာ မွေးမြူလိုက်တော့သည်။

"ကျွန်တော် ဘာမှမသောက်ချင်ဘူး ဦးလေး"

ဒေါသရိပ်မပါဘဲ ရုံးခန်းထိ လာတွေ့သော သတိုးဘိုလ်ကြောင့် တစ်ခုခုတော့ တစ်ခုခုပဲဟု ဦးညိုဦး စိတ်ထဲက ခန့်မှန်းလိုက်သည်။

"ကျွန်တော့်အမေဆီမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ ဦးလေးသိလား"

ထိုမေးခွန်းကိုဖြေရမှာ ဦးညိုဦးအနေနှင့် မျက်နှာပူပေမယ့် မဖြေ၍မရသဖြင့် မျက်နှာပူပူဖြင့်ပင် ခေါင်းညိတ်လိုက်သည်။ ထို့အတွက် သတိုးဘိုလ်၏လက်သီးချက်တွေ မျက်နှာပေါ်သို့ အဆက်မပြတ်ကျလာလည်း ကျေကျေနပ်နပ်ကြီး ခံလိုက်ရုံပင်။

"ဦးလေး မင်းအမေ့ကို တကယ် မေတ္တာရှိခဲ့တာပါ သားရယ်၊ အဲဒီအတွက် လက်ထပ်ဖို့ခွင့်တောင်းပေမယ့် ချယ်ရီက သူ့သားသမီးတွေရဲ့ဂုဏ်သိက္ခာကြောင့်ဆိုပြီး ငြင်းတဲ့အတွက် ဒီကိုယ်ဝန်ကို တာဝန်မယူရတာပါ"

သူ့ အပြစ်မကင်းသလို တောင်းပန်နေသော ဦးညိုဦးကို သတိုးဒီထက်ပိုပြီး မတင်းမာသင့်တော့။

"ကျွန်တော့်အမေဟာ ကျွန်တော်တို့အရွယ်မရောက်ခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးသွားခဲ့တယ်၊ အဲဒီအတွက် အမေဟာ သူ့အပေါ်မေတ္တာရှိတဲ့ ယောက်ျားတွေနဲ့မပတ်သက်ချင်ပေမယ့် သားသမီးတွေရဲ့ဘဝ ဆက်ရှင်သန်ဖို့ ပတ်သက်ခဲ့ရတယ်၊ သူတို့ရဲ့ထောက်ပံ့မှုတွေကို ရယူခဲ့ရတယ်၊ ဒါပေမဲ့ ကျွန်တော့်အမေဟာ ပြည့်တန်ဆာတော့ မဟုတ်ဘူး''

ခုရှုပ်မှ နောင်ရှင်း အမေ့ရဲ့အတိတ်အကြောင်းတွေကို အမေ ပြောပြော မပြောပြော သတိုး ပြောပြလိုက်သည်။ ကိုယ့်အမေရဲ့အားနည်းချက်တွေကို လက်ခံနားလည်ပေးရင် လက်ထပ် နားလည်မပေးရင် နောက်လှည့်ပြန် ဒါပဲရှိသည်မို့ တစ်ခါတည်း ဖွင့်ချပြလိုက်ခြင်းဖြစ်သည်။

"ဒါတွေအားလုံး ဦးလေးသိပြီးသားပါ၊ သနားစရာကောင်းတဲ့ ချယ်ရီ့ဘဝကို ကရုဏာသက်မိပေမယ့် ဦးလေးနဲ့မတွေ့ခင်ကချယ်ရီ့ရဲ့ အတိတ်ကို ဘယ်လိုမှ ပြင်ဆင်ပေးလို့မှ မရတာ၊ ဒီတော့ ဘဝခရီးကြမ်းတမ်းခဲ့တဲ့ ချယ်ရီ့ကို ဦးလေးနဲ့တွေ့တဲ့အချိန်ကစပြီး သာယာဖြောင့်ဖြူးစေချင်ခဲ့တယ်၊ ချယ်ရီရဲ့သားသမီးတွေကိုလည်း ဦးရဲ့သားသမီးတွေလို ဖခင်တစ်ယောက်ရဲ့မေတ္တာတွေပေးချင်လာမိတယ်၊ မဖြစ်နိုင်မှန်းသိပေမယ့် လူဆိုတာ မသေမချင်း ရှုးသွပ်ခွင့်ရှိပါတယ်''

စကားကို အလေးအနက်ပြောနေသော ဦးညိုဦးကိုကြည့်ပြီး အမေ့ဘေးမှာရစ်သီရစ်သီ လုပ်နေတဲ့ ယောက်ျားတွေနဲ့ တစ်တန်းထဲထားပြီး မုန်းတီးခဲ့မိသည့် ကိုယ့်အတွက်ကို ကိုယ်ပြန်မြင်ယောင်လာသည်။

''ဒါဆို အမေဟာ ဘယ်လို အမည်းစက်တွေပဲရှိခဲ့ရှိခဲ့ ဦးလေး





နားလည်ပေးနိုင်တယ်ပေါ့၊ နောက်ပြီး ကျွန်တော်အချုပ်ကျတဲ့အချိန်မှာ ဦးထွန်းအောင်ဇော်အိမ်မှာ သူ့ဒဏ်ရာကို သွားပြုစုပေးရသေးတာကိုရော ဦးလေး ဘယ်လိုခံစားရလဲ၊ အဲဒီလူကြီးက မစားရဝှဲ့အမဲ သဲနဲ့ပက်တတ်လို့ ကျွန်တော့်ဘက်က ရှင်းသင့်တာကို ရှင်းထားတာ''

သတိုးဘိုလ် စကားကြောင့် ဦးညိုဦး ကြည်ကြည်လင်လင်ပြုံးသည်။

''အဲဒီကိစ္စကို လုပ်သင့်မလုပ်သင့် ချယ်ရီ စဉ်းစားနေချိန်မှာ သားသမီးအတွက် လုပ်သင့်တယ်ဆိုပြီး တွန်းအားပေးခဲ့တာ ဦးလေးပါပဲ၊ ချယ်ရီက သားကိုအချုပ်က လွတ်မယ်ဆိုရင် သူ့အသက်ပေးရလည်း ပေးနိုင်ပေမယ့် ဒီကိစ္စကို\သားသိရင် သူ့ကိုထပ်ပြီး အထင်သေးမှာစိုးလို့ တွန့်ဆုတ်နေမိတာပါ၊ အဲဒါကို ဦးလေးက ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပဲဆိုပြီး တွန်းအားပေးလိုက်မိတယ်''

ပို၍ အံ့သြသွားသည့်သူက သတိုးဘိုလ်ဖြစ်သည်။ အချစ်စစ်တို့မည်သည်မှာ ဘယ်လိုပင် အပြစ်အနာအဆာတွေ ထုတက်အောင်ရှိနေပါစေ ချစ်နေရရင် ကျေနပ်နေတတ်သောအချစ်ကို တန်ဖိုးထားကြသူများထဲတွင် ဦးညိုဦးဟာ မပါမဖြစ် ပါနေရပြီပေါ့။

''ဒါဆိုရင် ပြီးရောလေ ဦးလေးနဲ့အမေ့ကြားမှာ သံယောဇဉ်အမျှင်က တန်းနေကြပြီပဲ၊ ကျွန်တော်တို့သားသမီးတွေက ဦးလေးလက်ထဲကို အမေ့တစ်ဘဝလုံး အပ်ပေးရတော့မှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မမျှော်လင့်ရဲခဲ့သော အခွင့်အရေးမို့ ဦးညိုဦး ထခုန်မိမတတ် ဝမ်းသာသွားသည်။

"ဟာ ဝမ်းသာလိုက်တာ သားကြီးရာ၊ ဦးလေး ဒီတစ်သက် ချယ်ရီနဲ့ လက်ထပ်ခွင့်မရတော့ဘူးလို့ ထင်ထားတာ၊ ဦးလေးတို့လူကြီးတွေအပေါ် နားလည်ပေးတဲ့ သားတို့ကို ကျေးဇူးအရမ်းတင်ပါတယ်"

"ကျေးဇူးတင်ဖို့မလိုပါဘူး ဦးလေးသာ အမေ့အပေါ် တစ်သက်လုံး ချစ်သွားဖို့လိုတာပါ"

"စိတ်ချပါ ဦးလေးအသက်နဲ့ရင်းပြီး မင်းတို့အမေကိုရော မင်းတို့မောင်နှမတွေကိုပါ စောင့်ရှောက်သွားပါ့မယ်၊ မင်းလည်း ဒီနေ့ကစပြီး မန်နေဂျာမလုပ်ဘဲ အဲဒီပွဲရုံပိုင်ရှင်အဖြစ်နဲ့ လုပ်ငန်းတွေကို တိုးပွားအောင် ကြိုးစားတော့"

တက်ကြွပျော်ရွှင်စွာပြောနေသော ဦးညိုဦး၏စကားကြောင့် သတိုး နားမလည်စွာဖြင့်ကြည့်ပြီး

"ပွဲရုံပိုင်ရှင် ဟုတ်လား ဦးလေး"

သတိုးအမေးကြောင့် ဦးညိုဦး ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးကာကြည့်ပြီး

"အဲဒီပွဲရုံက ဦးလေးရဲ့ပွဲရုံပါပဲကွာ၊ ခုတော့ မင်းရဲ့ပွဲရုံအဖြစ် ကျေကျေနပ်နပ်ကြီး လွှဲပေးရမှာပေါ့"

အခွင့်အရေးကလည်း ရလာတော့ ရက်ရက်ရောရောပင်။





"ကျွန်တော် သူများပစ္စည်းကို အလကား မလိုချင်ဘူး ဦးလေး၊ မန်နေဂျာရာထူးနဲ့ပဲ ဆက်လုပ်မှာပါ"

ရယူလိုစိတ်မရှိသောမာနကို ဦးညိုဦး လေးစားမိပေမယ့် သူဟာပထွေးဆိုတဲ့အမြင်မျိုး မခံရအောင် ချယ်ရီ့သားသမီးတွေရဲ့လိုအပ်ချက်တွေကို စေတနာသန့်သန့်ဖြင့် ကူညီဖြည့်ဆည်းပေးချင်သည်။

"မင်း အထင်မှားနေပြီကွ တကယ်တော့ ဒီပွဲရုံက မင်းအမေရဲ့ပွဲရုံပဲ"

"ဗျာ"

"ဟုတ်တယ် မင်းဆယ်တန်းနှစ်က မော်ဘီက မင်းတို့အဖေအမွေရခဲ့တဲ့ခြံကို မင်းအမေ ရောင်းခဲ့သေးတာ မှတ်မိလား"

လွန်ခဲ့သော ခုနစ်နှစ်ရှစ်နှစ်ခန့်ကမို့ မမှတ်မိစရာအကြောင်းမရှိ။

"ဟုတ်တယ်လေ ကျွန်တော် ဆယ်တန်းနှစ်မှာ ကျူရှင်ကောင်းကောင်းမထားနိုင်မှာစိုးလို့ အမေ အဲဒီမြေကွက်ကို ရတဲ့ဈေးနဲ့ရောင်းခဲ့တာ"

"အဲဒီငွေတွေထဲက အချို့တစ်ဝက်ကို မင်းတို့ပညာရေးစရိတ်အတွက်သုံးခဲ့ပြီး ကျန်တဲ့ငွေတွေနဲ့ ဦးလေးက ပောဒီမင်းဝင်လုပ်နေတဲ့ပွဲရုံကို မင်းအမေနာမည်နဲ့ ဝယ်ပေးခဲ့တာပါကွ"

"ဒါနဲ့ အမေပြောတော့ အဲဒီငွေတွေက ဦးလေးဆီက ချေးသုံး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့အကြေးတွေကို ဆပ်လိုက်ပြီလို့ ပြောခဲ့တာပဲ၊ ဒါဟာ တကယ် မဟုတ်ဘူးလား''

''ချယ်ရီကတော့ အကြွေးဆပ်တာလို့ ပြောပေမယ့် ဦးလေးက မယူရက်ပါဘူး၊ သူ့နာမည်နဲ့ပဲ သူငယ်ချင်းရဲ့ပွဲရုံကို လွှဲယူလိုက်တာပါ။ အခု မင်းတို့ဟာ အခြေမဲ့အနေမဲ့တဲ့ကလေးတွေမဟုတ်သလို မင်းတို့ အမေဟာလည်း ယောကျ်ားတွေဆီက ထောက်ပံ့ကြေးယူပြီး အသက်ဆက်ရှင်နေရတဲ့အမေမျိုး မဟုတ်ပါဘူး''

လျှို့ဝှက်နိုင်လွန်းသော အမေ့ကို သတိုး မအံ့သြဘဲ မနေနိုင်တော့။ အမေ့အပေါ် အထင်ကြီးချင်စိတ်မရှိဘဲ သားသမီးတွေ သူများတံတွေးခွက်ထဲမျောအောင်လုပ်တဲ့အမေဆိုပြီး မညှာမတာ စေဖန်ပြောဆိုခဲ့သည်။

''ခုတော့ အကြီးအကျယ်ကို မှားခဲ့သူက အမေမဟုတ်ဘဲ ကိုယ်ကိုယ်တိုင် ဖြစ်နေပြီပဲ''

''ကျွန်တော် မှားသွားပြီ ဦးလေး။ ကျွန်တော် အမေ့ကိုတောင်းပန်ရမယ်''

ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး ရုံးခန်းထဲက ထွက်ဖို့ဟန်ပြင်လိုက်သည်။

''သား မင်းတို့အမေက မင်းတို့ကို သိပ်ချစ်ပါတယ်ကွာ''

ဦးညိုဦးစကားအဆုံး သတိုး အမေရှိရာအိမ်သို့ ပြန်လာခဲ့လိုက်





သည်။

သားသမီးတွေအတွက် မာန်မာနတွေ ဂုဏ်သိက္ခာတွေကို စွန့်လွှတ်ခဲ့တဲ့ အမေ၊ ဒီလိုအမေမျိုးကို မြစ်မှားမိသော ကိုယ်ကသာ လူမိုက်စစ်စစ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"နင်တို့မိသားစုလေးကိုကြည့်ရတာ ငါ အရမ်းစိတ်ချမ်းသာတာပဲ သတိုးရယ်၊ ငါမပြောဘူးလား၊ လောကမှာ ဘယ်အရာကိုမှ ကိုယ်ဖန်တီးသလိုမဖြစ်ဘူးဆိုတာလေ၊ ခုတော့ နင်တို့မောင်နှမတွေ လုံးဝမျှော်လင့်မထားတဲ့ဘဝလေးတစ်ခုကို ပိုင်ဆိုင်ရပြီး အန်တီ့ကို ဘယ်သူကများ လာပြီး ဝေဖန်ရဲကြလဲ၊ ရပ်ကွက်ထဲမှာ ဦးညိုဦး ဒေါ်ချယ်ရီမောင်မောင်ဆိုပြီး အားလုံးက တလေးတစား ဆက်ဆံတတ်လာကြပြီး"

နေမည့်နှုတ်ဖျားမှ စိတ်ချမ်းမြေ့စရာစကားတွေကြောင့် သတိုးဘိုလ် ရင်ထဲမှာ ဘာတွေကို ကျေနပ်နေမှန်းမသိအောင်ကို စိတ်တွေကြည်လင်နေသည်။

"ပွဲရုံအခြေအနေရော နင့်လက်ထဲရောက်မှ တိုးတက်လာတယ်





ဆို"

"ဟုတ်တယ် တစ်နေ့ကပဲ ကုန်တင်ကားနှစ်စီး ထပ်ဝယ်လိုက်တယ်၊ နယ်အမှာတွေက ဆက်တိုက်ကျနေတော့ အပြင်ကားငှားနေတော့ဘူးလေ၊ ကားဆရာတွေကိုလည်း ယုံကြည်စိတ်ချရတဲ့ဘော်ဒါတွေကိုပဲ အပ်ထားလိုက်တယ်၊ အင်း ခုတော့ ငါ့အမေရဲ့လှိုင်းထန်နေတဲ့ဘဝလည်း ငြိမ်သက်အေးချမ်းသွားပါပြီ၊ မပြည့်စုံမှုတွေရဲ့ပတ်ဝန်းကျင်က မေးငေါ့ကြလို့ သိမ်ငယ်ကြရတဲ့ငါတို့မောင်နှမတွေရဲ့ဘဝတွေလည်း ခုဆိုရင် ပြည့်စုံသွားပါပြီ၊ ငါ့ညီဆိုရင်လည်း ကျောင်းပြီးတာနဲ့ လေယာဉ်ပြန်လက်ထပ်မယ်ဆိုပြီး ညက အမေ့ကို ပြောနေတယ်၊ ဦးညိုဦးကတော့ သားလတ်မင်္ဂလာပွဲကို ရန်ကင်းလာမှာ အကြီးကျယ်ဆုံးအခမ်းနားဆုံးလုပ်ပေးမယ် ဆိုပြီး ကြွေးကြော်နေလေရဲ့"

နေမည့် ပြုံးပြီး နားထောင်နေသည်။

"တကယ်တမ်း မပြည့်စုံသေးတာက ငါပဲလေ"

"ဟင် နင်က ဘာကိုမပြည့်စုံသေးတာလဲ၊ ပွဲရုံပိုင်ရှင်လည်း ဖြစ်သွားပြီ၊ ကားအကောင်းစားကြီးလည်း စီးနိုင်ပြီ၊ ပြီးတော့ သိပ်ချစ်စရာကောင်းတဲ့ ညီမသေးသေးလေးကိုလည်း နင့်အမေက မွေးပေးပြီးသွားပြီ၊ အဲဒါပေါ့ လူဆိုတာ ပိုင်ဆိုင်ရလေ ပိုပြီးလောဘတက်လေပဲဆိုးဟာ"

နှုတ်ခမ်းအစုံကို မဲ့ပြီး အပြစ်တင်ဝေဖန်လိုက်သော နေမည့်စကားကြောင့် သတိုးဘိုလ် ဟက်ဟက်ပက်ပက် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ မဟုတ်လို့လား"

"ဟုတ်ပါတယ် ဒါပေမဲ့ ငါ့မှာ အချစ်မရှိသေးဘူးလေ၊ နင်က ငါ့ကို ခုချိန်ထိ ချစ်သူအဖြစ် အသိအမှတ်မှ မပြုသေးတာ၊ ဒီပုံအတိုင်းဆို ငါက လူအိုရုံကိုသွားရတော့မယ့်ကိန်းဆိုက်နေပြီ သိလား"

"သွားပေါ့ ငါလည်း အသက်ကြီးလာရင် လူအိုရုံသွားမယ်လို့ ဆုံးဖြတ်ထားပြီးသား၊ လင်ယူသားမွေးအလုပ်ကြီးကို ငါ ရင်မဆိုင်ရဲဘူး"

"အေးလေ ဒါဆို လင်လည်းမယူနဲ့ သားလည်းမမွေးနဲ့ဟာ၊ ယောကျ်ားပဲယူ အဲဒီယောကျ်ားကလည်း ငါပဲဖြစ်ရမယ်၊ နင်နဲ့ပတ်သက်ရင် ငါက ဇာတ်လိုက်မင်းသားပဲဖြစ်ချင်တာဟ၊ ငါ့ကိုလက်ထပ်လိုက်ရင် နင် ဘာမှလုပ်စရာမလိုဘူး၊ ငါက အကုန်လုပ်ပေးမယ်ဟာ အဟဲ ယုတ်ဆွ အဆုံး ထမင်းလည်းဝါးခွံ့မယ်၊ အီးပါသေးပေါက်လည်း ငါကိုယ်တိုင် လုပ်ပေးမယ်"

သတိုးစကားကြောင့် နေမညို ဟက်ဟက်ပက်ပက် ရယ်သည်၊ ရယ်ရင်းမှ

"နင်နော် ပေါက်ကရတွေမပြောနဲ့"

"ပေါက်ကရ မပြောစေချင်ရင် ငါ့ကိုပြန်ချစ်လိုက်ပါတော့ဟာ၊ အခုဆို ငါက နင်နဲ့ဂုဏ်ရည်မတူရင်တောင် နင့်ကိုဂုဏ်မငယ်စေချင်တဲ့ လုပ်ငန်းရှင်တစ်ယောက်ဖြစ်နေပါပြီ"

"ငါက နင့်ကိုမချစ်ဘူးဆိုရင် ခုလို အကြိုအပို့လုပ်နေတာကို





ငြိမ်နေမလား"

"ဟင် ဒါဆိုရင် နင်က ငါ့ကိုချစ်လို့ အကြိုအပို့လုပ်ခိုင်းတယ် ဆိုတဲ့ သဘောလား ဟုတ်လား"

ကားကို ကွေ့ခနဲ ရပ်ပြီး နေမညို လက်ကိုဆုပ်ကိုင်ပြီး မေး လိုက်သည်။

"ဆက်မောင်းလေ ကားကို ဘာဖြစ်လို့ ရပ်လိုက်တာလဲ"

"နင် ငါ့ကိုချစ်တာ ဟုတ်မဟုတ် သေချာသိပြီးမှ ငါကားကို ဆက်မောင်းမှရမှာ၊ အခု ငါ့စိတ်တွေ လှုပ်ရှားနေတယ် ပြောစမ်းပါ၊ နင် ငါ့ကိုချစ်တယ်မဲ့ဟုတ်လား"

နေမညို မျက်စောင်း ခပ်လက်လက်ထိုးကာ

"နင်ဟာလေ အထူအပါးကို နားမလည်ဘူး"

"ဒါ ဒါဆို ငါ့ကိုချစ်တယ်ပေါ့၊ ဟား ဝမ်းသာလိုက်တာ အချစ် ရာ၊ မဖြစ်ဘူး မဖြစ်ဘူး ငါတို့က အကြီးဆိုတော့ ငါတို့မင်္ဂလာပွဲကို အရင်ဦးဆုံးလုပ်ရမယ်"

"အို မလုပ်ပါဘူး လက်ထပ်တဲ့ကိစ္စကို အလုအယက်လုပ်စရာ လား ဟွန်း"

ထိုနေ့က သတိုးဘိုနှင့် နေမညိုတို့ တရားဝင်ချစ်သူတွေ ဖြစ် ခဲ့ကြပါသည်။

သတိုးဘဝဟာ အမြဲတမ်း မုန်တိုင်းမထန်ပါဘူး၊ နံနက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



နေခြည်နုနုနှင့်အတူ အနာဂတ်ကို လျှောက်မည့်ခရီးလမ်းမှာ လေပြည်တွေက ခုန်ပြီး ပန်းပွင့်တွေက တေးဆိုသီကြူးပြီး ကြိုဆိုနေကြလေရဲ့။

■ ■ ■

"ကြီးမေ လေပြေ ပြန်မရောက်သေးဘူးလား"

ညှော်ခန်းထဲတွင် ကိုရီးယားကား ထိုင်ကြည့်နေသော ကြီးမေ မျက်နှာမဲ့ပြီး

"မလာသေးပါဘူးတော်၊ ညည်းညီမက ခုတစ်လော အိမ်ပြန်ကို နောက်ကျနေတာ ပြန်လာရင် ဟိုသင်တန်းအကြောင်းပြ ဒီသင်တန်းအကြောင်းပြနဲ့ ယုံအောင်ရှိုးဦးမှပဲ"

လူကြီးပီပီ ခေတ်လူငယ်တွေအပေါ် နားလည်မပေးတတ်သော ကြီးမေနှင့် ညီမလေးကြားမှ နားလည်မှုအလွဲတွေကို နေမည်ို အာရုံမထားနိုင်တော့။

"ကဲပါကြီးမေရယ် သူ့ကို အာရုံထားမနေနဲ့တော့ အခု ကြီးမေ ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမှာလဲ ညည်းတို့လာမှ စားကြမယ်ဆိုပြီး စောင့်နေတာပေါ့"

ကလေးတစ်ယောက်နှယ် ပြုမူပြောဆိုတတ်သော ကြီးမေ၏ အမူအရာတို့သည် နေမည်ိုအတွက်တော့ စိတ်အနှောင့်အယှက်မဖြစ်ဘဲ ချစ်ဖို့ပင် ကောင်းနေသေးသည်မို့ ကြီးမေ၏သနပ်ခါးနံ့သင်းနေသေးသော





ပါးဖောင်းဖောင်းကို ချစ်စနိုး နမ်းရှုံ့လိုက်ပြီး

"အဲဒါကြောင့် ကြီးမေကို ချစ်တာ၊ ခဏနေဦး နေ အဝတ်အစားသွားလဲလိုက်ဦးမယ်၊ ပြီးရင် ထမင်းပွဲပြင်ပေးမယ်နော်"

"ဟယ် အဝတ်အစားပဲလဲမှာလား ရေမချိုးတော့ဘူးလား။ ဆေးရုံမှာ လူနာပေါင်းစုံ ရောဂါပိုးပေါင်းစုံနဲ့ထိတွေ့လာတာ ရေချိုးမှ ဖြစ်မှာပေါ့"

"နေ ရေချိုးရင် ကြာနေမှာစိုးလို့ စားပြီးမှ ချိုးမလားလို့ပါ"

"ကြာတာက အရေးမကြီးဘူး ကြီးမေလည်း လက်ဖက်တွေစားထားလို့ ဗိုက်မဆာသေးဘူး ရေသာအရင်ချိုးလိုက်"

ရှေးလူကြီးများ ကြိုတင်ကာကွယ်တတ်ပုံကြောင့် နေ ကျေနပ်စွာ ပြုံးလိုက်သည်။ တကယ်ဆို နေမည်ိုကလည်း ရေအရင်ချိုးချင်တာပါ။ ကြီးမေ ဗိုက်ဆာနေမည်စိုးသောကြောင့် ထမင်းအရင်စားဖို့ ပြောလိုက်ခြင်း ဖြစ်သည်။

"ကဲ ဒါဆို ရေလေး မြန်မြန်ချိုးလိုက်ဦးမယ်၊ မကြာပါဘူး ဆယ့်ငါးမိနစ်ပါပဲ"

"ကဲပါ ပြောနေတာကမှ ကြာဦးမယ်၊ မြန်မြန်ဝင်ပြီး မြန်မြန်ချိုး အအေးပတ်မယ်"

အခန်းထဲ ကပျာကယာဝင်သွားသော နေမည်ိုကို အအေးပတ်မှာကိုလည်း ကြီးမေ စိတ်ပူမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကားစက်သံကြားလိုက်သဖြင့် ကြီးမေ ကိုရီးယားကား ဆီကို အာရုံပြန်စုစည်းနေရာမှ အသံကြားရာသို့ နားစွင့်လိုက်ပြီး

"ဟော ကားသံကြားတယ်၊ အချိန်မှန်ရထားကြီး လာပြီထင်ပါ့"

ကြီးမေ တစ်ယောက်ထဲပြုံးကာ ခပ်တိုးတိုးပြောပြီး ထိုင်ရာမှ ထကာ တံခါးထဖွင့်ပေးထားလိုက်သည်။

သိပ်မကြာလိုက် တံခါးဝသို့ သတိုးဘို စားစရာသောက်စရာ တွေ တစ်ပွေ့တစ်ပိုက်ဖြင့် ရောက်ချလာသည်။

"ကြီးမေ နေ ပြန်ရောက်ပြီလား"

"ရောက်ပြီလေ ရေချိုးနေတယ်"

"ထမင်းရော စားပြီးကြပြီလား"

"မစားရသေးဘူး သူပြီးမှစားမှာ၊ မင်းရော မစားရသေးရင် ဝင်စားသွား၊ ဒီနေ့ မင်းခရီးကပြန်လာမယ်ဆိုလို့ ပိုပိုလိုလို ဆိတ်သား အုန်းနို့ချက်ကလေး ချက်ထားတယ်"

"သိနေတယ်လေ ဒါကြောင့် ခရီးကပြန်လာတာနဲ့ အိမ်ကို တန်းမပြန်ဘဲ ကြီးမေလက်ရာကို အရင်ဝင်စားတာပေါ့၊ ဒါပဲနော် ကြီးမေ ကျွန်တော်နဲ့ နေ လက်ထပ်ပြီးရင် ကျွန်တော်ကြိုက်တဲ့ဟင်းတွေချည်းပဲ၊ တစ်နေ့တစ်မျိုးမရိုးရအောင် ချက်ကျွေးရမှာ"

သတိုး၏တောင်းဆိုမှုကြောင့် ကြီးမေ မဲ့ပြုံးလေးပြုံးကာ

"မင်းတို့ပဲ အရင်ယူကြပါဦး ယူပြီးလို့မှ ချက်မကျွေးရင် ကြီးမေ





လောက် အလိုက်မသိတဲ့ ကြီးဒေါ် လောကမှာ ရှိပါဦးမလား၊ ငါကတော့ မင်းတို့ကို မြန်မြန်ယူစေချင်ပြီ၊ ငါမသေခင်မှာ ငါ့တူမ မွေးတဲ့ကလေးတွေ ကို ထိန်းသွားချင်သေးတယ်ဟယ်"

ထိုစကားသည် သတိုးအတွက် အားရကျေနပ်မှုအရှိဆုံးစကား မို့ သဘောအကျကြီးကျကာ

"ကြီးမေတူမကို ကြီးမေပဲ ပြောလိုက်ပါတော့ဗျာ၊ ကျွန်တော် လည်း ပြောရလွန်းလို့ အသက်တွေအိုပြီး ဘိုးဘွားရိပ်သာကို အမြန် ရောက်ရတော့မယ့်ကိန်း၊ ယောက်ျားတစ်ခါယူဖို့ တွန့်ဆုတ်နေလိုက်ပုံများ တကယ့်ကို တရားရပုဂ္ဂိုလ်ကြီးလိုပဲ၊ ကျွန်တော်က ဖြစ်နိုင်ရင် ခုချက်ချင်း ယူဆိုရင်တောင် အိပ်ပျော်နေတဲ့ တရားသူကြီး အတင်းနှိုးပြီး လက်မှတ် ထိုးမှာဗျ"

သတိုးဘိုလ်စကားကြောင့် ပိုရန်ကောဟူသောအကြည့်ဖြင့် ကြည့်ကာ တဟားဟားဖြင့် ရယ်၏ ရယ်နေရင်းမှ

"ဒါဆိုရင်လည်း ကားတင်ပြေးလိုက်တော့ဟေ့"

ထိုစဉ် နေမည်ျ ရေချိုးပြီးစ ရှင်းသန့်သော ကပိုကရိုဟန်လေး ဖြင့် အိမ်ရှေ့ထွက်လာပြီး

"ကြီးမေ ဘာတွေမြှောက်ပေးနေပြန်ပြီလဲ၊ ကိုယ့်တူမကို အိမ် ထောင်ဆိုတဲ့ ထောင်ထဲ အတင်းကို ထိုးထည့်နေပါလားလို့"

"ကျုပ်က ကျုပ်တူမလေး ဟိုင်းသွားမှာစိုးလို့ပါအေ၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ရောင်းကုန်တစ်ခုပဲအေ့၊ လတ်ဆတ်တုန်းပဲ ယောကျ်ားတွေက ကြိုက်ဈေးပေးပြီးဝယ်တာ သိပ်မလတ်ဆတ်တော့ရင် အောက်ဈေးနှိုက်ပြီး ဝယ်တတ်တဲ့အကျင့်မျိုး ယောကျ်ားတွေဆီမှာပဲရှိကြတာမလား''

ပွင့်ပွင့်လင်းလင်းကြီး တူမကို ဈေးတင်နေလိုက်ပုံများ နေမညို ကပဲ ရောင်းမစွံသေးတဲ့ ဒီတိအောက် ကိတ်မုန့်တစ်လုံးနှယ်။

''အဲဒီယောကျ်ားတွေထဲမှာ ကျွန်တော် မပါပါဘူး ကြီးမေရယ် အဟဲ နေက ရောင်းမကုန်ရုံတင်မဟုတ်ဘူး။ မိုတက်နေရင်တောင် ကျွန် တော်က မြတ်မြတ်နိုးနိုးနဲ့ သုံးစွဲမှာပါဗျ''

ပြောရင်း သတိုး တဟားဟားရယ်ပြန်သည်။ နေမညို ရှက် ရိပ်တို့စွက်ကာ သတိုးကျောပြင်ကို မနာအောင် ခပ်ဖွဖွထုသည်။

''သတိုးနော် နင်ကပဲ ကြီးမေနဲ့အပြိုင် ငါ့ကိုနှိပ်ကွပ်နေတယ်မေ့ ဟုတ်လား တော်ပြီ ဒီတစ်သက် လုံးဝ အပျိုကြီးပဲ လုပ်တော့မယ်''

နှုတ်ခမ်းစူကာ စိတ်ဆိုးဟန်ပြတော့ သတိုး တဟားဟားအော် ရယ်နေရာမှ ဘရိတ်အုပ်ပြီး

''အဲလိုတော့ မလုပ်လိုက်ပါနဲ့ ချစ်သူရာ၊ မောင်က ချစ်လို့စတာ ပါ၊ လာ မောင်လေ ချစ်ကြိုက်တဲ့ ပီဇာဝယ်လာတယ်''

နေမညို လက်ကို ထမင်းစားပွဲရှိရာသို့ အတင်းဆွဲခေါ်ပြီး လေယူ လေသိမ်း ချက်ချင်းပြောင်းသွားသော သတိုးကိုကြည့်ပြီး ကြီးမေ ခွီးခနဲ ရယ်ပြန်သည်။ နေမညိုပြ မရယ်ဘဲ မနေနိုင်တော့။

■ ■ ■



အခန်း (၁၉)

''ချယ်ရီ သားကြီးနဲ့သားလတ် ပြန်လာပြီကွ ထမင်းစားကြ ရအောင်''

ညှော်ခန်းထဲတွင် ဂျာနယ်ထိုင်ဖတ်နေသော ဦးညိုဦး ဧည့်ခန်းထဲ ကို ညီအစ်ကိုနှစ်ယောက်ဝင်လာတာ တွေ့သည်နှင့် အိမ်ထဲကိုလှမ်းအော် သည်။

ဒေါ်ချယ်ရီ ကလေးငယ်ကိုပွေ့ချီပြီး အခန်းထဲမှထွက်လာကာ

''ရှင့်သမီး ကိုကျနေလို့ ဟော သမီးလေးရေ ဟိုမှာ ကိုကိုကြီး နဲ့ ကိုကိုလတ်တို့ ပြန်လာပြီ''

ပွဲရုံမှာ စိတ်ပင်ပန်းလာသမျှ အိမ်ရဲ့ဆည်းလည်းလေးဖြစ်သော ညီမငယ်လေးကြောင့် အမောပြေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိုးနှင့် သတိုးခွေ မိခင်ချီထားသော ချစ်စရာညီမလေးထံသို့ အလုအယက် ရောက်လာကြသည်။

"မီးမီးတုံလေးရေ လာပါဦးကွာ"

သတိုးဘိုက မြူတုန်းရှိသေးသည့် သတိုးခွေက အရင်လုချီလိုက်သည်မို့ ချီရန်လက်လှမ်းရွယ်နေသော သတိုး၏လက်မှာ တို့လို့တန်းလန်းဖြစ်သွားသည်။

"ဟော့ကောင် ငါအရင်ချီမှာလေကွာ၊ မင်းကိုယ်က ချွေးတွေနဲ့ ကလေးကို ချွေးနံ့ကူးကုန်မယ် ပေး ပေး"

သတိုးခွေလက်ထဲမှ ညီမလေးကို သတိုးက ပြန်၍လုချီသည်။ သတိုးခွေက မပေး။

"အံမယ် ကိုကိုကိုယ်ကရော ကြက်သွန်နံ့တွေ ပဲနံ့တွေနဲ့ နံ့ဟောင်နေတယ်လေ၊ ကိုကိုသာ အရင်ရေသွားချိုးလိုက်ဦး ဟုတ်တယ်နော် ချစ်သဲတုံလေး ဟား ဟား ကိုကို ငယ့်ညီမလေးက ချစ်ဖို့ကောင်းလိုက်တာ ပါးကို ဟော့သလို ဟော့သလို အားရပါးရ နမ်းချင်တာ"

သတိုးခွေ တရှုံ့ရှုံ့နှင့် ချစ်စရာကောင်းသော ပါးဖောင်းဖောင်းလေးကို နမ်းသည်။ ညီမလေးကလည်း ငိုခြင်းမဲ့ခြင်းမရှိဘဲ တခစ်ခစ်နှင့် သဘောတကျ ရယ်တော့သည်။

ဘယ်လောက်ပဲ အိပ်ချင်အိပ်ချင် ညအိပ်ခါနီး အစ်ကိုတွေ အစ်မတွေက သူ့အခန်းထဲဝင်လာသော ခြေသံကြားပြီဆိုတာနှင့် အိပ်





၉

နေရာမှ ခေါင်းထောင်ကြည့်ကာ အပြင်ကိုထွက်မယ်ဆိုပြီး လက်ညှိုးတရွယ်ရွယ်နှင့် တီမွီရှေ့ကို သွားနိုင်းတော့သည်။

ကိုနီးယား သီချင်းခွေဖွင့်ပေးလို့ကတော့ သူ့ခန္ဓာကိုယ်လေးကို တေးသွားအတိုင်း လှုပ်ရမ်းပြီးကတော့သည်။ ပါးစပ်က သီချင်းကလည်း ညည်းလိုက်သေးသည်။

"ဟော့ကောင် တော်ပြီလေကွာ ငါ့ကိုပေးချီဦး ငါမနက်ကတည်းက မချီရသေးဘူးကွ"

သတိုးကို အတင်းလုချီနေ၍ သတိုးခွေ ညည့်ခန်းထဲတွင် ညီမလေးကိုချီပြီး ပတ်ပြေးသည်။ ညီမလေး သဘောတွေကျကာ တခစ်ခစ်ရယ်နေပုံမှာ အူတက်မတတ်ပေ။

ကြည်နူးစရာကောင်းသော မြင်ကွင်းလေးကိုကြည့်ပြီး ဦးညီဦး ခေါင်းတညိတ်ညိတ်လုပ်ကာ ပြုံးပြီး ဒေါ်ချယ်ရီ၊ ပခုံးကိုခပ်ဖွဖွဆုပ်ကိုင်ပြီး

"သားကြီးရော သားလတ်ရော သူတို့ညီမလေးကို ချစ်နေကြတာ မြင်တော့ ကိုယ်ကြည်နူးတယ် ချယ်ရီရယ်၊ ကိုယ့်ကို ဒီလိုပျော်စရာကောင်းတဲ့ မိသားစုလေးဘဝကို ဖန်တီးပေးတဲ့အတွက် ချယ်ရီကို ကျေးဇူးတင်တယ်ကွာ"

"သားတို့က ရှင့်ရဲ့မေတ္တာတရားကို ယုံကြည်သွားလို့ ကျွန်မတို့ မိသားစုလေး ခုလို စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်ဘဝနဲ့ နေရတာပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုညီညီဦးရယ်၊ ကျေးဇူးတင်ခြင်းတင် ကျွန်မတို့မိသားစုလေးက ရှင့်ကို ကျေးဇူးတင်ရမှာပါ''

''ဒါနဲ့ သားကြီးနဲ့ သူ့ဆရာဝန်မလေး အခြေအနေကရော ဘယ်တော့လောက် လက်ထပ်ပွဲ စီစဉ်မယ်ပြောလဲ''

''သီတင်းကျွတ်တာနဲ့ လက်ထပ်မယ်ပြောတယ်၊ အငယ်ကောင်ကလည်း သူ့ကောင်မလေး ကျောင်းပြီးတာနဲ့ လက်ထပ်မယ်ဆိုတော့ ညီအစ်ကို နှစ်ယောက်စလုံး တစ်နှစ်ထဲမှာ မင်္ဂလာပွဲလုပ်ဖြစ်မယ် ထင်တယ်''

ဆိုင်းမဆင့် ဘုံမဆင့် သားတွေမင်္ဂလာကိစ္စကို တိုင်ပင်ဖြစ်နေသည်။

''ဒါဆို ရှေ့လထဲလောက် စေ့စပ်ပွဲလုပ်ပေးလိုက်ရင် ကောင်းမလား''

သားရှင်အနေနဲ့ တာဝန်ကျေချင်စိတ် များနေသော ဦးညီညီးကို ကျေးဇူးတင်သော အကြည့်ဖြင့်ကြည့်ပြီး

''ကလေးတွေရဲ့ ဆန္ဒကို မေးပါဦးလေ၊ သူတို့ဆန္ဒရှိမှ လုပ်တာ ပိုကောင်းပါတယ်''

''ဘာပဲဖြစ်ဖြစ် ကိုယ်တို့ပွဲကတော့ လုပ်မှဖြစ်မယ်နော်''

''ဘာပွဲလဲ''

ဦးညီညီး စကားကြောင့် ဒေါ်ချယ်ရီ ဘာကိုဆိုလိုမှန်း နားမ





လည်။

''မင်္ဂလာနှစ်ပတ်လည်ပွဲလေ''

''အို ဒီအရွယ်ကြီးတွေကျမှ ဖဲချဲ့မနေချင်ပါဘူးရှင် လုပ်မနေပါနဲ့''

''ကိုယ်တို့က အရွယ်တွေသာကြီးတာ အချစ်တွေ ရင်ခုန်သံတွေက ခုမှ တစ်နှစ်သားလေးပဲ ရှိသေးတာလေကွာ၊ အသက်အရွယ်တွေ ဘယ်လောက်အိုမင်းပါစေ အချစ်ဆိုတာ ဘယ်သောအခါမှ အိုမင်းလေ့မရှိဘူး မိန်းမရ''

ဦးညီညီး သားတွေအလစ်မှာ ဒေါ်ချယ်ရီ့ နဖူးကို ဖျတ်ကနဲ နမ်းလိုက်သည်။

''ရှင်နော် ကလေးတွေ မြင်သွားပါမယ်ဆို''

ဒေါ်ချယ်ရီ ရှက်ရှက်ဖြင့် အိမ်ထဲဝင်သွားသည်။

ဦးညီညီး သဘောကျစွာရယ်ရင်း ဧည့်ခန်းထဲတွင် ကျန်ခဲ့သည်။

သတိုးတို့ ညီအစ်ကိုနှင့် သမီးလေးက ခြံထဲရောက်နေပြီး သူတို့ညီမပျော်အောင် အတူဆော့ပေးနေကြ၏။

ထိုညနေခင်းတိုင်းသည် ဦးညီညီး၏ စိတ်နှလုံးကို အမြဲအေးချမ်းစေသော ညနေခင်းလေးများ ဖြစ်သည်။ ထိုညနေခင်းများကို ရသက်နှင့်ထာဝရ ပိုင်ဆိုင်ချင်မိပြီး ဆုံးရှုံးရမှာကို သေလောက်အောင်ကြောက်မိသော စိတ်တွေကလည်း တဒင်္ဂအတွင်း ရင်ထဲသို့စိမ့်၍ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလို မိသားစုလေးနှင့် ငြိမ်းချမ်းအေးဆေးသော ကမ္ဘာလေး တည်ဆောက်ချင်သော ဆန္ဒတွေ ဖြစ်တည်ခဲ့တာ နှစ်ပေါင်းမှမနည်းတော့ပဲလေ။

ခုတော့ ကောင်းကောင်းနားလည်သွားပါပြီ။

ဘဝမှာ 'အထီးကျန်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဥပေက္ခာ၊ အကြင်နာမေတ္တာ ဒါတွေအားလုံးဟာ ဘယ်တော့မှ မပြီးဘူးဆိုတာပါပဲ၊

နှစ်ပေါင်းများစွာ အထီးကျန်ခဲ့တဲ့ အချိန်တွေ ခုတော့လုံးဝ ကင်းစင်ရှင်းပသွားပြီ။

■ ■ ■



## အခန်း (၁၉)

ဒီနေ့ ညီမလေး ခြူးပန်းပွင့်၏ တစ်နှစ်ပြည့်မွေးနေ့မို့ မနက်ပိုင်းတွင် မိဘမဲ့ကျောင်းသို့သွားပြီး ငွေဆယ်သိန်း လှူဒါန်းခဲ့ပြီ။ ဒေါ်ချယ်ရီဆန္ဒအရ ဆင်းရဲသော ဘုန်းကြီးကျောင်းများကို ငွေငါးသိန်းဆီလိုက်၍ လှူဒါန်းကြသည်။

မိသားစုတွေအပြင် နေမည်ျုတို့ ညီအစ်မနှင့် ကြီးမေတို့ပါ လိုက်ခဲ့ကြ၍ အားလုံးပျော်ရွှင်နေကြ၏။ ညနေပိုင်းတွင် အိမ်မှာပဲ မိသားစု ဒင်နာပွဲလေးကို ဟိုတယ်စာမှာပြီး စားသောက်ကြ စကားတွေပြောကြရင်း ခြံလေးထဲတွင် ဆုံနေသည်။

ညီမလေး ခြူးပန်းပွင့်မှာလည်း တစ်ခစ်ခစ် ရယ်မောလျက် မြက်ခင်းပေါ်တွင် ဆော့ကစားနေသည်။

"နေ ငါတို့လက်ထပ်ပြီးရင် ငါ့ညီမလေးလို ချစ်စရာကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေးမျိုးလေး မွေးပေးနော်"

"ဟာ သတိုး နင်ဘာတွေလာပြောနေတာလဲ အန်တီတို့ ဦးတို့ရှေ့မှာ ရှက်စရာကြီး"

"သားပြောတာ မှန်တယ် သမီးရဲ့ အမေ့သားကလည်း ရုပ်ခပ်ဖြောင့်ဖြောင့် သမီးကလည်း မင်းသမီးရုပ်အောင်လှတော့ မွေးလာမယ့် အမေ့မြေးလေးရဲ့ ရုပ်ရည်ရူပကာက ပြောဖွယ်ရာမရှိအောင်ကို ချစ်ဖို့ကောင်းမှာ သေချာတယ် ဟုတ်တယ်နော် အဖေကြီး"

ဒေါ်ချယ်ရီ ပြောရင်းဖြင့် ဦးညီဦးကို လှမ်းပြောသည်။

"ဒါပေါ့ဗျာ ရှေ့လျှောက် ကိုယ်တို့မိသားစုလေး သားသမီး မြေး မြစ်တွေနဲ့ ဒီထက်အဆပေါင်းများစွာ ပျော်စရာတွေ ရှိလာဦးမှာ"

"ကျွန်တော်တို့က ကိုကိုတို့နောက်မှ လက်ထပ်ရမှာဆိုတော့ ကိုကိုတို့မွေးတဲ့ ကလေးကမှ မြေးဦးဖြစ်မှာပျ မဆိုက်ပါဘူး၊ အဲဒီမြေးဦးတွေက သား ကလေးအပေါ်အနိုင်ကျင့်ဦးမှာ အဟဲ ဒီတော့လက်မထပ်ခင်ကတည်းက ကလေးကြိုမွေးထားပါလား လေပြေရာ နော်လို့"

ပြောသင့် မပြောသင့် နားမလည်ပဲ စိတ်ထဲရှိရာကို ဖွတ်ပြောလိုက်သော သတိုးဆွေစကားကြောင့် ဆောင်းလေပြေ မျက်စိမျက် မျက်နှာပျက်ဖြင့် သတိုးဆွေ၏ပေါင်ကို မသိမသာလိမ်ဆွဲလိုက်သည်။

ကြီးမေ လေပြေနှင့် သတိုးဆွေကို လှမ်းကြည့်သည်။ ကြီးမေ၏ အကြည့်ကို လေပြေ ရင်မဆိုင်ရဲ။





ဒေါ်ချယ်ရီ အားနာသွားဟန်ဖြင့်

"သားငယ် မပြောသင့်တဲ့စကားကို မပြောရဘူးလေ၊ စကားနောက်တရားပါကွယ် လေပြေ သိက္ခာကို ငဲ့ပါဦး"

ဒီတော့မှ သတိုးဆွေ သူ့စကားမှားသွားမှန်းသိကာ

"ဟာ ဆောရီး လေပြေရာ ကိုယ်က ကိုကို့ကိုနောက်ချင်တာနဲ့ စိတ်ထဲက ဘာမှမပါဘဲ ပြောမိတာပါ၊ ကြီးမေနဲ့ မမနေ ကန်တော့နော်"

"ရပါတယ် ပြောသလိုမဖြစ်အောင်ဘဲ ထိန်းထိန်းသိမ်းသိမ်းနေကြပေါ့"

ကြီးမေစကား အဓိပ္ပါယ်တစ်မျိုး သက်ရောက်နေမှန်း နေမည်ရိပ်မိသလို လေပြေလည်း သိပါသည်။

"ဦးဦး အိမ်ရှေ့မှာ ညှို့သည်ရောက်နေပါတယ်"

သင်းရနံ့ ညီမလေးကို ချီပြီးလှမ်းပြော၍ ဦးညီဦး ခြံတံခါးဝကို ကဲကြည့်လိုက်သည်၊ အမှောင်ရိပ် အနည်းငယ်ကျသော ခြံတံခါးဝတွင် လူရိပ်တွေ့ပေမယ့် ဘယ်သူဘယ်ဝါမှန်း မသဲကွဲ။

"ဘယ်သူလို့ပြောလဲ သမီး"

"ဦးဦးရဲ့ တူလို့ပြောပါတယ်"

ဒေါ်ချယ်ရီ ပျာပျာသလဲ ဖြစ်သွားသည်။

"ဪ သမီးရယ် အဲဒါများ တစ်ခေါက်လာပြောနေတယ်လို့ တံခါးဖွင့်ပြီး တစ်ခါတည်း ခေါ်ခဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့သမီး"

ဦးညိုဦး လှမ်းပြောချိန်ပင် မမှီလိုက်တော့

သင်းရန့် ခြံဝကိုလှစ်ကနဲ ပြန်ပြေးထွက်သွားသည်။

"ဘာလို့ မခေါ်ခိုင်းရတာလဲ ကိုညိုဦးရယ် ကိုယ့်ရဲ့တူပဲ"

"ချယ်ရီ မသိပါဘူးကွာ အဲဒီကောင်ရောက်လာတာ ကိုယ့်ကို ဒုက္ခပေးဖို့ ရောက်လာတာ"

"လေးလေး"

သင်းရန့်နှင့်အတူ ပါလာသော တူဖြစ်သူ နန္ဒကျော်ကို ဦးညိုဦး မနှစ်မြို့စွာ ကြည့်လိုက်သည်။

သံတိုးဘိုလ်နှင့် သတိုးဆွေ နန္ဒကျော်ကို ဖော်ရွေစွာပြုံးပြလိုက်သည်။ နန္ဒကျော်ကလည်း နှစ်လိုဖွယ်ကောင်းသော အပြုံးဖြင့် ပြန်လည်တုန့်ပြန်ကာ ဦးလေးဖြစ်သူနားကို တိုးကပ်သွားသည်။

"မင်း ဘာလာလုပ်တာလဲ နန္ဒ"

"အိမ်က ကျွန်တော့်ကို နှင်ချလိုက်ပြီ"

ဦးညိုဦး မျက်လုံးပြူးသွားသည်။

"မင်းကဘာလုပ်လို့ အိမ်ကနေ နှင်ချခံရတာလဲ"

"နိုင်ငံခြား ပညာတော်သင်မသွားလို့"

"ဘာ အဟတ် မင်းကနိုင်ငံခြားကို ပညာတော်သင် ဟုတ်လား နားရှိလို့သာကြားရတာကွာ ဘွဲ့လေးရိုးရိုးတစ်ခုလောက်ရပြီး ဘာအလုပ်





မှ မလုပ်တဲ့ကောင်ကို မင်းမိဘတွေက ဘယ်နိုင်ငံကိုများ ပညာတော်သင် လွှတ်လို့လဲ"

"နယူးဇီလန်ကို စီးပွားရေးအခြေပြု ပညာရပ်သင်ဖို့"

"သံချေးတက်နေတဲ့ ဓါးကိုရွေးချတဲ့ မင်းမိဘတွေ တယ်မိုက်တာပဲ၊ အဲဒီတော့ ငါကဘာလုပ်ပေးရမှာလဲ မုန့်ဖိုးပေးရမှာလား"

"မဟုတ်ဘူး ကျွန်တော်လေးလေးနဲ့ အတူတူနေမလို့"

"ဘာကွ"

ဦးညိုဦး၏ ငြိမ်းချမ်းသာယာသော အချိန်းလေးတွေကို လာရောက် ဖျက်ဆီးခံရသဖြင့် ဒေါသဖြစ်သွားပုံရသည်။

"ဟာ လေးလေးကလည်း ဖြည်းဖြည်းအော်ပါ ဧည့်သည်တွေကို အားနာစရာကြီး"

နေမညိုနှင့် လေပြေဘက်ကို ငဲ့ကြည့်ပြီး အရှက်ပြေပြောနေသော နန္ဒကျော်ကို ဦးညိုဦး နည်းနည်းလေးမှ ကြည်ဖြူပုံမရ။

"အဲဒီလူတွေအားလုံး ငါ့မိသားစုတွေချည်းပဲ၊ မင်းကသာ မိသားစု ပျော်ရွှင်နေတဲ့အချိန်မှာ လာပြီးနှောင့်ယှက်နေတာကွ"

"နှောင့်ယှက်တာ မဟုတ်ပါဘူး လေးလေးရာ၊ မာမီတို့က အိမ်ပေါ်ကနှင်ချမှတော့ သားက ဘယ်ကိုသွားရမှာလဲ၊ ဒီဦးလေးအိမ်ပဲ သာစရာရှိတာကို ကျွန်တော့မှာ သွားစရာမြေမရှိဘူးဗျ"

အသနားခံ တောင်းပန်နေရှာသော နန္ဒကျော်ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချယ်ရီ သနားသွားသည်။

"ကဲပါ ကိုညီညီးရယ် ကိုယ့်တူကိုယ့်သားပဲ သွားစရာမရှိမှတော့ အိမ်မှာပဲ ခေါ်ထားလိုက်ပါတော့"

ဦးညီညီး ခေါင်းတဆတ်ဆတ်ခါသည်။

"ချယ်ရီ ဒီကောင်က အမွေစိန် မဖြစ်ပါဘူး"

"လေးလေးကလည်း အန်တီကတောင် ကြည်ဖြူမှတော့ ကိုယ့်တူအရင်းခေါက်ခေါက်ကို အဲလောက် စိမ်းကားရလား"

"မင်းက ငါ့ကိုအမျိုးမျိုး ဒုက္ခပေးလာတဲ့ကောင်လေကွာ၊ ဒီမှာထားရင် ဒီကမိသားစုတွေကို မင်းမွေဦးမှာ၊ ငါ့သားတွေက လူလိမ္မာတွေ မင်းရောက်လာရင် မင်းအကျင့်တွေ ကူးကုန်မယ်ကွ"

ဦးညီညီး စကားထဲတွင် ငါ့သားတွေဟု ပြောနေသဖြင့် သတိုးဘိုလ်နှင့် သတိုးခွေပါ ကြားထဲက မျက်နှာပူရသည်။ တကယ်ဆို ကိုယ်တွေက မယားပါသားတွေ၊ သူက တူအရင်းခေါက်ခေါက်ကြီး။

"ကျွန်တော် အခုလိမ္မာသွားပါပြီ ဒီအစ်ကိုတွေကိုလည်း အနှောင့်အယှက် မပေးပါဘူး လေးလေးရာ"

ကလေးဆန်ပြီး ချောမောသန့်ပြန့်သော ရုပ်ရည်လေးနှင့် အပြင်းစင်ပုံပေါက်သော နန္ဒကျော်ကို ဒေါ်ချယ်ရီ အိမ်မှာထားဖို့ ဦးညီညီးကို တိုက်တွန်းပေးမှုဖြစ်သည်။

"ကဲပါ ဦးလေးရယ် မိုးလည်းချုပ်နေပြီပဲ ဒီမှာပဲခေါ်ထားလိုက်ပါတော့၊ ကျွန်တော်တို့ သူကြောင့် စိတ်အနှောင့်အယှက် မဖြစ်ပါဘူး"





သတိုးဘိုလ် ဝင်ပြောသည်။ ဦးညီညီး စိတ်လျှော့လိုက်ဟန်ဖြင့်

"ကောင်းပြီလေ ဒါပေမဲ့ အကြာကြီးတော့မရဘူး၊ မင်းမိဘ စိတ်ဆိုးပြေရင် မင်းအိမ်ကို မင်းပြန်ရမယ်"

"ဟုတ်ကဲ့ ပြန်မှာပါ လေးလေးရာ၊ ကျွန်တော်လည်း သူများအိမ်မှာ အကြာကြီးမနေတတ်ပါဘူး"

ချေးကျရာပျော်တတ်သော ကောင်က သူများအိမ်မှာ အကြာကြီးမနေတတ်ပါဘူးဆိုပြီး ဟန်လုပ်ပြောနေသေးတယ်ဟု ဦးညီညီး မကျေမနပ် တွေးလိုက်သည်။

နန္ဒကျော် အကြည့်တွေက ဒေါ်ချယ်ရီ ချီထားသော ခြူးပန်းပွင့်လေးဆီသို့ အကြည့်ရောက်သွားပြီး

"အန်တီ ညီမလေးက ကျွန်တော့်ကို သူ့အစ်ကိုမှန်း သိလို့ထင်တယ် သေချာစိုက်ကြည့်နေတယ်ဗျ"

ခြူးပန်းပွင့်ကလေးကလည်း နန္ဒကျော်ကို ပြုံးရွှဲကြည့်နေသဖြင့် နန္ဒကျော် တစ်ခဏအတွင်းမှာပင် ခြူးပန်းပွင့်လေးကို ချစ်ခင်သွားရသည်။

ဦးညီညီးမှလွဲ၍ ကျန်တဲ့သူများ နန္ဒကျော်ကို နွေးထွေးစွာ ကြိုဆိုကြပေမယ့် ဦးညီညီးကတော့ တူရဲ့ဇာတိသိထားသူမို့ စိတ်ထဲမှာ သိပ်မနှစ်မြို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ကိုကို နန္ဒကျော်ကို ဘယ်လိုမြင်လဲ"

"ဘာကို ဘယ်လိုမြင်ရမှာလဲ ကိုဆွေရ ကောင်လေးက သွက်ပေမယ့် တခြားအကျင့်စရိုက်ဆိုးတော့ မရှိလောက်ပါဘူး၊ မင်းက ဘာကိုမြင်လို့လဲ"

"သူ့မျက်လုံးတွေက ဂနာမငြိမ်ဘူး၊ နောက်ပြီး ဦးလေးက အဲကောင်ကို ဒီမှာလုံးဝ ထားချင်တာမဟုတ်ဘူး၊ ကျွန်တော်တို့က ပိုင်းပြီးတိုက်တွန်းလို့ ငြင်းရခက်တာနဲ့ ထားလိုက်တာ"

"ဦးလေးက ငါတို့တွေ စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့ မနေချင်ရုံပါကွာ၊ ကောင်လေးက လူငယ်ဆိုတော့ ဘယ်အနေတတ်အထိုင်တတ်မလဲ၊ ငါတို့က အလိုက်အထိုက် ဆက်ဆံပေးလိုက်ရုံပေါ့ကွာ"

ဟိုအရင်ကလို ထစ်ကနဲရှိ ဒေါသထွက်၊ လက်ပါ၊ ရှိသမျှ





ဒေါသတွေ ထုတ်သုံးတတ်သော အကျင့်ဆိုးတွေကို အမေနှင့်ဦးညိုဦး လက်ထပ်ပြီး မိသားစုတွေအဖြစ် ဘဝသစ် ပြန်စကတည်းက အတိတ်ဟောင်းမှာထားခဲ့ပြီးသား။

မယုံနိုင်လောက်အောင်ကို အမေ့အပေါ်မှာ မေတ္တာ စေတနာတွေပေးပြီး အိမ်ထောင်ဦးစီးကောင်း ကျင့်ဝတ်နှင့်အညီ နေသည့်အပြင် မယားပါသားသမီးတွေ အပေါ်မှာပါ ဖခင်ကောင်းပီသပြီး လိုအပ်ချက်မှန်သမျှ ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးရှာသော ဦးညိုဦးကို ကိုယ်တွေကြောင့် စိတ်အနှောင့်အယှက် မပေးချင်။

"ဒါပေမဲ့ နည်းနည်းတော့ သတိထားရမယ်နော် ကိုကို၊ ပိုက်ဆံရှိ သားသမီးဆိုပြီး ထင်ရာစိုင်း၊ လုပ်တတ်တဲ့အကျင့်ကြောင့် ညီတို့မိသားစုထဲမှာပါ ဂယက်ရိုက်လို့ မဖြစ်ဘူး၊ ဒီလိုအခြေအနေ ဒီလိုအခွင့်အရေးမျိုးဆိုတာ ကျွန်တော်တို့ဘဝထဲကို အကြိမ်ကြိမ် မလာနိုင်ဘူး"

"သတိဆိုတာ ပိုတယ်တော့ မရှိဘူးပေါ့ကွာ ငါတို့သတိထားရမှာက ငါတို့ညီမလေးနဲ့ ရောရောဝနှောနှော မနေဖို့ သတိထားရမှာပဲ"

"ကိုကြီးနဲ့ကိုလတ် ဘာတွေ သတိထားနေကြတာလဲ"

နန္ဒကျော် အခန်းထဲဝင်လာ၍ ညီအစ်ကိုနှစ်ယောက် စကားစဖြတ်သွားကြသည်။

● "ပွဲရုံအလုပ်သမားတွေ အလုပ်ခိုကပ်လို့ ပြောနေတာပါ"

ရုတ်တရက် ဘာပြောရမှန်းမသိ၍ ပါးစပ်ထဲက တွေ့ကရာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ကျွန်တော်လည်း ကိုကြီးလို စီးပွားရေးလုပ်ချင်တယ်ဗျာ ကိုကြီး အမေ့ပွဲရုံကို ကိုကြီးကဆက်ပြီး ဦးစီးတော့ လုပ်ငန်းက ပိုပြီးအောင်မြင်မှာပေါ့"

နန္ဒကျော်တို့က ပွဲရုံကို သူ့ဦးလေးပွဲရုံဟု မထင်ပဲ မိခင်ပွဲရုံဟု ထင်အောင် ဦးညိုဦးကြိုတင်အကွက်ချ ပြောပြထားပုံရသည်။

ဦးညိုဦး၏ သူ့အသိုင်းအဝိုင်းထဲတွင် အမေ့အား ဂုဏ်မငယ်ရအောင် ကြိုတင်အကွက်ချ စီစဉ်ပေးခဲ့ပုံရသည့်အတွက် သတိုး ကျေးဇူးတင်၍ မဆုံးတော့။

"ညီလည်း ကိုယ်တို့လို အရွယ်ရောက်ရင် မိဘတွေက စီးပွားရေးကို လက်လွှဲပေးမှာပေါ့"

"ကျွန်တော့်ကို မယုံတဲ့အတွက် ပေးမှာမဟုတ်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ မင်းက တော်တော်ဆိုးလား"

ထိုမေးခွန်းကို နန္ဒကျော် မဖြေပဲရယ်သည်။

ထိုစဉ် သင်းရနံ့ အခန်းဝတွင် လာရပ်သည်။

"ကိုကိုကြီးနဲ့ ကိုကိုလတ် ထမင်းစားကြမယ်တဲ့ အမေ ခေါ်ခိုင်းလိုက်တယ်"

နန္ဒကျော် သင်းရနံ့ကို မချိုမချဉ်မျက်နှာဖြင့် ပြုံးကြည့်ပြီး

"ကျွန်တော်ရော မပါဘူးလား ရနံ့"





"ရှင်က ဧည့်သည်ပဲ မပါဘဲနေမလား"

သင်းရနံ့ မျက်နှာက အရယ်အပြုံးမရှိ၊ ခပ်တည်တည်ပင်ဖြစ်သည်။

"ကိုကိုတို့ လာခဲ့မယ် ညီမလေး၊ ဒါနဲ့ခြူးလေးရော"

"ဆော့နေတယ် ကိုကြီး"

"ရနံ့နဲ့တူလို့လား မသိဘူး ခြူးလေးက ချောတယ်ဗျ၊ သွက်လည်း သွက်တယ်နော်"

နန္ဒကျော် စကားမရှိစကားရှာပြီး ရနံ့ကို ဝင်၍ရောသည်။ ရနံ့ ဘာစကားမျှပြန်၍ မတုံ့ပြန်ပဲ အခန်းရှေ့မှပြန်၍ ထွက်သွားသည်။

နန္ဒကျော် အရှက်ပြေရယ်ပြီး

"ကိုကိုကြီးညီမ သင်းရနံ့က မာနကြီးမယ့်ပုံပဲ ကျွန်တော်ဒီမှာနေတာကို သိပ်သဘောကျပုံ မပေါ်ဘူးနော်"

သတိုးဘိုလ်နှင့် သတိုးဆွေ အားနာမိပေမယ့် ညီမလေး ဣန္ဒြေကြီးတာကိုတော့ စိတ်ထဲက ကျေနပ်မိတာတော့ အမှန်ပင်။

ထို့နောက် ညီအစ်ကိုနှစ်ယောက် အဓိပ္ပါယ်ပါသော အပြုံးဖြင့် အကြည့်ချင်းဆုံလိုက်ကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟင် နန္ဒ ဘာလို့အခန်းထဲ ဝင်လာတာလဲ၊ အတင့်ရဲလှချည်လား"

အခန်းတံခါးဖွင့်ပြီး ခိုးကြောင်ခိုးဝှက်ဝင်လာသော နန္ဒကျော်ကို တွေ့တော့ သင်းရနံ့ ထိတ်လန့်သွားသည်။

"ကိုယ်ဝင်လာတာ ဘယ်သူမှမသိပါဘူး ရနံ့ရယ်"

နန္ဒကျော် ရနံ့ဘေးတွင် ဝင်ထိုင်ပြီး ရနံ့၏ပခုံးကို ဖက်လိုက်သည်။ သင်းရနံ့ လက်တွေကို ပုတ်ချပြီး

"ဟော့ မိန်းကလေးတစ်ယောက်ရဲ့အခန်းထဲဝင်လာပြီး စည်းကျော်ဖို့တော့ မစဉ်းစားနဲ့နော်၊ သင်းရနံ့တို့က ချစ်သူကို ချစ်တယ်၊ ဒါမျိုးတော့ အလိုမလိုက်ဘူးမှတ်၊ အသက်ချင်းလဲပစ်လိုက်မယ်"





ပြတ်သားစွာပြောလိုက်သော သင်းရနံ့စကားကြောင့် နန္ဒကျော် ပခုံးနှစ်ဖက်ကို တွန့်ကာ

"ကိုယ်ကလည်း စည်းကျော်ဖို့ စိတ်မကူးရဲပါဘူးကွာ၊ ကိုယ်က ရနံ့နဲ့တစ်အိမ်ထဲအတူနေချင်လို့ ဦးလေးကိုခွင့်ဖန်လိုက်ပေမယ့် ရနံ့အစ်ကို နှစ်ယောက်ကိုတော့ လန့်တယ်ဗျ။ ကိုယ့်မှာ ဗလမရှိသလို သူတို့မှာက ဗရှိပြီးသား"

နန္ဒကျော်စကားကြောင့် သင်းရနံ့ တခစ်ခစ်ရယ်သည်။

"ဟော့ တိုးတိုးရယ်လေ အပြင်ကကြားသွားရင် ကျိုင်တွေစွတ်ပြီး ပုကန်မယ်၊ ကိုယ့်အသက် ဖက်နဲ့ထုပ်ချိန်တောင်ရှိမှာမဟုတ်တော့ဘူး"

"ရှင် ဒီအိမ်မှာ အကြာကြီးနေလို့တော့ မဖြစ်ဘူးနော်"

"ဘာဖြစ်လို့လဲ အချစ်ရဲ့၊ ကိုယ်က အချစ်ရဲ့မျက်နှာလေးကို အချိန်ပြည့်ကို မြင်ချင်နေတာ၊ အချစ်နဲ့ထမင်းတစ်ဝိုင်းတည်း အတူစားရတဲ့အရသာ၊ အခုလို ညဥ့်သန်းခေါင်မှာ ချစ်သူနဲ့စကားတွေပြောကြတဲ့ အရသာဟာ ဘာနဲ့မှမလဲနိုင်ဘူး"

"ဒီကလည်း ဒီလိုပါပဲနော်၊ ရနံ့နဲ့နန္ဒ ချစ်သူတွေဖြစ်ကတည်းက တဒိန်းဒိန်းမြည်နေတဲ့ ရင်ခုန်သံတွေ ခုချိန်ထိ မရပ်သေးဘူး၊ ခက်တာက ဦးဦးက နန္ဒကို လုံးဝ မျက်နှာသာမပေးဘူးနော်၊ ခုလို ရနံ့နဲ့နန္ဒသာ ချစ်သူတွေဖြစ်နေကြတယ်ဆိုတာသိရင် ဦးဦးက သဘောပဲတူမလား၊ ကန့်ကွက်မလား မသိနိုင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ရန့်ကို ချစ်သူမရှိတဲ့ အလိမ္မာစုံလေးဆိုပြီး ဘယ်သွားသွား ဘယ်လာလာယုံကြည်စိတ်ချစွာဖြင့် လွှတ်သည်။ သံသယမျက်လုံးတွေဖြင့် အကြည့်မခံရ။

နန္ဒနှင့်စတွေ့ပြီး လအနည်းငယ်အကြာတွင် ချစ်သူတွေဖြစ်ကြသည်အထိ နန္ဒဟာ ဦးညိုဦး၏တူမှန်း သင်းရန့် မသိခဲ့။ မေမေနှင့်ဦးညိုဦး လက်ထပ်ပွဲကျမှ နန္ဒမိဘတွေနှင့်ဦးညိုဦး ဆွေမျိုးတော်ကြမှန်းသိသည်။

သို့သော် နန္ဒနှင့်ဦးညိုဦးက တူကြီးတွေဆိုပေမယ့် မတည့်ကြဟု နန္ဒ ပြောပြ၍သိခဲ့ရသည်။ ယခုလည်း နန္ဒ ပွင့်ဖန်ပြီး ဦးလေးဖြစ်သူနှင့်နေရအောင် လာတော့ သင်းရန့် ထိတ်လန့်မိတာတော့ အမှန်ပင်။ သို့သော် အမေတွေ အစ်ကိုတွေရှေ့မှာ နန္ဒနှင့် ဘယ်တုန်းကမှ မသိခဲ့ဖူးကြသလို ခပ်တင်းတင်းသရုပ်ဆောင်နိုင်ခဲ့သည်။

ယုတ်စွအဆုံး သင်းရန့်က အထော့ကြီးနှင့်နေလွန်း၍ အမေနှင့် အစ်ကိုတွေပင် နန္ဒကျော်ကို အားနာနေရသည့်အဖြစ်။ သင်းရန့်တို့က အဲလောက်ထိ သရုပ်ဆောင်ပိုင်နိုင်သည်။

သို့သော် အတင့်ရဲ၍တော့ မဖြစ်။ တစ်နေ့မဟုတ် တစ်နေ့ သိသွားလျှင် တန်ဖိုးတွေ သိက္ခာတွေ ရစရာမရှိအောင် ကျဆင်းပြီး ပတ်ဝန်းကျင်ရဲ့တံတွေးခွက်မှာ မိသားစုတွေ ဒုတိယအကြိမ် ထပ်မျောရနိုင်သည်။ အစ်ကိုတွေကလည်း ခွင့်လွှတ်မည်မဟုတ်။

"ဟော့ ဘာတွေ တွေးပြီး ငိုင်နေတာလဲ"





အတွေးစတို့က ရပ်ကာ နန္ဒကျော်ကို ငဲ့ကြည့်လိုက်သည်။

"ရန့်နဲ့နန္ဒ ဒီလိုအချိန်မှာ နှစ်ယောက်ထဲမတွေ့သင့်ဘူးထင်တယ်နော်၊ ရန့်တို့က ရိုးသားပေမယ့် ဒီအချိန်ကြီးက မရိုးသားဘူး။ ညသန်းခေါင်ဆိုတာ ချစ်သူတွေ အထူးသဖြင့် သွေးမတော်သားမစပ်တဲ့ ယောက်ျားနဲ့မိန်းမ မတွေ့သင့်ကြတဲ့အချိန်ပဲ"

အစိုးရိမ်ကြီးလွန်းသော ရန့်ကို နန္ဒကျော် မြတ်နိုးစွာငုံ့မိုးကြည့်လိုက်ပြီး

"ဒီအချိန်ကြီးက မရိုးသားပေမယ့် ကိုယ်တို့ချစ်သူနှစ်ဦးက ရိုးသားကြတာပဲ ဘာလို့ စိတ်ပူနေရတာလဲ ရန့်ရယ်"

"ဘာပဲဖြစ်ဖြစ် နောက်နေ့တွေ ရန့်အခန်းထဲကို ဝင်မလာပါနဲ့နော် ရန့် ကြောက်လို့ပါ"

"ဘယ်သူ့ကိုလဲ ကိုယ့်ကိုလား အဲဒါဆိုရင်တော့ စိတ်ချပါကွာ၊ ကိုယ် ရန့်ဆီက ဘာအခွင့်အရေးမှ မယူပါဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

ရန့် ရွှန်းစားသောအကြည့်ဖြင့် မော့ကြည့်သည်။

"ဟင့်အင်း ဘယ်သိမှာလဲ"

နန္ဒကျော် ရန့်၏နဖူးကို အနမ်းဖွဖွ ခြွေရင်း

"ကိုယ့်ချစ်သူကို သိပ်ပြီးတန်ဖိုးထားလို့ပေါ့ ကိုယ် မြတ်နိုးတဲ့ မိန်းကလေးကို ကိုယ့်ဆန္ဒတစ်ခုထဲကိုကြည့်ပြီး ပန်းတစ်ပွင့်လို ဘယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ မဖဲ့ခြေဘူးဆိုတာ ကိုယ့်အသက်နဲ့ရင်းပြီး သစ္စာဆိုရဲပါတယ်ကွာ''

''ရန့် ကြောက်တာ ရန့်ကို တန်ဖိုးမရှိတဲ့မိန်းမတစ်ယောက်လို့ ထင်သွားမှာကိုပါ''

နန္ဒကျော် သင်းရန့်ကို တင်းကြပ်စွာ ဖက်လိုက်သည်။

နာရီသံ တစ်ချက်ချက်သည် တိတ်ဆိတ်သော ညသန်းခေါင်ယံထဲတွင် ရှိနေသော ချစ်သူနှစ်ဦး အချစ်နယ်မကျွံစေဖို့ စောင့်ကြည့်သတိပေးနေသည့်နှယ်။

ဘာပဲဖြစ်ဖြစ် အနမ်းတွေတော့ လွတ်လပ်စွာ ခြွေခွင့်ရှိသည်ပေါ့။

■ ■ ■

''ဘယ်လို ကိုဆွေ မမတို့မင်္ဂလာပွဲမှာ လေပြေနဲ့ ကိုဆွေက သတို့သမီး၊ သတို့သားအရံလုပ်ရမယ် ဟုတ်လား''

''ဟုတ်တယ် လူကြီးတွေက အဲသလို စီစဉ်ထားတာပဲ''

''ဟင့်အင်း လေပြေကတော့ ကျိန်းကျေမှာစိုးလို့ မလုပ်ချင်ဘူး''

အယူသီးသော လေပြေ့စိတ်ကူးက တစ်မျိုး။

''ကိုယ့်အစ်မမင်္ဂလာပွဲမှာ သတို့သမီးအရံလုပ်ရမှာ နည်းတဲ့အခွင့်အရေးလား''

''ဟင့်အင်း လေပြေက အဲဒီအခွင့်အရေးထက် တကယ့်သတို့သမီးပဲ လုပ်ချင်တာ၊ ကိုဆွေ ဘာသိလို့လဲ၊ သတို့သမီးအရံလုပ်ရင်





တော်တော်နဲ့ မင်္ဂလာမဆောင်ရဘူးတဲ့''

အကြောင်းပြချက် မခိုင်လုံသော လေပြေ့စကားကြောင့် သတိုးဆွေ တဟားဟားနှင့်အော်ရယ်ပြီး

''ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး အဲဒီလောက် အယူသီးရလား လေပြေရာ၊ မမနေရော ကိုကိုရော အဲဒီလို စီစဉ်ထားပြီးမှ လေပြေက ငြင်းရအောင် သူစိမ်းတွေလား။ အခန့်မသင့်ရင် ကိုယ်တို့မင်္ဂလာပွဲအရင်မလုပ်ရလို့ စိတ်ကောက်ပြီး သတို့သမီးအရံလုပ်ဖို့ ငြင်းတယ်လို့ ထင်သွားပါဦးမယ်''

''အို ဘာဆိုင်လို့လဲ ကိုဆွေရာ၊ လေပြေတို့ လက်ထပ်ရအောင် ကျောင်းပြီးသေးလို့လား။ ကိုဆွေနဲ့ လေပြေကို တချို့က ချစ်သူတွေဖြစ်နေကြတယ်လို့ ထင်တောင်ထင်ကြမှာမဟုတ်ဘူးနော်၊ အဟင်း ကြီးမေဆိုရင် နင်တို့နှစ်ယောက်ကိုကြည့်ရတာ သမီးရည်းစားစုံတွဲနဲ့ကို မတူဘူးလို့တောင် ပြောတာ''

''ဒါဆို ဘာနဲ့တူတယ်လို့ ပြောလဲ လင်မယားနဲ့တူတယ်လို့ ပြောလိုက်တာလား''

သတိုးဆွေစကားကြောင့် လေပြေ မျက်စောင်းတစ်ချက်ခဲ့ကာ

''လာပြန်ပြီ ကိုဆွေရယ် ရှင်ဟာလေ စကားပြောရင် ရှေ့မကြည့်နောက်မကြည့် သိပ်ပြောတာပဲ၊ ဟိုနေ့က မြူးမြူးလေးရဲ့တစ်နှစ်ပြည့်ပွဲမှာလည်း အားလုံးရှေ့မှာ ဘာတွေပြောမှန်းမသိဘူး၊ နောက်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောဆင်ခြင်ပါ၊ မမတို့တစ်မျိုးထင်လိမ့်မယ်''

သတိုးဆွေ အပြစ်ရှိသူတစ်ယောက်လို ခေါင်းညိတ်လိုက်သည်။

ဒီလိုဆိုပြန်တော့ သတိုးဆွေသည် လေပြေ့အတွက် သနားစရာကောင်းသွားပြန်သည်။

''လေပြေတို့ လက်ထပ်ပြီးရင် ဘယ်မှာနေကြမလဲ ကိုဆွေ''

ငယ်သွားသော မျက်နှာပြုံးရိပ်ပြန်သမ်းလာသည်။

''ဦးက အိမ်မှာပဲ နေစေချင်တယ်၊ သားတွေ ချွေးမတွေနဲ့ ပိုပြီး ပျော်စရာကောင်းအောင် အိမ်မှာပဲနေကြမယ်၊ ကားတစ်စီးနဲ့ စိန်တစ်ဆင်စာလက်ဖွဲ့မယ့်အပြင် သူ့လုပ်ငန်းတွေထဲက တစ်ခုကို တရားဝင်လွှဲပေးမယ်တဲ့''

ရက်ရောလွန်းသော ဦးညိုဦး၏စေတနာကို လေပြေပင် မအံ့ဩဘဲမနေနိုင်။'

''ကိုဆွေတို့ဘဝထဲကို လောကကြီးက ဒုတိယအဖေအဖြစ် ဦးကို ပို့ပေးလိုက်သလိုပဲနော်၊ အရမ်းကို စိတ်သဘောထား ပြည့်ဝတယ်''

''ဟုတ်တယ် အဲလိုမှန်းသိရင် ကိုယ်တို့အဖေဆုံးကတည်းက အမေနဲ့ဦးညိုဦးကို ပေးစားလိုက်ပါတယ်ကွာ''

''ဟင်း ခုမှ ကောင်းမှန်းသိသွားပြီပေါ့''

''အဟဲ နည်းနည်းလောဘတက်သွားရုံပါ''

''ဒါပဲနော် ရှင်လောဘတက်သလို လေပြေကလည်း လောဘ





တက်တတ်တယ်''

''ဘာလောဘလဲ စီးပွားရေး လုပ်ငန်း၊ ကား၊ စိန်တစ်ဆင်စာအပြင် နောက်ထပ် ဘာလိုချင်သေးလို့လဲ''

''ရှင့်အချစ်တွေကိုပေါ့ ချစ်သူဘဝမှာပေးတဲ့အချစ်တွေထက် အိမ်ထောင်သည်ဘဝမှာပေးတဲ့အချစ်က ပိုပြီးလေးနက် ပိုပြီးချစ်စေချင်တယ်''

လေပြေ့စကားကြောင့် သတိုးဆွေ လေပြေ့လက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး အနမ်းနွေးတွေဖြင့် တုန့်ပြန်ပြီး

''စိတ်ချပါ လေပြေရယ် ကိုယ့်အချစ်တွေက ဆံပင်ဖြူသွားကြိုးတဲ့အထိ သစ္စာတရားတွေနဲ့ အမြဲတမ်း လေးနက်တည်ကြည်နေမှာပါ''

''တကယ်နော်''

''တကယ်ပေါ့ လေပြေကသာ ကိုယ့်ကို စိတ်ကုန်တယ်လို့ ဘယ်တော့မှ မပြောနဲ့''

''အို ဘာလို့ ပြောရမှာလဲ ကိုယ့်ချစ်သူကို''

''ပြောလို့ရမလား ကလေးတွေ တစ်ဒါဇင်လောက်မွေးနိုင်းတဲ့ယောကျ်ားကို စိတ်ကုန်တယ်ဆိုပြီး ကိုယ်နဲ့သားသား မီးမီးလေးတွေကိုထားပြီး ထွက်မသွားနဲ့''

သတိုးဆွေစကားကြောင့် လေပြေ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ရယ်ရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သာ အစွမ်းရှိလို့ကတော့ ကလေးတစ်ဒါဇင်မကဘူး၊ ထန်းသီးတစ်နိုင်စာလောက်မွေးပေးပါဆိုရင်လည်း မညည်းမညူ မွေးပေးမှာပါနော်"

သတိုးဆွေ သူ့နဖူးသူ ဖတ်ခနဲ ပြန်ရိုက်ကာ

"အောင်မလေးဗျာ ကျွန်တော့်ချစ်သူ အားခဲထားပုံက ကြက်သီးထစရာပါလား"

နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြသည်။

■ ■ ■



## အခန်း (၂၂)

ခြံထဲတွင် နန္ဒကျော် ဂစ်တာတီးပြီး သီချင်းဆိုနေသည်။ ထိုသီချင်းသံကိုနားထောင်ပြီး ခြူးခြူးလေးက တော်တော်နှင့်မအိပ်။ အိမ်အပြင်ထွက်မယ်ချည်းပဲ လက်ညှိုးတစ်ထိုးထိုးနှင့် ဂျီကျနေသည်မို့ ဒေါချယ်ရီ ချော့မြူနေရသည်။

သင်းရနံ့ အခန်းထဲဝင်လာသည်။ ဂျီကျနေသော ညီမလေးနားသို့ ရောက်လာပြီး

"အမေ ကလေး ဘာဖြစ်လို့လဲ၊ မအိပ်သေးဘူးလား၊ ဒီအချိန်က သူ့အိပ်ချိန်လေ"

"အပြင်က သီချင်းဆိုနေတဲ့ နန္ဒကျော်ဆီကို မသွားရလို့ ဂျီကျနေတာ၊ သီချင်းကိုအကျယ်ကြီးအော်ဆိုနေတော့ ဘယ်အိပ်တော့မလဲ"

စိတ်ပျက်နေသော အမူအရာဖြင့် ပြောနေသော မိခင်ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရန့် ညီမလေးကို ချော့မြူလိုက်သည်။

"ခြူးခြူးလေးက ကြီးလာရင် အဆိုတော်လုပ်မယ်ထင်တယ် ဟုတ်လား။ လာ မမဆီလာ အဲဒီလူ အလိုက်ကန်းဆိုးမသိတာကို သွားပြောရမယ်"

ခြူးခြူးကို ပုခက်ထဲမှ ကောက်ချီလိုက်သည်။

"ရန့် သူ့ဟာသူဆိုနေတာ ဘာသွားပြောမလို့လဲ၊ ပြဿနာမရှာချင်စမ်းပါနဲ့"

လူငယ်ချင်း ပြဿနာတက်မည်စိုး၍ ဒေါ်ချယ်ရီ ဟန့်သည့်စကားပင် မဆုံးလိုက် ရန့် ကလေးချီပြီး ခြံထဲဆင်းသွားသည်။

"ဟေ့ နေခြင်းကြောင်တောင် ဘေးလူတွေ နားမခံသာအောင် ဘာလို့ အသံပြဲကြီးနဲ့ အော်ဟစ်နေတာလဲ"

ဂစ်တာ တဒေါင်ဒေါင်တီးပြီး ဇီလင်အပြည့်ဖြင့် ဆိုနေသော နန္ဒကျော် သီချင်းသံ ရုတ်တရက် တန့်သွားပြီး ခြူးခြူးကိုချီထားသော ရန့်ကိုမော့ကြည့်သည်။

"ဩော် ရန့် ကလေးထိန်းနေတာလား"

"ကလေးထိန်းနေတာမဟုတ်ဘူး ကလေးသိပ်နေတာ၊ ရှင့်အသံကြောင့် ခြူးခြူးလေးက မအိပ်ဘူး"

ရန့်ကိုယ်ပေါ်မှ ခြူးခြူးလေးမှာ နန္ဒကျော် လက်ထဲက ဂစ်တာကို လှမ်းဆွဲနေသည်။





"ကလေးက ကိုယ့်သီချင်းကို နားထောင်ချင်လို့ထင်တယ်၊ ထိုင်လေ ကိုယ်ဆိုပြမယ်"

ရန်လာတွေ့လို့တွေ့မှန်းမသိသော နန္ဒကျော်ကို ရန့် မျက်စိုင်ပြသည်။ အရိပ်ပြ၍ အကောင်မထင်သူက နန္ဒကျော်ပင်ဖြစ်သည်။

"အို နားထောင်စရာလား ရှင်ဟာလေ သူများအိမ်ပေါ်လည်းလာနေသေးတယ်၊ အထူအပါးလည်း နားမလည်ဘူး"

ဒေါ်ချယ်ရီ အခြေအနေမဟန်မှန်းသိ၍ အနားကို အပြေးအလွှားရောက်လာသည်။

"ဟဲ့ သမီး ရန့် အို မောင်နန္ဒကျော်ကို ဘာတွေပြောနေတာလဲ အားနာစရာကွယ်"

နန္ဒ ဒေါ်ချယ်ရီကို စစ်ကူတောင်းလိုဟန်ဖြင့် အားကိုးတကြီးကြည့်ပြီး

"အန်တီချယ် ရန့် ကျွန်တော့်ကို စိတ်တိုနေသလိုပဲနော်"

"ဟုတ်တယ် စိတ်တိုတယ် ရှင့်ကြောင့် ခြူးခြူးလေးက မအိပ်တော့ဘူး။ ဒီကလေး အသံတွေဆူညံနေရင် မအိပ်တတ်ဘူး"

ဒေါ်ချယ်ရီပင် ဘာမှမပြောလိုက်ရ ရန့်က ကက်ကက်လန်အောင် ရန်တွေ့တော့သည်။ ဒီတော့မှ နန္ဒကျော် သဘောပေါက်ကာ

"ဩော် ဟုတ်လား ဆောရီးပါ ရန့်ရာ၊ ကျွန်တော် ခြူးခြူးအိပ်မှာကို သတိမထားမိလိုက်ဘူး၊ ခုကစပြီး အသံကျယ်ကြီးမဆိုတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ခြူးလေးအိပ်တော့နော်၊ ကိုကိုငယ် လုံးဝငြိမ်ပေးမယ် ဟုတ်ပြီလား၊ တောင်းလည်းတောင်းပန်ပါတယ်"

သူ့ကိုယ်သူ ကိုကိုငယ်ဟု ပြောနေသော နန္ဒကျော်ကိုကြည့်ပြီး သင်းရနံ့ ရယ်ချင်ပေမယ့် ဟန်ဆောင်လက်စဖြင့် မျက်နှာကို ချိုတင်းထားလိုက်သည်။

"အန်တီ ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ် လေးလေးလာရင် ပြောပေးပါ"

"အေးပါ သားရယ် ပြောပေးပါမယ်"

ဒေါ်ချယ်ရီ နန္ဒကျော်ကိုကြည့်ပြီး သမီး၏ရင့်သီးမောက်မာမှုကြောင့် အားပင်နာမိတော့သည်။

နန္ဒကျော် ခြံအပြင်ရောက်သွားတော့မှ သင်းရနံ့ကို ဆူတော့သည်။

"ရနံ့ရယ် သူက တခြားလူမဟုတ်ဘူးလေ၊ ကိုညိုဦးရဲ့တူအရင်းခေါက်ခေါက်နော်၊ ခွေးကိုရိုက်ချင်ရင် ခွေးရှင်မျက်နှာတော့ ကြည့်ရတယ်အေ့၊ ညည်းက လူငယ်ချင်း ရင့်သီးမောက်မာတယ်ပဲထား၊ ငါ့ကို မအေတစ်ယောက်လုပ်ပြီး မဆုံးမရကောင်းလားဆိုပြီး ခေါင်းစိုက်ခံရအောင်လုပ်နေတာလား"

"သူက လူ့ဘော်ကြော့မို့ ရနံ့ သူ့ကိုလုံးဝ ကြည့်မရဘူးအမေ"

ရနံ့ စကားကြောင့် ဒေါ်ချယ်ရီ မဲ့လိုက်ပြီး





"ဘာလဲ သမီး ညည်းက သူ့ကို လူ့ဘော်ကြော့ မဖြစ်စေချင်တာလား"

"အမ်"

သင်းရနံ့ ရုက်အမ်းအမ်းလေးဖြစ်သွားသည်။ ပြီးမှ အရှက်ပြေဆင်ခြေစကားဖြင့်

"ဟာ အမေကလည်း၊ သမီးနဲ့သူက ဘာဆိုင်လို့လဲ ဒီအတိုင်းရိုးရိုးသားသားကြည့်မရတာ ဖြစ်နိုင်ရင် သူ့ကို ဒီမှာမနေစေချင်ဘူး။ မြန်မြန်ထွက်သွားစေချင်ပြီ"

သင်းရနံ့ ခြူးခြူးလေးကို မိခင်လက်ထဲ ထည့်ပေးပြီး အိမ်ထဲပြန်ဝင်ခဲ့လိုက်သည်။

ဒေါ်ချယ်ရီ ရုက်သွားသော သင်းရနံ့၏နောက်ကျောကိုကြည့်ပြီး ပြုံးလိုက်ပါသည်။

နန္ဒကျော်၏မျက်လုံးအကြည့်တွေထဲမှာ သမီးကို မြတ်နိုးကြင်နာနေသောအရိပ်အငွေ့တွေ ပါနေတယ်ဆိုတာ ဒေါ်ချယ်ရီ ရိပ်မိနေတာကြာပါပြီ။ ကိုယ်လည်း ငယ်ရာကကြီးလာတာပဲလေ။

နန္ဒကျော်သာ ရိုးသားကြိုးစားသော လူငယ်လေးတစ်ယောက်ဆိုလျှင် သမီးနှင့်သဘောမတူစရာ အကြောင်းမရှိ။ ထို့ကြောင့် နန္ဒကျော် အကြောင်းကို ကိုညိုဦးထံတွင် တစေ့တစောင်း မေးကြည့်ဦးမည်ဟု အတွေးဝင်မိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

နန္ဒကျော် ခြူးခြူးအိပ်ရန်အတွက် သီချင်းမဆိုတော့ဘဲ ဘောလုံးကွင်းရှိရာဘက်သို့ လျှောက်လာလိုက်သည်။ ထိုနေရာက ရှုပြတ်ပေမယ့် တစ်ခါတစ်ရံ အရိပ်ကောင်းသော သစ်ပင်အောက်တွင်ထိုင်ပြီး ဂစ်တာတီး သီချင်းဆို၍တော့ ကောင်းသည်။

ထို့ကြောင့် လက်ထဲမှ ဂစ်တာကို ပခုံးပေါ်တင်ပြီး ဟိုငေးဒီငေးဖြင့် တစ်ယောက်ထဲ လျှောက်လာလိုက်သည်။

ဘောလုံးစက်ရုံအဟောင်းနား အရောက်တွင် အနက်ရောင်စတစ်ကာမှန်တွေ တပ်ထားသော ကားတစ်စီး ရပ်ထားပြီး ထိုကားသည် တအိအိနှင့် လှုပ်ရမ်းနေသဖြင့် နန္ဒကျော် တဒင်္ဂတော့ အံ့သြစိတ်ဖြစ်ပေါ်ကာ ကြောင်ပြီးရပ်ကြည့်နေမိသေးသည်။





နောက်မှ တစ်စုံတစ်ခုကို သဘောပေါက်သွားပြီး ခွီးခနဲရယ်ကာ ဆက်လျှောက်ရန် ခြေလှမ်းပြင်ရင်း

"ခြော် ငါနှယ် သူများအတွဲတွေ ပျော်နေတာကို ကားတစ်စီးထဲ လှုပ်လှုပ်နေတယ်မှတ်တာ တော်တော်တုံးတဲ့ ငါပဲ"

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း ကားဘေးမှအဖြတ် ကားမှန်လျှောခနဲ ပွင့်လာပြီး

"ကယ်ပါဦး အစ်ကို ကျွန်မကို ကယ်ပါဦး"

မိန်းကလေးတစ်ယောက်၏ ကြောက်အားလန့်အား အော်သံကြောင့် လှည့်ကြည့်လိုက်သည်။

"ဟင် ဘာလဲဟ"

မိန်းကလေးတစ်ယောက်ကို ကားထဲတွင် ကာတ္တုန်မြေပျက်ပြားအောင် ပြုကျင့်ဖို့ကြိုးစားနေသော အဆီတဝင်းဝင်းမျက်နှာပိုင်ရှင်နှင့် အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိသော မိန်းကလေးတစ်ဦး။

အပေါ်အင်္ကျီ ဖရိုဖရဲအောက်မှ အတွင်းခံအင်္ကျီပင် ပေါ်နေသော အခြေအနေတစ်ခုကို မြင်လိုက်ရ၍ နန္ဒကျော် သဘောပေါက်သွားသည်။ ဒါဟာမုဒိမ်းမှုမြောက်သည်ဆိုတာပဲ ဖြစ်သည်။

"ဟေ့လူကြီး ဒါဘာလုပ်တာလဲ၊ သူ့အလိုမတူရင် ခင်ဗျားကို အမှုဖွင့်လို့ရတယ်ဆိုတာ နားမလည်ဘူးလား။ အဲဒါ ပုဒ်မ ၃၅၄ နဲ့ ငြိစွန်းတယ် ခင်ဗျားသိလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းအောင်ဇော် သားကောင်လွတ်သွား၍ ဒေါသထွက်သွားသော ကျားတစ်ကောင်နှယ်။ နန္ဒကျော်ကို ရူးရူးဝါးဝါး စိုက်ကြည့်ပြီး

"ဟေ့ကောင် ဒါ ငါတို့အချစ်ရေးကိစ္စ မင်းနဲ့မဆိုင်ဘူး၊ ကိုယ့်လမ်းကိုယ်သွားလိုက်"

အဘိုးနှင့်မြေးအရွယ်လောက်ရှိသည့် ကွာခြားမှုကိုမှအားမနာ အချစ်ရေးကိစ္စဆို၍ နန္ဒကျော် ခွီးခနဲ ရယ်လိုက်ပြီး

"အလိုမတူဘဲ မုဒိမ်းကျင့်ဖို့ကြိုးစားနေတာ အချစ်ရေးကိစ္စလားဘဲကြီး ဒီအဆင်နဲ့ဒီအဆင် အချစ်ဆိုတဲ့နာမ်စားကြီး ထည့်သုံးနေသေးတယ် အော်ဂလီဆန်လိုက်တာ ဝေါ့"

"ဘာကွ"

"ဟုတ် ဟုတ်ပါတယ် အစ်ကိုပြောတာ မှန်ပါတယ်၊ ကျွန်မက သူ့ကို ကိုယ့်တကြိုးတစ်ယောက်လို သဘောထားတာပါ၊ ခုလည်း ကွန်ပျူတာသင်တန်းလိုက်ပို့ပေးမယ်ဆိုလို့ ကားကြုံလိုက်လာရုံပါ၊ ပြီးတော့ ဒီလို လူပြတ်တဲ့နေရာကို ခေါ်လာပြီး စိန်တစ်ဆင်စာနဲ့ အိုင်ဖုန်း ဝယ်ပေးမယ် ဆိုပြီး"

ကောင်မလေး စကားဆက်မပြောတော့ဘဲ ချုံးပွဲချ ငိုတော့သည်။

"အေးချမ်း မငိုပါနဲ့ ကိုကြီးက မင်းကိုချစ်ရေးဆိုနေတာပါ တိတ် ဒီကောင့်ကို သွားအားမကိုးနဲ့ ဘယ်က ကလေကဝမှန်းမသိဘဲနဲ့"





"ဘာဗျ ကျုပ်က မိကောင်းဖခင် သားသမီးဗျ၊ ဟာ ခင်ဗျားကြီးကားထဲကနေ ကျယ်မနေနဲ့ ထွက်ခဲ့စမ်း အသက်ကြီးပြီး အချိန်မစီးတဲ့အဘိုးကြီး၊ ကျုပ်ကိုများ ကလေကဝလေးဘာလေး မသိရင်မှတ်ထား ကျုပ်က ဦးညိုဦး ဒေါ်ချယ်ရီရဲ့ တစ်ဦးတည်းသော တူပဲ"

ဦးထွန်းအောင်ဇော် ပို၍ပင် ဒေါသကြီးသွားပြီး

"ဩော် မင်းက ပိုင်းလုံးမရဲ့တူကိုး"

ရန်ဖက်အမေကို ခုလို ရင့်သီးသောစကားမျိုး ပြောလိုက်သဖြင့် နန္ဒကျော် ပို၍ ဒေါသဖြစ်သွားပြီး အနီးတွင်ရှိသော အုတ်ခဲကျိုးတစ်ခုကို ကောက်ယူကာ ကားထဲမှ ခေါင်းပြူထွက်ပြီး ရင့်သီးရိုင်းပျစွာ ဆဲဆိုနေသော ဦးထွန်းအောင်ဇော်၏ခေါင်းကို ထုလိုက်သည်။

"အား"

လက်လွန်သွားမှန်းသိပေမယ့် ရုတ်တရက် ထွက်ကျလာသော ဒေါသကိုတော့ ထိန်း၍မရ။

"အစ်ကို ပြေး ပြေးတော့ ဒီကိစ္စ ညီမ ကြည့်ရှင်းပါ့မယ်"

ကောင်မလေးမှာ သူ့ကြောင့်ဖြစ်ရသည်ဆိုသောအသိစိတ်ကြောင့် ထင်သည် နန္ဒကျော်ကို ရှုတ်ပြေးခိုင်းသည်။

သူပြေးခိုင်းတိုင်း ထွက်ပြေးစရာမလို။

"ဒီမှာ လူကြီး ခင်ဗျားခေါင်းက ဒဏ်ရာအတွက် မရှေ့နေ်ရင် အမှုဖွင့်နိုင်တယ်၊ ခင်ဗျားလို လူစားမျိုးကို အပြစ်ပေးလိုက်ဖို့ ထောင်ကျ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင်တောင် ကျူပ် ထောင်ကျရတာ တန်တယ်၊ ကဲ လာ ညီမ ကားပေါ်ကဆင်း ညည်းအိမ်ကို ငါလိုက်ပို့မယ်''

ကောင်မလေး ကားပေါ်မှဆင်းလာသည်နှင့် ဖရိုဖရဲဖြစ်နေသော ကောင်မလေး၏ကိုယ်ပေါ်ကို နန္ဒကျော်၏အပေါ်အင်္ကျီကိုချွတ်ပြီး လွှမ်းခြုံပေးလိုက်သည်။

ကောင်မလေး ကျေးဇူးတင်သောအကြည့်ဝိုင်းဝိုင်းလေးဖြင့် မော့ကြည့်သည်။

■ ■ ■



## အခန်း (၂၄)

''ကဲ ကိုယ်မပြောဘူးလား ချယ်၊ ဒီကောင်က အမွေစိန်ပါလို့ ရန်ဖြစ်စရာရှားလို့ ကိုယ့်အဖေအရွယ်ကြီးကို အုတ်ခဲကျိုးနဲ့ဆော်ခဲ့ရတယ် မင်း မိကောင်းဖခင်သားသမီး မဟုတ်ဘူးလား''

ညွှန်ခန်းထဲတွင် မိသားစုအားလုံး စုံချိန်မှာ ဦးညိုဦး နန္ဒကျော်ကို ဆူပူတော့သည်။

''ကျွန်တော် မိကောင်းဖခင်သားသမီးမို့ ကိုယ့်ရှေ့မှာ မိန်းကလေးတစ်ယောက်ကို မတော်မတရားကျင့်ဖို့ ကြံနေတာကို လက်ပိုက်ကြည့်မနေဘဲ ကယ်ခဲ့တာပေါ့ လေးလေးရ''

သတိုးဘိုလ် နန္ဒဘက်က ဝင်ကူပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေးရာ၊ နန္ဒနေရာမှာ ကျွန်တော်သာဆိုရင်လည်း အမြင်မတော်တာကို ဝင်ကူမိမှာပါပဲ"

ဒေါ်ချယ်ရီကို ပိုင်းလုံးဟုပြောသောစကားကိုတော့ နန္ဒကျော်မိသားစုရှေ့မှာ ဖွင့်ချမပြတော့။ အားလုံးမျက်နှာပူစရာစကားကြောင့် ဒေါ်ချယ်ရီရော သင်းရွှန်းပါ အနေခက်မှာသေချာသည်။

"ပြီးခဲ့တာတွေလည်း ပြီးပြီမို့ ကလေးကို ဆူမနေပါနဲ့တော့ ကိုညိုဦးရယ်၊ ဟိုကလည်း သူ့လုပ်ရပ်ပေါ်မှာစိုးလို့ ရဲတိုင်တာတွေ ဘာတွေ လုပ်မယ်မထင်ပါဘူး။ စိတ်မပူပါနဲ့"

"တိုင်ပါစေ အန်တီ တိုင်ရင် ကျွန်တော် ကူညီလိုက်တဲ့မိန်းကလေးက သက်သေထွက်ဆိုပေးမှာပါ"

"သူ့ဗီလိန်အမှုပေါ်မှာစိုးလို့ တိုင်မှာမဟုတ်သောက်ပါဘူး ဒီလူကြီး သူ့အကြိမ်ကြိမ်ခံနေရလည်း ယုတ်မာတဲ့စိတ်က ပျောက်မှာမဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် အဲဒီလူကြီးနဲ့ ဝေးဝေးရှောင်ပါ သားတို့ရယ်၊ သူက သေမထူးနေမထူးဆိုပြီး လူမိုက်ဖာတ်တွေ ခင်းနေတဲ့လူကြီး"

ကောက်ကျစ်ယုတ်မာသော ဦးထွန်းအောင်ဖော်နှင့် နောက်တစ်ကြိမ် ထပ်ပြီးမပတ်သက်ချင်တော့ပါ။ ထို့ကြောင့် ကိုယ့်ကလေးတွေကိုပဲ ဒေါ်ချယ်ရီ တားမြစ်နေရသည်။

"အဲဒါ ရန်နဲ့ကြောင့်ဖြစ်ရတာပါ အမေရယ်၊ ရန်နဲ့သာ နန္ဒကို





ဘုမတောလိုက်ရင် နန္ဒအိမ်က ထွက်သွားမှာမဟုတ်ဘူး။ သူအိမ်က ထွက်သွားလို့ အဲလူကြီးနဲ့ ပြဿနာဖြစ်ရတာ"

ဒီတစ်ခါတော့ ရန်နဲ့ စိတ်မကောင်းဟန်ဖြင့် သူ့အပြစ်ဖြစ်ကြောင်းဝန်ခံသည်။ သတိုးဘိုလ် ညီမလေး၏မျက်နှာပေါ်မှ ဖြတ်သွားသောအရိပ်ကို ဖတ်မိလိုက်ပြီး ပြုံးသည်။

"ဘာပဲဖြစ်ဖြစ် နောက်တစ်ခါ နန္ဒအပေါ်မှာ အဲဒီလိုအပြုအမူမျိုးတွေ ထပ်မလုပ်ပါနဲ့တော့ ရန်နဲ့"

"ဟုတ်ကဲ့ပါ ကိုကိုကြီး"

မျက်နှာငယ်လေးဖြင့် ရန်နဲ့ ခေါင်းညိတ်သည်။ နန္ဒကျော် အပြစ်မတင်သောမျက်နှာဖြင့်

"ကျွန်တော့်ကြောင့် ရန်နဲ့ကိုမဆူပါနဲ့ ကိုကိုကြီးရာ၊ ကျွန်တော်ကလည်း အလိုက်ကန်းဆိုးမသိ ဂစ်တာတဒေါင်ဒေါင်လုပ်နေတာကိုး။ ဩော် ဒါနဲ့ လေးလေး ကျွန်တော် လေးလေးဆီက အကူအညီတစ်ခုတောင်းမလို့"

ဦးညိုဦး ဘာများဒုက္ခပေးဦးမလဲဟူသော အကြည့်ဖြင့် ကြည့်ကာ

"ဘာအကူအညီလဲ ဟိုးအရင်ကလို ငါ့ကားကို ခဏငှားသွားပြီး တစ်စစီ ကြေမွသွားအောင် ထပ်လုပ်မလို့လား"

ဦးညိုဦးစကားကြောင့် ဒေါ်ချယ်ရီနှင့်သင်းရန် ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘယ်ကလာ ကျွန်တော်လည်း ကိုကိုကြီးတို့ ကိုကိုလတ်တို့လို အလုပ်လုပ်ချင်တယ်၊ ကျွန်တော့်ကို အလုပ်တစ်နေရာလောက်ပေး"

နန္ဒကျော်စကားကြောင့် ဦးညိုဦး အံ့သြသွားပြီး

"ငါများ နားကြားလွဲသလား နန္ဒ မင်းက အလုပ်လုပ်မလို့တဲ့လား"

"ဒါပေါ့ ကျွန်တော်လည်း ဘွဲ့ရတစ်ယောက်မဟုတ်သေးပေမယ့် အလုပ်လုပ်မယ်ဆို လုပ်လို့ရနေပါပြီ"

"မင်းမိဘတွေအိမ်ပြန်ပြီး အလုပ်တောင်းပေါ့"

"ဟာ သူတို့နဲ့ ပြန်မနေချင်ဘူး။ သူတို့အလုပ်တွေလည်း မလုပ်ချင်ဘူး။ ကျွန်တော်က ဒီမှာပဲပျော်တာ၊ သူတို့ဆီပြန်သွားရင် ကျွန်တော့်ကို နိုင်ငံခြားမှာ ကျောင်းသွားတက်ခိုင်းကြမှာပဲ"

"မင်းက ဘယ်လောက်တော်နေလို့ ကျောင်းစာမလုပ်ဘဲ အလုပ်လုပ်ချင်ရတာလဲ"

"ကျောင်းစာလည်းလုပ်မယ် စီးပွားလည်းရှာမယ်ဗျာ၊ လူငယ်တစ်ယောက်ဖြစ်ပြီး ကျွန်တော် အချိန်တွေဖြုန်းနေသလိုဖြစ်နေတယ်၊ စာပေးစာယူတက်ပြီး အလုပ်လုပ်မယ်၊ လုပ်ငန်းကျွမ်းကျင်လာရင် ကိုယ်ပိုင်လုပ်ငန်းထောင်မယ်"

ဘယ်အချိန်ကတည်းက ပြောင်းလဲသွားမှန်းမသိသော တူဖြစ်





သူကိုကြည့်ပြီး ဦးညိုဦး မအံ့သြဘဲ မနေနိုင်။

"အေးလေ ဒါဆိုရင်တော့ အပြောနဲ့အလုပ် ညီ မညီစောင့်ကြည့်ရသေးတာပေါ့"

ဦးညိုဦးဆီမှ ခွင့်ပြုချက်ရပြီမို့ နန္ဒကျော် သူ့အကြံအစည်အောင်မြင်ပြီဟု တွေးပြီး သင်းရန့်ကိုမသိမသာ မျက်ရိပ်ပြလိုက်သည်။

သင်းရန့်ကလည်း မသိမသာ ပြုံးပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဝါး ငါ့ချစ်သူမှမဟုတ်ရဲ့လားကွာ လှလိုက်တာ"

သတို့သမီးဝတ်စုံတွေ တစ်စုံပြီးတစ်စုံ ဝတ်ကြည့်နေသော နေမည်ကိုကြည့်ပြီး သတိုးဘိုလ် တအံ့တသြ ပြောလိုက်ခြင်းကြောင့် နေမည် အနေခက်စွာ ပြုံးပြီး

"သတိုးနော် သတို့သမီးဝတ်စုံ ဝတ်ကြည့်မှ လှတယ်ဆိုရအောင် အရင်တုန်းကတော့ မလှဘူးပေါ့ ဟုတ်လား"

မိန်းမပီပီ စကားအထအနကောက်တတ်သော နေမည်စကားကြောင့် သတိုးဘိုလ် ဟက်ဟက်ပက်ပက် ရယ်ကာ

"မဟုတ်ရပါဘူးကွာ ငါ့ချစ်သူလေးက ဘာလေးဝတ်ဝတ် ကြည့်ကောင်းနေတာပါပဲ၊ ခုကျတော့ အမြင်တစ်မျိုးလေး ဆန်းသွားလို့ပါ"

"တော်ပါပြီ ခုကျမှ စကားကိုလှည့်ပတ်ပြောမနေနဲ့"





"စိတ်မဆိုးပါနဲ့ချစ်ရာ ငါ အရမ်းပျော်နေလို့ပါ"

ဆိုင်ဝန်ထမ်း ကောင်မလေးအလစ်တွင် နေမည်ပါးကို သတိုးဖျတ်ခနဲ ခိုးနမ်းလိုက်သည်။ နေမည် ရှက်မျက်စောင်းလေး ခပ်လက်လက်ထိုးကာ

"ဘာဖြစ်လို့ ဂနာမငြိမ်ဖြစ်နေရတာလဲ သတိုးရယ်၊ ကလေးဘာလေးဆည်ပါဦး၊ နင် မရှက်ပေမယ့် ငါရှက်တယ် သိလား"

နေမည် အရှက်သည်းနေသောမျက်နှာလေးကပင် သတိုးအတွက်တော့ ညကောင်းကင်မှပြည့်ပြည့်ဝဝ သာနေသော လမင်းကြီးနှယ် အေးချမ်းလိုက်ပါဘိ။

မင်္ဂလာဝတ်စုံ စိတ်တိုင်းကျပြီမို့ ငွေရှင်းပြီး ခန်းဝင်ပစ္စည်းဆိုင်သို့ ထပ်ကူးရပြန်သည်။ လမ်းတွင် ကားမောင်းနေရင်းမှ ငြိမ်ပြီးလိုက်လာသော နေမည့်ကို ထပ်ပြီး စချင်စိတ်ပေါက်သွားကာ

"နေ"

"ဘာတုန်း"

"စောစောက မင်္ဂလာဝတ်စုံကို စိတ်တိုင်းကျရဲ့လား"

"ကျပါတယ် နင်ပဲလှတယ်ဆို"

"အေးလေ ဝတ်ကြည့်မှ စိတ်တိုင်းကျတာမို့လား"

"ဟဲ့ မဝတ်ကြည့်ဘဲ ကိုယ်နဲ့ အံဝင်ခွင်ကျဖြစ်မဖြစ် ဘယ်လိုသိမလဲ၊ ဘာတွေလာမေးမှန်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မွေ့ရာဆိုင်ရောက်ရင်လည်း ငါတို့နှစ်ယောက် အိပ်လို့အဆင်ပြေမပြေသိရအောင် အရင်ဆုံး အတူတူအိပ်ကြည့်ကြမလား"

စပ်ဖြီးဖြီးဖြင့်မေးလာသော သတိုးစကားကြောင့် နေမည်ဖျတ်ခနဲ လှည့်ကြည့်ပြီး

"သတိုး နင်ဘာတွေ အရူးထနေတာလဲ အိပ်ရာခင်းနားပစ္စည်းဝယ်တာ အိပ်ကြည့်ဖို့ လိုလို့လား"

"နင်ပဲ အံဝင်ခွင်ကျဖြစ် မဖြစ် ဝတ်ကြည့်တာဆိုတော့ မွေ့ရာလည်း အံဝင်ခွင်ကျဖြစ်မဖြစ် အိပ်ကြည့်တာ ပိုမကောင်းဘူးလား။ ဘယ်မွေ့ရာက ဗီလင်အပြည့်နဲ့ အိစက်ညက်ညောမှုပေးသလဲဆိုပြီးတော့လေ"

အမျိုးမျိုး လှည့်ပတ်ပြီး နောက်ပြောင်နေသော သတိုးကိုကြည့်ပြီး နေမည်မရယ်ဘဲ မနေနိုင်တော့။ တစ်ခစ်ခစ်ဖြင့် ရယ်တော့သည်။

စိတ်မဆိုးဘဲ လွတ်လပ်ပေါ့ပါးစွာ ရယ်မောနေသော နေမည်ကို ကားမောင်းရင်းမှ မြတ်နိုးစွာ ကြည့်လိုက်ပြီး နေမည့်လက်ကို ဆွဲယူပြီး ခပ်ဖွဖွ နမ်းလိုက်သည်။

သိပ်မကြာတော့မယ့် ရက်ပိုင်းမှာ သတိုးဘိုလ်ဟာ နေမည့်တစ်ဘဝလုံးကို အပြီးတိုင်သိမ်းပိုက်တော့မှာမို့ ပျော်နေတာပါ။

"နေရယ် နင့်ကိုငါ အရမ်းချစ်တယ်ဟာ"

"ကြည့် ငါကရော နင့်ကိုမချစ်ဘဲနေမလား၊ အချစ်ခြင်းပြိုင်





ရင်တောင် ငါက နိုင်မလားပဲ"

"ဟင့်အင်း နင် ငါ့အချစ်ကို ဘယ်တော့မှ မနိုင်စေရဘူးနော်၊ ဘာကြောင့်လဲဆိုတော့ နင်ချစ်တာထက် အဆပေါင်းများစွာ ငါကနင့်ကိုပိုချစ်လို့ပဲ"

ဘယ်သူပဲနိုင်နိုင် ချစ်နေကြဖို့ပဲလိုတာမို့ နေ့ဘဝမှာ သတိုး၏ဇနီးမယားဖြစ်ခွင့်ရလို့ ကျေနပ်ပါတယ် သတိုးရယ်။ ငါတို့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အချစ်တွေပေးကြတာပေါ့။ အဲဒီအချစ်တွေကြောင့် ဘယ်တော့မှ မငြီးငွေ့ရဘူးနော်"

"ငြီးငွေ့စရာလား နေရယ် ငါ့ဘဝမှာ ငါ့အသက်ထက် တန်ဖိုးထားရမယ့်အရာကနင်ပါပဲ၊ ငါ သေတဲ့အထိ နင့်ကိုချစ်သွားမယ်၊ အဲဒီအချစ်တွေဟာ နောင်ဘဝဆက်ရှိနေမယ်ဆိုရင်တောင် နင့်ကိုဆက်ချစ်နေမှာ၊ နင့်ဘဝ ငါ့ကြောင့် လုံခြုံနွေးထွေးစေရပါမယ်၊ နောက်ပြီးကြီးမေနဲ့ ညီမလေး လေပြေကိုလည်း ငါ့အဒေါ်အရင်း ညီမအရင်းတစ်ယောက်လိုစောင့်ရှောက်သွားမှာပါ၊ အဲဒါ ငါ နင့်ကိုချစ်တဲ့ သက်သေပဲ"

"ယုံပါတယ် သတိုးရယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

နန္ဒကျော်နှင့် ရန့် ကန်ဘောင်ပေါ်တွင် လေညင်းခံပြီး လှေကားထစ်တွေမှ ဆင်းလာပြီး ကားရှိရာသို့အလာ ဆိုင်ကယ်သုံးစီးရှေ့မှ ပိတ်ရပ်လိုက်သည်။

ဆိုက်ကယ်ပေါ်မှ လူသုံးယောက် ဆင်းလာသည်။ ရုပ်တွေက လူမိုက်ရုပ်တွေ။

"ဦးထွန်းအောင်ဇော်ကို ဘလိုင်းကြီးဖွဲ့သွားတာ မင်းလား"

"ငါက ဘလိုင်းကြီးဖွဲ့တာ မဟုတ်ဘူး၊ အဲလူကြီးက ငါ့ချစ်သူရဲ့အမေကို ဘလိုင်းကြီးဖွဲ့လို့ ခေါ်လိုက်တာလေ"

ရုပ်ကြမ်းကြီးတွေနှင့် ပြဿနာရှာတော့မည့်အနေအထားမို့ သင်းရန့်မှာ နန္ဒကိုယ်နှင့်ကွယ်ပြီး အစ်ကိုနှစ်ယောက်ဆီသို့ အရေးပေါ်မက်ဆေ့ပို့လိုက်သည်။ လူရမ်းကား သုံးယောက်လုံးဝ ရိပ်မိပုံမပေါ်။





"မင်းက ဘယ်လောက်ရှိလို့ ငါတို့အာစရိကို ခေါ်လိုက်တာလဲ"

"ရှင်တို့ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ကျူးကျော်ဝင်ရောက်ပြီး လာလုပ်ပြမနေနဲ့၊ ရှင်တို့အာစရိဆိုတဲ့ အကောင်ကြီးက မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးဖို့ကြံလို့ သူက ဝင်ကူညီတာလေ၊ အဲဒီအမှန်တရားကို ရှင်တို့ မမြင်ဘူးလား၊ ကန်းနေလို့လား"

"အဲဒါ သူတို့ကိစ္စလေ၊ နင့်အကောင်က ဝင်ပြီး ဟီးရိုးလုပ်သွားတာ"

အပြန်အလှန် အခြေအတင်ဖြစ်အောင် သင်းရန့် တမင်အချိန်ဆွဲသောအနေဖြင့် ဝင်ပြောနေခြင်းဖြစ်သည်။

"မင်းတို့ ဘာမှမသိဘဲ ကြေးစားလူမိုက်လာမလုပ်နဲ့ ငါ့ချစ်သူရဲ့အမေကို ပိုင်းလုံးမလို့ပြောတဲ့ မင်းတို့ဆရာကြီးဆိုတဲ့ လူယုတ်မာကို မညှာပေးလိုက်တာကွာ"

ထိုစကားကြောင့် သင်းရန့် တအံ့တဩ ဖြစ်သွားကာ နန္ဒကို မလုံမလဲသော အကြည့်ဖြင့် ကြည့်ကာ

"သူတို့ပြောတာ မဟုတ်ဘူး နန္ဒ"

"ရန့်ရယ် ဟုတ်တော့ရော ဂရုစိုက်စရာလား၊ သူများအပြစ်ကိုပဲ မြင်ပြီး သူတို့ရဲ့လူမဆန်တဲ့လုပ်ရပ်တွေကို မမြင်တဲ့လူ့ငနွားကြီးကို အဲဒီကတည်းက မသေမချင်း အုတ်ခဲနဲ့ထုသတ်ပစ်ခဲ့ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကန်ဘောင်ပေါ်မှ လူတချို့နှင့် လမ်းသွားလမ်းလာများ ကွက်ကြည့်ကွက်ကြည့်ဖြင့် ဝိုင်းကြည့်နေကြပေမယ့် ဝင်ရောက်ဖြန်ဖြေမည့်သူ တစ်ဦးတလေမျှမရှိ။

"ရှင်တို့ ကိုယ့်လမ်းကိုယ်သွားကြနော်"

"မသွားဘူးဆိုရင်ရော ငါတို့က နင့်အကောင်ကို ပညာပေးဖို့ လိုက်လာတာ၊ လှည့်ပြန်ဖို့ ဟန်ရေးလာပြတာ မဟုတ်ဘူး"

"နင်တို့ မရှက်ကြဘူးလား၊ သုံးယောက်တစ်ယောက်အင်အား ချင်းမမျှတာကို အနိုင်ကျင့်တာ ယောက်ျားတွေရဲ့လုပ်ရပ်မဟုတ်ဘူး"

ရန်နဲ့တစ်ယောက် ပြဿနာကို စကားတွေဖြင့် ဆွဲဆန့်သည်။

"ကိုယ် အဲလောက် ဒွေးမကြောင်ဘူး ရန့်၊ အဲကောင်တွေ သုံးကောင်မကလို့ အယောက်သုံးဆယ်ပဲဖြစ်နေပါစေ သောက်ဂရုကို မစိုက်တာ ရှင်းလား၊ ဟေ့ကောင်တွေ မင်းတို့လောက်ကို နန္ဒကျော်ဆိုတဲ့ ကောင်က သနားတယ်၊ လာ ကြိုက်တဲ့အကောင် အရင်ဝင်၊ တစ်ပြိုင် တည်းချလည်း ရတယ်"

နန္ဒကျော် ဂျူဒိုသမားပီပီ အကွက်တွေစရွေ့သည်။ ထိုအချိန် တွင် သတိုးဘိုလ်နှင့် သတိုးဆွေတို့ ညီအစ်ကိုနှစ်ယောက် ကားဖြင့်ရောက် လာပြီး ရန်ပွဲဖြစ်နေရာသို့ ဒရောသောပါးပြေးလာကြသည်။

သင်းရန့် အစ်ကိုတွေမြင်တော့ အားတက်သွားသည်။

"ကိုကိုကြီး ကိုကိုလတ် ရန့်တို့ဒီမှာ"





အစ်ကိုနှစ်ယောက် စက်ကူရောက်လာပြီမို့ အင်အားချင်းမျှသွား ပြီး

"နန္ဒ ဘာဖြစ်တာလဲ"

သတိုးဘိုလ်အမေးကို နန္ဒ တိုက်ကွက်တွေဖြင့် ဟန်ရေးပြနေရာ မှ

"ဟိုနေ့က ဘဲနာကြီးကို ခေါ်လိုက်လို့ မကျေပွဲလာနွှဲတာတဲ့ လေ၊ အဟား ပွဲကတော့ လှသွားပြီ ငါ့အစ်ကိုတွေလာပြီဆိုတော့ မင်းတို့ မယှဉ်ရဲရင် မင်းတို့လူတွေ ကြိုက်သလောက် ထပ်လှတ်လိုက်ဦးလို့ မင်းတို့ ဆရာကြီး ဗီလိန်ကို လှမ်းပြောလိုက်"

နန္ဒကျော်၏စိန်ခေါ်စကားကြောင့် လူမိုက်သုံးယောက်ကလည်း မထီမဲ့မြင်ပြုံးကာ

"မလိုပါဘူး အပွဲပွဲနွှဲလာတဲ့ ငါတို့ဟာ မင်းတို့လောက်ကို လက် ညှိုးလေးနဲ့ တောက်လိုက်ရုံပါပဲ"

"လေကျယ်မနေနဲ့ ဟေ့ကောင်၊ မင်းတို့နောက်ပြန်လှည့်မလား ဒါမှမဟုတ် ငါတို့လက်ချက်နဲ့ အသက်နဲ့ကိုယ် ခိုးစားကွဲမလား"

သတိုးဆွေ စကားကြောင့် လူမိုက်သုံးယောက် တဟားဟား အော်ရယ်ပြီး သူတို့တက်ကာစပြီး ခြေဖြင့်လှမ်းကန်၏။ သတိုးဆွေ ရှောင် လိုက်ပြီး ကျန်တစ်ယောက်၏မျက်နှာပေါ်သို့ လက်သီးတစ်ချက် ပြုပြင်း ပြင်း ပစ်သွင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သတိုးဘိုလ်နှင့်နန္ဒကျော်ကလည်း လက်ရည်တူစွာဖြင့် တစ်ယောက်ချင်းဆီ တာဝန်ယူ၍ တိုက်ခိုက်ကြသည်။

လူမိုက်သုံးယောက် အဝှံအရှုံး အလဲအကွဲဖြစ်နေကြပြီး မဟာန်နိုင်တဲ့အခုံး ထွက်ပြေးကြတော့သည်။

"အဟီး တော်သေးတာပေါ့ ကိုကြီးနဲ့ ကိုလဖတ်ရေ၊ အစ်ကိုတို့သာ မလာရင် ကျွန်တော်တော့ ဒီသုံးကောင်နဲ့တိုင်ပတ်ပြီ"

နန္ဒကျော် ခုမှပင် အသက်ကိုမှန်မှန်ရှူကာ သူ့အားနည်းချက်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံပြီး အရှက်ပြေရယ်လိုက်သည်။

"အံ့မယ် ဒါနဲ့ မင်းတို့လောက်ကို နန္ဒကျော်ဆိုတဲ့ကောင်က သနားတယ်ဆို အယောက်သုံးဆယ်ဖြစ်နေပါစေ မမှုဘူးဆို"

"ဩော် ဒါကတော့ ကိုယ့်ကိုမကြောက် ကြောက်အောင်ဖြရတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒီကောင်တွေ ကျွန်တော်တို့ညီအစ်ကိုသုံးယောက်ရဲ့လက်သံကို သဘောပေါက်သွားပါပြီ နောက်လာရဲမှာမဟုတ်တော့ဘူး"

နန္ဒကျော် မြောက်ကြွ မြောက်ကြွဖြစ်နေသည်။ သတိုးဘိုလ်နှင့်သတိုးဆွေ နန္ဒကျော်နှင့်ညီမဖြစ်သူကို ဒီလိုနေရာမှာ အတူရှိနေကြသည်ကို သတိထားမိသွားကြပြီး

"ဒါနဲ့ နေပါဦး မင်းတို့နှစ်ယောက်က ဒီနေရာမှာ ဘာကြောင့်အတူရှိနေတာလဲ"

"အေးလေ ဒီနေရာက သမီးရည်းစားစုံတွဲတွေလာကြတာ"





နန္ဒကျော်ရော သင်းရန့်ရော ဘာပြောရမှန်းမသိအောင် ရယ်ကျဲကျဲမျက်နှာပေးတွေဖြင့် ဖြေရခက်နေကြသည်။

"ဟဲ့ မေးနေတယ်လေ နင်တို့ ဒီကို ဘာလာလုပ်တာလဲ၊ အိမ်မှာတော့ ကြောင်နဲ့ကြွက်လို တကျက်ကျက်နဲ့ မျက်စိနောက်လောက်အောင်ကို ကက်ကက်လန်နေတာ"

ညီမဖြစ်သူ၏စိတ်သဘောကို အစ်ကိုနှစ်ယောက် နားလည်ရခက်နေ၏။

"ရန့် နင် မဟုတ်မှလွဲရော နန္ဒနဲ့တွဲနေတာလား"

သတိုးဘိုလ် တည့်တည့်ပင်မေးလိုက်သည်။ ရန့် ဖြေရမှာ ကြောက်နေသည်။ အမှန်အတိုင်း ဖြေလိုက်၍ အစ်ကိုတွေရဲ့ဒေါသလက်သီးက မျက်နှာပေါ် ခွပ်ခနဲ ကျလာလျှင် ချစ်သူရော ကိုယ်ရော သက်သာမည်မဟုတ်။ သတိုးဆွေ စိတ်မရှည်ဟန်ဖြင့်

"ဟဲ့ မေးနေတယ်လေ ဘာကြောင်ကြည့်နေတာလဲ"

နန္ဒကျော် မြက်ခင်းပြင်တွင် ဆတ်ခနဲ ဒူးထောက်ထိုင်ချလိုက်သည်။ ရုတ်တရက် လှုပ်ရှားမှုကြောင့် သတိုးဘိုလ်ရော သတိုးဆွေရော ကြောင်သွားသည်။

"အဲဒါ ဘာလုပ်တာလဲကွ"

"ကျွန်တော့်ကို ခွင့်လွှတ်ဖို့ တောင်းပန်တာပါ"

"မင်းက ငါတို့ကို ဘာလုပ်ထားလို့ တောင်းပန်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သတိုးဆွေ အမေးကြောင့် နန္ဒကျော် အပြစ်ရှိသောသူတစ်ယောက်၏အကြည့်မျိုးဖြင့် မော့ကြည့် အသနားခံကာ

"ကျွန်တော်နဲ့ရန့်နဲ့က ချစ်နေကြတာပါ"

"ဟေ"

"အိမ်မှာတော့ တကျက်ကျက်နဲ့ ရန်ဖြစ်နေတာလေ ဘယ်တုန်းက ကြိုက်သွားကြတာလဲ"

သင်းရန့် လန့်နေသည်။ နန္ဒကျော်နှင့်သင်းရန့် ဟိုးအရင်ကတည်းက ချစ်နေကြပြီးမှ အိမ်ကိုအကွက်ချေ့လာနေသည်ဆိုတာကို သိလျှင် အပြစ်က ပိုကြီးသွားနိုင်သည်။

"ကြိုက် ကြိုက်တာ တစ်ပတ်တောင် မရှိသေးပါဘူး ကိုလတ်ရဲ့"

"ဟုတ်ပါတယ် ကိုလတ်ရယ် ကျွန်တော် ရန့်ကို တကယ်ချစ်တာပါ၊ ဒါကြောင့် ကျွန်တော် အလုပ်လုပ်ပြီး ရန့်ကို တင့်တင့်တယ်တယ်ထားမှာပါ"

သတိုးဘိုလ် ရုပ်တည်ကြီးဖြင့် နန္ဒကျော်ကို ကြည့်ကာ

"မင်း ဒီနေ့ကစပြီး မင်းအိမ်မှာ မင်းပြန်နေတော့"

"ဗျာ"

နန္ဒကျော် လန့်သွားသည်။ ဒါဟာ သဘောမတူ၍ နှင်ထုတ်သည့်သဘော။ သင်းရန့် မျက်နှာငယ်ဖြင့် ဘာမှမပြောရဲ။

"ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါနဲ့ ကိုကြီးရာ၊ ကိုလတ် ကူပြော





ပေးပါဦး"

"ငါလည်း မတတ်နိုင်ဘူးလေ၊ သူက အစ်ကိုကြီးဆိုးပဲ၊ သူ့ဆုံးဖြတ်ချက်ကို ငါ ကန့်ကွက်လို့ရတာမှ မဟုတ်တာ"

ချစ်သူနှစ်ဦး၏အင်အားမဲ့နေသော မျက်နှာကိုယ်စီက ဖီးရွက်သာသာမျှသာ။

"ဟေ့ကောင်တွေ ငါက မင်းတို့ချစ်ခြင်းကို ခွဲနေလို့လား၊ မင်းကို မင်းအိမ်မှာပဲ ပြန်နေခိုင်းတာလေ"

"ဒါ ဒါလည်း ဘာထူးလို့လဲ ချစ်ခြင်းကိုခွဲလို့ ကျွန်တော့်ကို အိမ်ပေါ်က နှင်ချတာပေါ့လို့"

ကလေးဆန်သော နန္ဒကျော်၏အမူအရာကိုကြည့်ပြီး သတိုးဘိုလ် ဟက်ဟက်ပက်ပက် ရယ်ကာ

"မင်းနဲ့ငါ့ညီမ ချစ်သူဖြစ်သွားကြမှတော့ တစ်အိမ်ထဲအတူနေလို့ ဘယ်သင့်တော်တော့မှာလဲ၊ ဒါကြောင့် မင်းအိမ်မင်းပြန်တော့လို့ ပြောတာပေါ့ကွ"

ဒီတော့မှ သင်းရန့် ပြုံးနိုင်သည်။ ညီမဖြစ်သူပြုံးတော့မှ သတိုးဘိုလ်နှင့် သတိုးဆွေ ရယ်ကာ

"ငါ့ညီမလေး တော်လှတော်လှနဲ့ ငါတို့ကိုအယုံသွင်းပြီး ခြံထဲမှာ ခြေပုန်းခုတ်နေတာ ငါတို့မသိတာ တော်တော်ဆိုးတာ"

"ဘာပဲဖြစ်ဖြစ် ငါနဲ့လေပြေ လက်ထပ်ပြီးမှ နင်တို့အလှည့်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ အလှည့်ကျော်ဖို့တော့ မစဉ်းစားနဲ့"

သတိုးဘိုလ်စကားကြောင့် ရန့် မပွင့်တပွင့် ရယ်လျက်

"အင်းပါ ကိုလတ်ရဲ့"

"အု"

ရုတ်တရက် သတိုးခွေထံမှ နာကျင်သော အသံခပ်အုပ်အုပ်နှင့်အတူ ခွေခနဲလဲကျသွားသော အခြေအနေကြောင့် အားလုံး အံ့အားတသင့်ဖြစ်ကာ

"ကိုခွေ ဟောကောင် ကိုခွေ ဘာဖြစ်တာလဲ"

"အမလေး ဓား ဓားကြီး ကျောမှာစိုက်နေတယ်"

ရန့်လန့်ပြီး အော်ဟစ်လိုက်သဖြင့် သတိုးဘိုလ်နှင့်နန္ဒကျော် သတိုးခွေ၏ကျောတွင် စိုက်နေသော ဓားကိုမြင်ပြီး တစ်စုံတစ်ယောက် အဝေးမှ လှမ်းပြီးလုပ်ကြလိုက်သည်ဟု သဘောပေါက်ပြီး သွေးရူးသွေးတန်းဖြင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

"ငါ့ညီကို ဓားနဲ့ပေါက်သွားတာ ဘယ်ကောင်လဲ ထွက်ခဲ့စမ်း"

သတိုးဘိုလ်အသံက ကြေကွဲမှု၊ ခံရခက်မှုနှင့် ဒေါသတို့ရောပြွမ်းကာ ကျယ်လောင်အက်ရှနေသည်။

"ကိုလတ် ကိုလတ် သတိထားပါဦး၊ နန္ဒ ဆေးရုံကားခေါ်ပါ၊ ကိုလတ် မျက်ဖြူလန်နေပြီ လုပ်ပါဦး"

တခဏအတွင်းမှာ ပြောင်းလဲသွားသော အခြေအနေဆိုးကြောင့်





နန္ဒကျော် ကြောင်နေသည်။ ရန့် သတိပေးစကားဝင်လာမှ ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ကာ ဆေးရုံကားခေါ်သည်။ အရေးအကြောင်းဆိုလျှင် ခေါ်၍မရတော့။

"ဟာကွာ တောက် ဆက်သွယ်မှုရေိယာပြင်ပတဲ့၊ ကိုလတ် သတိထား အားတင်းထားပါဦး ကျွန်တော်တို့ ဆေးရုံကိုအမြန်သွားကြမယ်ဗျာ ကိုလတ် ဘာမှမဖြစ်ဘူး"

နန္ဒကျော် ပလုံးပထွေးလေသံဖြင့် အားပေးသည်။ သတိုးဘိုလ်ဆိုင်ကယ်ဖြင့်မောင်းထွက်သွားသော မသင်္ကာစရာလူနောက် လိုက်ခဲ့ရသည် မမှီတော့။ ခုချိန်မှာ ကိုယ့်ညီက အရေးကြီးနေသည်မို့ ဓါးတန်းလန်းနှင့်သွေးအိုင်ထဲမှာ လဲနေသော သတိုးခွေကို ပြေးပွေ့ပြီး

"ညီလေး ဒီကောင်တွေ ဘယ်သူလဲဆိုတာ ကိုကို သိတယ် ကိုကိုပြန်လုပ်မယ်"

"မ မလုပ်နဲ့တော့ ဆုံးမှာမဟုတ်တော့ဘူး ကျွန် ကျွန်တော့်ကို ဆေးရုံအမြန်ပို့ ပို့ပါ"

ပါးစပ်မှသွေးတို့ လျှံထွက်လာပြီး သတိုးခွေ မျက်နှာမှာ သွေးဆုပ်ဖြူလျော်လာသည်။ သင်းရန့် သည်းထန်စွာ ငိုကြွေးပြီး

"နန္ဒ ကိုလတ်ကို ကားပေါ်တင် ဆေးရုံကိုအချိန်မှီမှရမယ်"

နန္ဒနှင့်သတိုးဘိုလ် နှစ်ယောက်သား သတိုးခွေကို ကားပေါ်သို့တင်ကြသည်။ ဘေးမှလမ်းသွားလမ်းလာများ ဝိုင်းအုံကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဖြင့်ခေတ်ပုံရိုက်သူကရိုက် တစ်ယောက်တစ်ပေါက် အကြံပေးသူက ပေးနှင့် ဆူညံပွက်လောရိုက်နေကြသည်။

"ကိုကြီး ကားကိုကျွန်တော် မောင်းမယ်၊ ကိုလတ်ဖတ်ရာကိုပဲ ထိန်းပြီးမွေ့လာလိုက်"

သတိုးဘိုလ်နှင့်ရန် ကိုလတ်ကိုထိန်းမွေ့ကာ နောက်ခန်းမှ လိုက်ပါလာကြသည်။

သတိုးဆွေကားပေါ်ရောက်သည်အထိ သတိရတစ်ချက် မရတစ်ချက်။ ရင်နာစရာကောင်းသော အဖြစ်ဆိုးကြီးကို မထင်မှတ်ဘဲ ရင်ဆိုင်လိုက်ရ၍ သတိုးဘိုလ် မအောင့်အီးနိုင်ဘဲ ကားပေါ်မှာ ငိုချလိုက်သည်။

အဖြစ်ဆိုးလိုက်တာ ညီလေးရယ်။

■ ■ ■



## အခန်း (၂၇)

သတိုးဆွေ ဓားထိုးခံရ၍ ဆေးရုံသို့လာနေကြောင်း အမေ့ တကြီး ဖုန်းကြိုဆက်ထား၍ နေမည်ညို ဆေးရုံတွင် ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး အဆင်သင့်စောင့်နေ၏။ လေပြေ့ကိုလည်း ဖုန်းဆက်ထား၍ လေပြေလည်း မကြာခင်ရောက်လာလိမ့်မည်။

တွန်းလှည်းသမားနှင့် နာ့စ်အကူတွေကိုပါ အားလုံးရယ်ဒီဖြစ်နေစေရန် ကြိုတင်ဘာဝန်ပေးထား၍ အားလုံးအဆင်သင့်ဖြစ်နေသလို စိတ်တွေကလည်း ပူနေသေးသည်။ ဆိုးဆိုးဝါးဝါး အခြေအနေတစ်ခုကို ရင်မဆိုင်ရပါစေနဲ့ဟုပဲ ဆုတောင်းနေရသည်။

ဖုန်းဆက်ထားတာ နာရီဝက်ကြာနေပြီမို့ လက်မှနာရီကိုငုံ့ကြည့်စဉ် သတိုးဘိုလ်၏ကား ဆေးရုံဝင်းထဲသို့ ဒလကြမ်းမောင်းဝင်လာခြင်း ပေါ်တီကိုအောက်သို့ နေမည်ညို ဒရောသောပါး ဆင်းခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဝင်းရေ လူနာတင်မယ်"

တွန်းလှည်းသမားနှင့် နာ့စ်များ သတိုးဘိုလ်ကားရပ်လိုက်သည်နှင့် လူနာတင်လှည်းပါ အဆင်သင့်ရောက်နေပြီ။ သတိလစ်နေသော သတိုးဆွေကို လှည်းပေါ်သို့ ဘေးစောင်းအနေအထားဖြင့် တင်လိုက်သည်။

အခြေအနေက သိပ်ကောင်းပုံမရ၍ အရေးပေါ်ခန်းထဲ မသွင်းခင် အရင်ဆုံးစမ်းသပ်လိုက်သည်။ ဓားချက်က အဆုပ်ကိုထိုးဖောက်မိသွားပုံရသည်မို့ သတိုးဆွေသည် အသက်မရှိတော့။

နေမညို အကြိမ်ကြိမ် ပြန်၍စမ်းသပ်သည်။ သေချာသည်။ သတိုးဆွေ အသက်မရှုတော့ပါ။

လေပြေ တက္ကစီနှင့်ရောက်လာပြီး နေမညိုတို့ဆေးရုံထဲတွင် ရှုန်းစုရုန်းစုဖြစ်နေရာသို့ အပြေးရောက်လာသည်။

"မမ ကိုသတိုး ကို ကိုဆွေ ဘာဖြစ်တာလဲ ပြောပါ ဘယ်သူလုပ်လိုက်တာလဲ"

သွေးစုတ်ဖြူလျော်ပြီး အသက်မဲ့နေသော သတိုးဆွေကို ရုတ်တရက် မြင်လိုက်ရပြီး လေပြေ အသိစိတ်တွေ လွတ်သွားကာ သွေးရူးသွေးတန်းဖြင့်မေးသည်။

"ကိုဆွေ အသက်မရှိတော့ဘူး သတိုး"

နေမညို စကားသံတွေသည် ဝမ်းနည်းစိတ်ကြောင့် တိုးလျှ





ကျိမ်ဝင်နေသည်။ လေပြေ သတိလစ်မတတ်ဖြစ်ကာ ခန္ဓာကိုယ်မှာ နောက်သို့ ယိုင်သွားပြီး မျက်ရည်တို့ စီးကျလာသည်။ ရန်နှင့်နန္ဒကျော် သတိုးဆွေကို ဖက်ပြီး ငိုနေကြသည်။

သတိုးဘိုလ် မျက်လုံးအစုံပြူးကျယ် ဝိုင်းစက်ကာ ခေါင်းတဆတ်ဆတ်ခါရင်း

"မဖြစ်နိုင်ဘူး ငါ့ညီသေတာ လုံးဝမဖြစ်နိုင်ဘူး၊ စောစောကတောင် ကားပေါ်မှာ ငါ့ကိုစကားတွေပြောနေသေးတယ်၊ သူ ဘာမှမဖြစ်ဘူးတဲ့၊ ဆေးရုံရောက်ရင် ကောင်းသွားမှာတဲ့၊ အမေ့ကိုလည်း ဖုန်းဆက်မနေနဲ့ အလကားသက်သက်မဲ့ စိတ်ပူနေရမယ်တဲ့"

သတိုးဘိုလ် ငိုငိုပြီးပြောကာ နေမညိုကို ပြန်၍ စမ်းသပ်ခိုင်းသည်။

"စိတ်ကိုလျှော့ပါ သတိုးရယ် ငါ ငါ သေချာစမ်းသပ်ပြီးပါပြီ၊ သတိုးဆွေ အသက်မရှိတော့တာ ကျိန်းသေပါတယ်ဟယ်"

နေမညို ပြောရင်းဖြင့် ငိုချလိုက်သည်။

"ညီ ညီလေး ညီလေး မသေဘူး၊ သူ သတိလစ်နေတာပါ ညီလေး သတိပြန်ရပါတော့၊ ကိုကို့ကို အဲလို မကျီစားပါနဲ့ကွာ နေ ငါ တောင်းပန်ပါတယ် ငါ့ညီလေးကို ပြန်စမ်းသပ်ပေးပါဟာ၊ ငါ့စိတ်ထဲမှာ ငါ့ညီ မသေဘူး၊ ငါသိနေတယ်ဟာ"

ငိုလည်းငို တောင်းလည်းတောင်းပန်ရင်း သတိုးဘိုလ်ကို လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမ်းပြီး တစာစာအော်ခေါ်၏။

နေမည်ို့ ကြေကွဲစရာ မြင်ကွင်းကို မကြည့်ရက်။

သိပ်မကြာခင် မှုခင်းရဲများရောက်လာပြီး သတိုးဆွေကျောမှာ စိုက်နေသော ဓားကို သက်သေခံပစ္စည်းအဖြစ် ယူလိုက်ကြသည်။ စစ်ဆေးစရာရှိသည်များကို စစ်ဆေးမေးမြန်းကြသည့်တိုင်အောင် သတိုးစိတ်တွေက ညီ သေတာကို လုံးဝလက်ခံယုံကြည်၍မရသေး။

မျက်စိတစ်မှိတ်အတွင်းမှာပင် ကိုယ့်ညီလေးကို လူ့လောကထဲက ခွဲခေါ်သွားသော ကြမ္မာဆိုးကြီးကို ဖန်တီးသည့် လောကဓံကိုလည်း မကျေနပ်။

အဝေးမှ ဓားဖြင့်ပေါက်သွားသော တရားခံမှာ ဦးထွန်းအောင် ဖော်၏တပည့်တွေဆိုတာ သေချာသည်မို့ ဒီလူကြီးကိုလည်း အလွတ်မပေးနိုင်။ ညီလေး သေသလို သူလည်း သေစေရမည်ဟု ကြိမ်းဝါးပြီး နှုတ်ခမ်းတွေကို သွေးထွက်လုမတတ် ဖိကိုက်လိုက်သည်။

"ကိုကို အမေတို့ကို ဖုန်းဆက်လိုက်ပြီ"

သင်းရနံ့ အငိုမျက်နှာဖြင့် သတိုးဘိုလ်ကို သတင်းလာပို့ပြီး

"ကိုလတ် သေရတာ ညီမလေး ပယောဂ မကင်းသလို ခံစားရတယ်"

သင်းရနံ့ ပြောပြီး ချုံးပွဲချငိုပြန်သည်။ နန္ဒကျော် သင်းရနံ့ ပခုံးကိုကိုင်ကာ ဖြေသိမ့်ပေးပြီး





"ကျွန်တော့်အပြစ်လည်း မကင်းပါဘူး ကိုကြီးရာ၊ ကျွန်တော့်ကို ကြိုက်သလောက်ထိုးပါ သတ်ချင် သတ်ပစ်လိုက်ပါ"

သတိုးဘိုလ် နှစ်ယောက်စလုံးကို အပြစ်မတင်သော အကြည့်ဖြင့် ကြေကွဲစွာ ကြည့်လိုက်ပြီး

"မင်းတို့အပြစ်မဟုတ်ပါဘူး ငါ့ညီကို သေအောင်သတ်တဲ့ကောင်က ဟိုလူယုတ်မာကြီးနဲ့ သူ့အခိုင်းခံရတဲ့ကောင်ပဲ၊ သူတို့ကို ငါ မြေလှန်ရှာပြီး သတ်ပစ်မယ်"

နေမည်ို့ အနားသို့ရောက်လာပြီး

"ကိုဆွေကို စိတ်မဖြောင့်အောင် မလုပ်ကြပါနဲ့၊ သက်ဆိုင်ရာကလည်း တရားခံတွေကို အမိဖမ်းပေးမယ်ပြောထားတာပဲ၊ သူတို့ မိုက်မြစ်ကို ဥပဒေနဲ့ပဲ အပြစ်ပြန်ပေးလိုက်ပါ၊ နင် သူ့တို့ကို ပြန်သတ်လိုက်လို့ နင်ထောင်ပြန်ကျမှာကို ကိုဆွေကရော သဘောကျမတဲ့လား၊ တရားဥပဒေအတိုင်းပဲ လုပ်ပါ"

နေမည်ို့ နားချသည့်တိုင် သတိုးဘိုလ် ရင်ထဲက ဒေါသမီးတောက်တွေက အရှိန်မသေနိုင်သေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ချယ် စိတ်ကိုတင်းမထားနဲ့၊ ငိုချလိုက် ငိုချလိုက်"

သားဖြစ်သူ၏ ရုပ်ကလာပ်ကို တွေတွေကြီးစိုက်ကြည့်နေသော ဒေါ်ချယ်ရီ၏နှလုံးသားတွေထဲမှာ သွေးစိမ်းရှင်ရှင်တွေ ထွက်နေသကဲ့သို့ တဆစ်ဆစ်နာကျင်လွန်းတာများ ပြောဖွယ်ရာမရှိတော့။

အမေ့ရဲ့အတိတ်က အမည်းစက်တွေကြောင့် သားသမီးတွေရဲ့ အနာဂတ်မှာ ကြေကွဲစရာတွေချည်းပဲ ပြည့်နှက်နေဦးမယ်ဆိုရင် ဒေါ်ချယ်ရီအဖို့ အသက်ရှင်နေရတာဟာ ဘာများအဓိပ္ပာယ်ရှိတော့မှာလဲ။

"ကျွန်မသား မသေသင့်ဘဲနဲ့ သေရတာ ကျွန်မ မိုက်ပြစ်တွေကြောင့်ပါ"

ပန်းတွေဝေနေအောင် ပြင်ပေးထားသော သတိုးသွေ၏ရုပ်





အလောင်းကိုကြည့်ပြီး အရူးတစ်ယောက်နှယ် တတွတ်တွတ်ပြောနေသော ဒေါ်ချယ်ရီ၏ စိတ်တွေသည် ရေကျနေသလို ပူလောင်လွန်းနေသည်။ ဦးညို ဦး ဘေးမှ ထိန်းနေသည့်တိုင် လူက မတ်မတ်ပင်မရပ်ချင်တော့လောက်အောင် သားအတွက် ပူပင်သောကတွေနှင့် ဖြေမဆည်နိုင်။

"အရာအားလုံးဟာ ကံစီမံရာပါပဲ ချယ်ရယ် သားလတ်က ဒီအချိန် ဒီအရွယ်မှာ သေရမယ့် ကံဇာတာပါလာလို့ ကိုယ်တို့မိသားစု အားလုံးကို ထားပြီး ထွက်သွားရတာပါ၊ စောစောကပဲ ရဲမှူးခင်မောင်လွင် ဖုန်းဆက်တယ်မို့လား၊ ဦးထွန်းအောင်ဖော်အဖွဲ့ကိုရော သူခိုင်းလိုက်တဲ့ လက်ဖြောင့်မားသမားကိုရော ခြေရာခံဖမ်းမိသွားပြီတဲ့၊ သားလတ်က တမလွန်ကနေ လူယုတ်မာတွေကို ဖမ်းမိအောင် ကူညီပေးသွားတာထင်ပါရဲ့"

"တော် တော်ပါတော့ ကိုညိုရယ် အဲဒီတရားခံတွေကို ဖမ်းမိတော့ရော သားလတ်အသက်ပြန်ရှင်လာမှာမို့လို့လား။ ခုချိန်မှာ သူတို့ကို ဖမ်းမိတာထက် ကျွန်မရဲ့သားကိုပဲ ကျွန်မ ပြန်လိုချင်တာပါပဲ"

သားသမီးတွေရဲ့အနာဂတ်အတွက် မိခင်တစ်ယောက်အဖို့ လွှမ်းရေးထက်ဝမ်းရေးခက်ခဲဖူးသော မိခင်ရဲ့အတိတ်က အရိပ်အမည်းတွေဟာ သားသမီးတွေရဲ့အနာဂတ်ကို ဘယ်အချိန်အထိ လိုက်လံ နှောင့်ယှက်ဖျက်ဆီးနေဦးမည်လဲ။

အသုဘရှု ပရိသတ်တွေ အုံးအုံးထနေသော အလယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အသက်မဲ့နေသော သားလတ်ကိုကြည့်ပြီး ဖြေမဆည်နိုင်အောင် ငိုနေကြရှာသော သားကြီးနဲ့သမီးလေပြေတို့ကို နေမည်ိုနှိုနှစ်ကျော် ဆွဲ၍မနိုင်လောက်အောင် ငိုကြွေးနေကြသည့်မြင်ကွင်းက ရင်ကိုဆို့ကြပ်နေစေသည်။ ဖြစ်နိုင်ရင် သားလတ်နဲ့တမလွန်ကို တစ်ခါတည်း လိုက်ချင်စမ်းလှပါတယ်။

"အမေ ကိုလတ်က သမီးတို့ကို တကယ်ထားသွားပြီ အမေရဲ့"

ဝမ်းပန်းတနည်း ငိုရှိုက်ရင်း ပြောနေသော ရန့်ဓါပလုံးပထွေးစကားသံတွေ လေပြေရဲ့တရှုံ့ရှုံ့ ငိုရှိုက်ရင်း သားလတ်အလောင်းဘေးနားက လုံးဝမခွာသော ပုံရိပ်တွေ။ သမီးငယ်လေး ခြူးခြူးရဲ့ ကျူကျူပါအောင် ငိုသံတွေ။ အားလုံး အားလုံးဟာ ဒေါ်ချယ်ရီကို ကမ္ဘာအပြင်ဘက်ကို ထွက်သွားချင်လောက်အောင် တွန်းပို့နေသလိုပါပဲ။

"သားရေ ဘဝဆက်တိုင်း ဆက်တိုင်း အမေ့ရဲ့သား ခုလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံပါရစေနဲ့ အမေ့လို လောကအလည်မှာ တင့်တယ်မှုမရှိတဲ့အမေမျိုးရဲ့သား မဖြစ်ပါစေနဲ့လို့ အမေ ဆုတောင်းပါတယ် သားရယ်"

ဝဋ်ကြွေးများရှိခဲ့ရင် ဒီဘဝနဲ့တင် ကျေပါစေတော့။

■ ■ ■



## အခန်း (၂၉)

"သမီး နေမည်ို၊ ညည်းညီမကို သတိထားကြည့်ပါဦးအေ၊ သူ့ကိုကြည့်ရတာ ကြီးမေတော့ သိပ်အားမရလှဘူး၊ အသားအရေက အစ ဖြူဖတ်ဖြူလျော်နဲ့"

သတိုးဆွေ ဆုံးပြီးကတည်းက လေပြေ့စိတ်ခံစားမှုတွေ နလန်မထူတော့တာ နေမည်ို ရိပ်မိပေမယ့် ချစ်သူတစ်ယောက်ကို ဆုံးရှုံးလိုက်ရတော့ ဒီလောက်တော့ရှိမှာပေါ့လေဟု ပေါ့ပေါ့တန်တန်ပဲ တွေးပေးခဲ့မိတာပါ။

သို့သော် ကိုဆွေဆုံးတာပဲ တစ်လပြည့်ပြီးလို့ နှစ်လပင်ကျော်တော့မည်။ သေသောသူကြာရင်မေ့ဆိုသလို ခံစားမှုတွေလည်း မှိန်ဖျော့သွားရတော့မှာဖြစ်ပေမယ့် လေပြေ့ပုံစံ မပျက်နေတာကို နေမည်ိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သတိတော့ ထားမိပါသည်။

"ခု သင်တန်းမသွားသေးဘူး သူ့အခန်းထဲမှာလှဲနေတယ်၊ မနက်စောစောက ထမင်းကြော်နဲ့ ကော်ဖီသွားပို့ပေးထားတာ အရာမယွင်းဘူး၊ ဘာစားစား အန်တော့တာပဲ"

"နေ ဆေးရုံမသွားခင် စမ်းသပ်ကြည့်လိုက်ပါ့မယ်"

"အေးပါကွယ် ဂရုစိုက်လိုက်ပါဦး ခြော် ဒါနဲ့ သမီးတို့မင်္ဂလာကိစ္စ ရက်ရွှေ့ထားတာရော နီးပြီလား၊ ဖိတ်စာတွေဘာတွေ ကြိုစီစဉ်ဖို့ မနေ့က သတိုးဘိုလ် ကြီးမေကိုတော့ ပြောသွားသား"

"ရွှေ့လဆန်းပိုင်းလောက်တော့ ဖြစ်မှာပါ၊ နေလည်း သိပ်မလောချင်ဘူးဆိုတာ သူ့ညီတစ်ယောက်လုံး ဆုံးရှုံးထားတဲ့ ခံစားမှုက အသားမကျသေးတော့ မင်္ဂလာပွဲကိုတမင်အေးထားလိုက်တာ၊ သူ့ဘက်က စပြောလာရင်တော့ အကောင်အထည်ဖော်ရုံပေါ့"

ဒီအချိန် ဒီကာလဟာ ပျော်စရာတွေ့လျှင်တောင် အပြည့်အဝ မပျော်ရဲလောက်အောင် ရှေ့အနာဂတ်မှာ ဘယ်လိုကံကြမ္မာဆိုးတွေ ပိတ်လှောင်ထားဆီးနေဦးမလဲဟု စိတ်ထဲမှာ တထင့်ထင့်။ လူ့ဘဝဆိုတာ ကောင်းတစ်ခါဆိုးတစ်လှည့် သံသရာလည်နေမှန်းသိပေမယ့် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရတဲ့အခါမှာ လူတိုင်းတော့ ဘယ်ခံနိုင်ရည်ရှိပါ့မလဲ။

အကောင်းတွေချည်းပဲကြုံနေရ၍ ငါတော့ ဘယ်သောအခါမှ အဆိုးတွေနဲ့ ရင်မဆိုင်ရတော့ဘူးလို့ မာန်မတက်လေနှင့်။ အဆိုးက





ချောင်းခိုတိုက်တော့တာပါပဲ။ ဆိုးနေ၍လည်း ဘယ်တော့မှ အားမငယ်လိုက်နှင့် အကောင်းဆိုတာနှင့် မလွဲမသွေ ကြုံရဦးမှာ သေချာသည်။ ဒီသဘောတရားကို တဖြည်းဖြည်း နားလည်သဘောပေါက်လာသော နေမည်ခိုမှာ ရယူပိုင်ဆိုင်လိုစိတ် လောဘတွေ သိပ်မရှိချင်တော့။

အရာရာကို ကိုယ့်ဆန္ဒအတိုင်းဖြစ်မှတော့ လောကခံဆိုတာ ရှိပါဦးမလား။

ငယ်စဉ်ကတည်းက မိဘမဲ့ဘဝနဲ့ ညီအစ်မနှစ်ယောက် လောကခံကို ကြုံကြုံခံလာပြီးပြီပဲ။ ဒီထက်ဆိုးဝါးစရာ ဘာကျန်ဦးတော့မှာလဲ။

နေကတော့ အတွေ့အကြုံအရ ရင့်ကျက်သင့်သလောက် ရင့်ကျက်နေပေမယ့် ညီမလေးကတော့ ချစ်သူတစ်ယောက်ကို လောလောလတ်လတ် ဆုံးရှုံးထားတော့ သူ့ခံစားမှုက တရားသဘောဆန်ချင်မှ ဆန်ပေလိမ့်မည်။

ရှိစေတော့ သူ့ခံစားမှုတွေရဲ့ကြေကွဲ အထီးကျန်မှုတွေ လွမ်းဆွတ်သတိရစရာ အမှတ်တရတွေဟာ အချိန်ကာလတွေ ရင့်မှည့်လာတာနဲ့အမျှ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားမှာပါ။

■ ■ ■

"ဖြန်း"

ရုံးဝ ထင်မထားသော အဖြစ်အပျက်တစ်ခုက သူ့ဘဝထဲတွင်မဟုတ် နေမည်ခိုဘဝထဲကိုပါ အဖော်အပေါင်းနှင့် ရောက်ကြသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောရမလိုပင်။

ထိုအဖြစ်အပျက်ကို ရုတ်တရက် လက်ခံဖို့ နေ စိတ်တွေ အဆင်သင့်မဖြစ်နိုင်သေးသည့်အတွက် ဒေါသလှိုင်းတွေသာ လေဆန် တစ်ခုလို ဆန်တက်လာပြီး တစ်ခါမှမရိုက်ဖူးသော ညီမလေးကို ဒေါသ အလျောက် ရိုက်မိသည်။

နာကျင်မှုတွေက ဘယ်တော့ အဆုံးသတ်မှာလဲ။

"ရိုက်ပါ ရိုက်ပါ မမရယ်၊ လေပြေ့ကို ပါးရိုက်ရုံနဲ့မပြီးပါနဲ့ တစ်ခါတည်းပါ သတ်ပေးပါ၊ ဒါမှ လေပြေ့ရင်ထဲက သောကတွေ တစ်ခါ ထဲ ဇာတ်သိမ်းသွားမှာမို့ပါ"

မျက်ရည်တွေဖြင့် ဒလဟောစီးကျနေသော လေပြေ့နှုတ်မှားက သောကတွေဟာလည်း နေမညို့သောကတွေပ်မို့ ခုချိန်မှာ ဒေါသတွေချည်း ပဲ ထုတ်သုံးနေတော့ရော ကိုခွေက အသက်ပြန်ရှင်လာပြီး လေပြေရဲ့ ကိုယ်ဝန်ကို တာဝန်ယူနိုင်မတဲ့လား။

"အေး ငါကလည်း ဥပဒေသာမရှိရင် နင့်လိုအမိုက်မကို လောကမှာ မထားဘူး၊ တစ်ခါတည်း သတ်ပစ်လိုက်တယ် သိလား"

ညီအစ်မနှစ်ယောက်ကြား ဗျာများနေရှာသော ကြီးမေကတော့ သေးမှ တရှုံ့ရှုံ့ငိုနေရင်းမှ

"ကြီးမေ လေပြေ့အခြေအနေကို အကဲခတ်ကြည့်မိကတည်းက မိန်းမတို့သဘာဝအရ တွေးတော့တွေးမိပါတယ်၊ ဒါပေမဲ့ ငါ့တူမလေး





ဒီလောက်တော့ မမိုက်မဲလောက်ပါဘူး။ သူ့ဟာသူ ချစ်သူစိတ်ကြောင့် တရှောင်ရှောင်ဖြစ်တာပါလို့ပဲ လိုရာဆွဲတွေးခဲ့မိတာ ခုတော့ အပျိုစင် တစ်ယောက်က ကိုယ်ဝန်လွယ်ရတော့မယ်ဆိုတော့ အသိုင်းအဝိုင်းအလည် မှာ ဘယ်လိုမျက်နှာပြရမလဲ၊ အမလေး ကိုခွေရယ် မင်းက သံယောဇဉ် ကိုယ်ပွားလေးကို ထားခဲ့တယ်ပေါ့"

တ,တပြီး ငိုနေသော ကြီးမေကိုလည်း နေမညို့ မငိုပါနဲ့ဟု ဟန့်တားချင်စိတ်မရှိတော့။ ခုချိန်မှာ နေမညို့လည်း လောကအပြင်ဘက် ကို ထွက်ပြီး စိတ်လွတ်ကိုယ်လွတ် အော်ဟစ်ငိုကြွေးလိုက်ချင်တာပါ။

"နင် သိပ်မိုက်တယ် လေပြေရယ်၊ မိဘတွေမရှိတော့ကတည်း က ကြီးမေရဲ့ဆုံးမသွန်သင်မှုအောက်မှာ ငါတို့ညီအစ်မတွေ ငြိမ်းချမ်းသား သား အေးအေးချမ်းချမ်း နေလာခဲ့ကြတယ်၊ ခုတော့ ညည်းက အဲဒီ ဂုဏ်သိက္ခာတွေကို ရိုက်ချိုးပစ်လိုက်ပြီ"

"ဒီကလေးဟာ ကိုခွေ့ကလေးပါ မမရယ်၊ လက်ထပ်တော့မှာပဲ ဆိုပြီး ညီမလေးတို့ အချစ်နယ်ကျွံခဲ့မိခဲ့ကြတယ်၊ မှားမှန်းသိခဲ့ပေမယ့် ခုလို ကိုခွေ ညီမလေးဘဝထဲက ထွက်သွားပြီးမှ ကိုခွေ့ကိုယ်ပွားလေး ညီမလေးဆီမှာ ကျန်ခဲ့တာသိရတော့ သောကဖြစ်ပေမယ့်လည်း ညီမလေး ကျေနပ်တယ်၊ သေမယ်ဆိုရင်လည်း ဒီကလေးကို လူ့လောကထဲ ထုတ်ပြီးမှ သေရလည်း ကြည်ကြည်ဖြူဖြူနဲ့ကို သေရဲတယ်"

ပြောရင်းဖြင့် လေပြေ သည်းသည်းထန်ထန်ကို ငိုကြွေးပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခုတော့ ကိုဆွေ့ ရင်သွေးလေးရှိနေပြီဆိုတာ ကိုဆွေ သိမသွားရှာဘူး"

ဦးသံနေ့ာကာ ပလုံးပထွေး ပြောနေသော လေပြေရဲ့ကြေကွဲစရာ စကားလုံးတွေဟာ နေမည်ိုရင်ထဲကို အပ်တွေနဲ့အကြိမ်ကြိမ်ထိုးဆွနေသလို တဆစ်ဆစ်နာကျင်ရသည်။

ကိုယ့်လောက်မှ မရင့်ကျက်သေးတဲ့ ညီမလေးပဲလေ။ အချစ်ကို ကိုးကွယ်တာ အပြစ်လို့တော့ မထင်ရက်ပြန်။ တဖန် ဘာမှမသိတဲ့ အပြစ်မဲ့တဲ့ကလေး အဖေမဲ့ပြီး လောကထဲဝင်လာရမယ့်အဖြစ်ကို မျှော်တွေးမိပြန်တော့လည်း မိန်းကလေးတစ်ယောက်က ဒီလောက်ထိ အညှာလွယ်ရသလားဆိုပြီး ကရုဏာဒေါသဖြစ်ရပြန်။

ဘဝင်အတွင်းမှာပင် ခံစားချက်တွေက အရောင်အမျိုးမျိုး ပြောင်းလဲနေသည်။

ပြဿနာက မဖိတ်ခေါ်ဘဲနဲ့ ရောက်လာပြီး ထိုပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းတစ်စုံတစ်ရာကို မဖြစ်မနေရှာရတော့မည်။ ဘယ်လိုရှာမလဲ။ ဘယ်ကရှာဖွေမလဲ။ တွေးရင်း ခေါင်းတွေထူပူကျိန်းစပ်လာသည်။

"ခု ကိုဆွေမှ လောကကြီးထဲမှာ မရှိတော့တာ၊ ညည်းဗိုက်ထဲက ကလေးအတွက် ဘယ်သူ့ကို အဖေခေါ်ခိုင်းမလဲ၊ ပတ်ဝန်းကျင်ကရော





လင်မရှိဘဲ ကိုယ်ဝန်ဆောင်တဲ့ညည်းကို ဘယ်လိုမေးငေါ့ကြမလဲ လေပြေရယ်၊ ကိုဆွေမသေဘဲ ငါသေသွားရမှာပဲ့ မိလေပြေရဲ့"

နေမည်ို ပြောလည်းပြော ငိုလည်းငိုနှင့် လူက ဆောက်တည်ရာမရဘဲ ချောင်ပိတ်မိနေသည်။

လေပြေ နေမည်ိုရှေ့ ဒူးထောက်ထိုင်ချကာ

"ညီမလေး ကိုဆွေ့ရဲ့ရင်သွေးလေးကို မွေးပါရစေ မမရယ်၊ ပတ်ဝန်းကျင်က ညီမလေးကို ဘယ်လိုပဲ ဝေဖန်ကြပါစေ ညီမလေးမမှုပါဘူး၊ ညီမလေး ခံနိုင်ရည်ရှိပါတယ်၊ ကိုဆွေရဲ့ကိုယ်ပွားလေးကိုတော့ ညီမလေး မွေးပါရစေ မမရယ်၊ ညီမလေး တောင်းပန်ပါတယ်"

ကရုဏာဒေါသစိတ်ဖြင့် မိုက်ချင်ဦးဟဲ့ဆိုပြီး စိတ်ရှိလက်ရှိ ထရိုက်ပစ်လိုက်ချင်ပေမယ့် တကာယ်တမ်းတော့ လေပြေ့ကို ထိပြီး မရိုက်ရက်တော့ပါ။ ခုချိန်မှာ နေမည်ို လုပ်ဆောင်ရမည့်ဝတ္တရားက လေပြေ့ဂုဏ်သိက္ခာ ပတ်ဝန်းကျင်ရဲ့တံတွေးခွက်ထဲ မမျောရလေအောင် နည်းလမ်းရှာဖို့ပင်။

ထိုနည်းလမ်းရဖို့အတွက် နေမည်ို ဘာပဲလုပ်ရ လုပ်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ကိုကို ကိုကို"

ခေါ်သံကြောင့် သတိုးဘိုလ် ဖမ်းခနဲ အိပ်ပျော်သွားရာမှ မျက်လုံးတို့ ဖျတ်ခနဲ ပွင့်သွားပြီး ဘေးဘီဝဲယာကို ငဲ့ကြည့်လိုက်သည်။

အခန်းသည် ညမီးရောင်ဖျော့ဖျော့အောက်မှာ တိတ်တဆိတ် ငြိမ်သက်၍နေသည်။ နားစည်ထဲသို့ ပီပီသသ တိုးဝင်လာသော ခေါ်သံသည် ညီလေး ကိုဆွေ၏ခေါ်သံဟု စိတ်ကထင်နေမိသည်။

"ကိုကို ကိုကိုရေ ခဏထွက်ခဲ့ပါဦးဗျာ"

ဒီတစ်ခါအသံက တကယ့်ကို ပီပီသသ ကြားရသောအသံဖြစ်သည်မို့ ခုတင်ထက်မှထကာ ပြတင်းတံခါးဆီသို့ အုံ့ညြသောခြေလှမ်းတွေဖြင့် လျှောက်သွားလိုက်သည်။

မှန်တံခါးချပ်တွေကို ဆွဲဖွင့်ပြီး အပြင်ဘက်ကို အလောတကြီး





ကြည့်ကာ ညီလေးကို ရှာသည်။ ပေါ်တီကိုအောက်တွင် ထွန်းထားသော မီးရောင်သည် ခြံဝင်းအတွင်းသို့ ဖြန့်ကျက်အလင်းပေးထားသဖြင့် ထင်ထင်ရှားရှား မမြင်ရပေမယ့်လည်း လူလုံးမကွဲတကွဲတော့ မြင်နိုင်သည်။

"ဟင်"

"ကိုကို ညီက ဒီမှာ"

ငုဝါပင်အောက်မှ ခုံတန်းပေါ်တွင် ထိုင်နေသော လူရိပ်တစ်ခုကြောင့် သတိုးဘိုလ် ရင်တွေ ဒိတ်ခနဲ ခုန်သွားသည်။

"ညီ ညီလေးလား သတိုးဆွေလား ဘယ်သူလဲ ငါ့ကိုခေါ်တာ"

အပင်ရိပ်ကျနေ၍ လူလုံးသိပ်မသဲကွဲ။

"ညီပါ သတိုးဆွေပါ"

သတိုးဆွေလည်းဆိုရော အခန်းထဲမှ ပြေးထွက်ကာ အောက်ထပ်သို့ ဒရောသောပါးဆင်းကာ အိမ်တံခါးဖွင့်ပြီး ငုဝါပင်အောက်ရှိ ခုံတန်းဆီသို့ ထွက်ခဲ့လိုက်သည်။ ခြေထောက်တွင် ဖိနပ်ပင်မပါ။

သတိုးဆွေ ခုံတန်းမှာ ထိုင်နေဆဲ။ မထင်မှတ်ဘဲ ညီလေးပြန်ရောက်လာ၍ သတိုးဘိုလ် ပျော်လိုက်သည့်ဖြစ်ခြင်း။ ငါ့ညီက သေသွားပြီပဲဟူသော ဒွိဟအတွေးတို့ကိုပင် ယောင်လို့မတွေးမိ။

"ညီ မင်း မင်းအိမ်ကို ပြန်လာတယ်"

"ကိုကို ကျွန်တော့်ကို ကူညီပါဦး ကိုကို"

"ဘာကူညီရမှာလဲ မင်းမှာ ဘာတွေအခက်အခဲဖြစ်နေလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်း ငါ အားလုံးကူညီမယ်"

သတိုးဆွေမျက်နှာသည် သောကတွေဖြင့် ညှိုးမှောင်နေ၏။ ဟိုယခင်ကလို ချောမောခန့်ညားမနေဘဲ ပိန်လှီဖျော့တော့ကာ မျက်နှာမှာ သွေးမရှိသလို ဖြူလျော်နေသည်။ သတိုးဆွေ ငိုသည်။ သူငိုတော့ သတိုးဘိုလ်ပါ လိုက်ငိုမိကာ နှစ်သိမ့်သည့်အနေဖြင့် ဆွဲဖက်လိုက်ပြီး

"ပြောလေ ငါ ဘာကူညီပေးရမလဲ၊ မင်းမှာ ဘာအခက်အခဲတွေဖြစ်နေလဲ"

"လေပြေ လေပြေ ဒုက္ခရောက်နေပြီ"

သတိုး၏စကားကြောင့် လေပြေ ဘာများဖြစ်မလဲဟူသော စိုးရိမ်စိတ်ဝင်သွားကာ

"ဘာဖြစ်လဲ လေပြေ ဘာဖြစ်နေလဲ၊ ဘာဖြစ်လို့လဲ"

"ကူညီပါ ကူညီပါ ကိုကိုရယ်"

"ပြောပါ ပြော ငါ ဘာကူညီရမလဲ"

"သား သားကြီး"

လက်မောင်းကိုလှုပ်နှိုးခေါ်လိုက်သော အမေ့အသံကြောင့် ခုတင်ထက်တွင် အိပ်ပျော်နေသော သတိုးဘိုလ် ဆတ်ခနဲ ထထိုင်ပြီး

"အမေ ညီလေး ညီလေး ဘယ်ရောက်သွားပြီလဲ"

"သား မင်း အိပ်မက်တွေ မက်နေတာလား"

ဒီတော့မှ မိမိရောက်နေတာ ခြံထဲက စံတန်းမှာမဟုတ်ဘဲ





အိပ်ရာထက်မှာဖြစ်နေ၍ အိပ်မက်မက်နေတာပဲဟု ကိုယ့်ကိုယ်ကိုယ် သတိပြန်ကပ်လိုက်ပြီး အမေ့ကို ပြောဖြစ်ဖို့ အတွေးရောက်သွားသည်။

"အမေ ကျွန်တော် ညီလေးကို အိပ်မက်မက်တယ်၊ ဒါပေမဲ့ အိပ်မက်လို့မထင်ရဘူး။ သူ ကျွန်တော့်ဆီကို တကယ်လာတာ၊ သူ အကူအညီလာတောင်းတာ"

သတိုးစကားကြောင့် ဒေါ်ချယ်ရီ တအံ့တဩဖြစ်သွားသည်။

"ဘယ်လို သားကြီး မင်းညီ မင်းဆီကိုလာတယ် ဟုတ်လား။ သူ ဘာတွေပြောသွားလဲ သူ ဘာဖြစ်ချင်တယ်တဲ့လဲ အမေတို့ကို ဘာလုပ်ခိုင်းလဲ သား"

သားဖြစ်သူအတွက် ခံစားနေရဆဲဖြစ်သော ဒေါ်ချယ်ရီမှာ သတိုးစကားကြောင့် အံ့ထိတ်တလန့်ဖြင့်မေးသည်။

အိပ်မက်ထဲမှာ သတိုးဆွေပြောသွားသည့်အတိုင်း အမေ့ကို ပြန်၍ ပြောလိုက်သည်။ အမေ တသိမ့်သိမ့်ငိုရှိုက်ရင်း

"ဘုရားရေ ဒါဆို လေပြေ ဘာများဖြစ်လို့လဲ၊ အမေတို့ ဖုန်းဆက်ကြည့်မှဖြစ်မယ်"

အမေ ပျာပျာသလဲဖြစ်ကာ စိုးရိမ်တကြီး ဆို၏။

"ကျွန်တော် နေမညီ့ဆီသွားမှာပဲ အမေ၊ ဖုန်းဆက်မနေတော့ဘူး။ အဓိကက ညီလေး ဘာကိုစိတ်ပူနေလို့ တမလွန်ဘဝကနေ ကျွန်တော့်ကို လာပြောသလဲဆိုတာကို အရမ်းသိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲထိလာပြီး ပဟေဠိဆန်ဆန်ဖြင့် အလောတကြီး အကူအညီတောင်းရလောက်အောင် အကြောင်းအရာက ခွာယ်လောက် ကြီးမားနေလို့လဲ။

စိတ်ချပါ ညီလေးရယ်၊ မင်းဆန္ဒအတိုင်း ဖြစ်စေရပါမယ်။

■ ■ ■



## အခန်း (၃၁)

"ဟော သတိုး နင်လာတာနဲ့ အတော်ပဲ၊ ငါ နင့်ကိုပြောစရာ စကားတွေ အများကြီးရှိတယ်"

"ငါလည်း နင့်ကိုပြောစရာရှိလို့ မနက်စောစောစီးစီး ထွက်လာတာ"

ညှိုးငယ်နေသော နေမည့်မျက်နှာပေါ်တွင် သောကအရိပ် တွယ်တာနေသည်ကို သတိုး သတိထားမိလိုက်သည်။

"ဒါဆို နင် အရင်ပြောလေ ငါပြောမယ့်အကြောင်းအရာက နည်းနည်းရှည်မှာ"

"နင်အရင်ပြောပါ နေ့ရယ်၊ ငါ နောက်မှပြောမယ်"

သူ့ အရင်ပြော ငါအရင်ပြောနှင့် တစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဦးစားပေးနေကြ၍ နောက်ဆုံး နေမညို ပြောရန် အားယူလိုက်သည်။

"ငါ အခုပြောမယ့်စကားက ငါတို့ဘဝအကြောင်းအရာတွေနဲ့ ပတ်သက်နေတယ် သတိုး။ ဒီကိစ္စကို ငါ အရင်ဆုံးတိုင်ပင်ရမယ့်သူဟာ နင်ဖြစ်နေလို့ပါ"

လေးနက်သော စကားကြောင့် သတိုး ပို၍သိချင်စိတ် ပြင်းပြသွားသည်။

"နင့်စကားက ထူးဆန်းတယ်၊ ပြောပါ ငါ့ကိုတိုင်ပင်တယ်ဆိုရင်လည်း ငါက ငါချစ်သူကို အကောင်းဆုံးအကြံဉာဏ်ပေးနိုင်မှာပါ"

နေမညို ဆွေးမြေ့သောအကြည့်ဖြင့်ကြည့်ပြီး ပြောရခက်နေဟန်ဖြင့် သက်မမောတစ်ချက် ခပ်ဖွဖွချသည်။

"နင် ဘာတွေ အခက်အခဲဖြစ်နေလဲ နေ"

အိပ်မက်မက်သည့်အကြောင်းအရာနှင့် ဆက်စပ်ပတ်သက်နေမည်ဆိုလျှင် (ဥပမာ) အိပ်မက်ထဲမှာ သတိုးဆွေဟာ သူ့ဆန္ဒတွေကို အကောင်အထည်ဖော်ဖို့ အကူအညီတောင်းခဲ့တာ အမှန်ဆိုလျှင် ဒါဟာ လေပြေ့ကိစ္စပဲဖြစ်ရမည်ဟု တစ်ယောက်ထဲ အဖြေရှာတွေးမိသည်။

"အကယ်၍ ကိုဆွေဟာ လောကကြီးထဲမှာ နောက်ထပ် ကိုယ်ပွားတစ်ခုနဲ့ အသစ်တစ်ဖန် ပြန်လည်ရှင်သန်မယ်ဆိုရင် နင်လက်ခံမလား သတိုး"

ထူးဆန်းသော စကားကြောင့် သတိုးဘိုလ် နှုတ်တို့ဆွံ့အသွား





ပြီး

"အဲဒီမေးခွန်းကို ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ နေ။ ငါရှင်းအောင်မေးပေးစမ်းပါ"

"ဟုတ်တယ် သတိုး။ ကိုဆွေဟာ နင်တို့ ငါတို့ရဲ့ဘဝထဲမှာ သူ့ရဲ့ကိုယ်ပွားလေး ထားပေးခဲ့တယ်"

"ဟင်"

ဝတ္ထုဇာတ်လမ်းတစ်ပုဒ်လို အချိတ်အဆက်မိမိနှင့် ပြန်လည်ဆက်စပ်ကြည့်မိတော့ ဇာတ်အိမ်က ပေါ်လာပြီ။

"မ မဟုတ်မှလွဲရော လေ လေပြေ့မှာ ကိုယ်ဝန်များရှိနေလို့လား"

သတိုး၏မရဲတရဲအမေးကို နေမညို ခပ်လေးလေး ခေါင်းညိတ်ပြလိုက်ပြီး

"ဟုတ်တယ် သတိုး၊ လေပြေ့မှာ ကိုဆွေနဲ့ရတဲ့ ကိုယ်ဝန်ကျန်ခဲ့တယ်"

ဝမ်းနည်းရမလား ဝမ်းသာရမလား ခံစားချက်တွေကို နှိုးဆွစေသော အဖြေတစ်ခုကို သတိုး အမြေးအလျှား အဖြေရှာလိုက်သည်။ ပြီးတော့ တဖြည်းဖြည်း ပြုံးလာပြီး

"တ တကယ်လား နင် တကယ်ပြောတာလား နေ"

"ဒီလိုကိစ္စမျိုးနဲ့ ငါကနင့်ကို ကျီစားမယ်လို့များ ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



သလား သတိုး''

သတိုးအတွက် ညီလေး၏အသွေးအသား အနှောင်အဖွဲ့တစ်ခုက လောကထဲမှာ ကျန်နေသေးသည် ဆက်လက်ရှင်သန်ခွင့်ရမည်ဆိုသည့်အသိကြောင့် ကြည်နူးကျေနပ်မိပေမယ့် နေမည်ကတော့ သတိုးပျော်သလို ဘယ်ပျော်၍ဖြစ်မလဲ။

''အေးလေ ဒါလည်း ဟုတ်တာပဲ ငါတို့ ဘယ်လိုတာဝန်ယူပေးရမလဲ၊ နေ ခုချိန်မှာ ဒီမေးခွန်းအပြင် တောင်းပန်ပါတယ်ဆိုတဲ့ စကားကလွဲပြီး ပြောစရာစကားမရှိတော့ပါဘူး၊ ငါ့ညီလေးအစား ငါ တောင်းပန်ပါတယ်ဟာ''

ကိုယ်ချင်းစာနာစိတ်ဖြင့် အားတုံ့အားနာတောင်းပန် တိုးလျှိုးနေသော သတိုးကို နေ ဘက်ကလည်း ပြန်လည်တောင်းဆိုချင်ပါသည်။ သို့သော် နှုတ်မှပြောမထွက်။ နေ အဲဒီလို ပြောလို့ သစ္စာတော်တော်လေး မွေးရမယ်ထင်ပါရဲ့။

''ဒါနဲ့ နင် ငါ့ကို ဘာပြောမှာလဲ သတိုး''

စကားစမ်းကြောင်းလွှဲပြီး မေးလာသော အမေးကြောင့် သတိုး သိပ်မထူးဆန်းတော့သလို မချိပြုံး ပြုံးလိုက်ပြီး

''တကယ်တော့ ငါ့ညီလေးက လေမြို့ကို တမလွန်ရောက်နေတာတောင် ချစ်နေတုန်းပါပဲဟာ၊ သူ ညက ငါ့ဆီကိုရောက်လာတယ်''

သတိုးဘိုလ်စကားကြောင့် နေမည်ရဲ့ အကြည့်တွေ ဝိုင်းစက်





သွားပြီး

''ဘယ်လို နင့်ဆီကို ကိုဆွေ ရောက်လာတယ် ဟုတ်လား''

''ဟုတ်တယ် အိပ်မက်ဆိုပေမယ့် သူ ငါ့ဆီ တကယ်လာသွားတယ်ဆိုတာ သက်သေနိုင်လုံသွားပြီ၊ လေမြေ ခုကွရောက်နေတယ်ဆိုတဲ့ စကားတွေပဲ ထပ်ခါထပ်ခါ ပြောသွားတယ်''

''ဘုရားရေ ဒါဟာ ဘယ်လိုမှ မယုံနိုင်စရာပဲ၊ လေမြေသောက ဖြစ်နေတာကို ကိုဆွေ သိနေတယ်ပေါ့''

ဒီခေတ်ကြီးထဲမှာ တမလွန်ဖြစ်ရပ်ဆန်းတွေ ရှိနေတယ်ဆိုတာ မယုံကြည်ခဲ့ပေမယ့် ခုတော့ မယုံ၍မရတော့။

ထူးဆန်းအံ့သြစရာဖြစ်ရပ်ဆန်းကြီးမို့ သတိုးရော နေမည်ရော လေမြေ့အတွက် ထပ်တူကျသော သောကကိုယ်စီဖြင့် ဘာစကားမှ မပြောဘဲ ခေတ္တမျှ ငြိမ်သက်သွားကြသည်။

တကယ်ဆို နေမည့်မှာ ဆုံးဖြတ်ချက် အကြိမ်ကြိမ်ချပြီးသားအဖြေတစ်ခု ရှိနေပြီးသားပါ။ သတိုးကိုပြောဖို့ခက်နေ၍ စကားလုံးတွေတာ လည်ချောင်းထဲမှာ တစ်ဆို့၍နေသည်။

နေမည့် ဆုံးဖြတ်ချက်ကို သတိုး လိုက်လျောနိုင်ပါ့မလား။ လုံးဝလက်မခံနိုင်ဘဲ ဒေါသတကြီး အော်ဟစ်ငြင်းဆန်မှာလား။

စစ်မရောက်ခင်က မြားကုန်သလို ဖြစ်နေသော နေမည့်ရဲ့မဲ့ချိုမှုတွေကိုတော့ သတိုး နည်းနည်းမှ ရိပ်မိပုံမပေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ ဖြစ်ချင်တဲ့ဆန္ဒထက် ဖြစ်သင့်တာကို ဦးစားပေးရွေးချယ်ရမယ့်အခြေအနေတစ်ခုဆိုတာကို နေမည်ို့ သဘောပေါက်သလို သတိုးကိုလည်း သဘောပေါက်စေချင်သည်။

အချစ်ဆိုတာ မပေါင်းစည်းရပေမယ့်လည်း နှလုံးသားထဲမှာ နှစ်မြိုင်ကျည်နေရင်လည်း ကျေနပ်နိုင်ရမှာပေါ့။

"နင် ဘာတွေတွေးနေတာလဲ နေ့"

သတိုးတိုလ်ထံမှ စကားပြန်စလာ၍ လေးလံနေသော သက်မတစ်ခုကို မသိမသာချရင်း သတိုး မျက်နှာပေါ်မှ အရိပ်တွေကို နီးကြောင်နီးဝှက် လှမ်းဖတ်လိုက်သည်။

သူ့မျက်နှာပေါ်မှာလည်း လေးနက်တဲ့အတွေးတွေ စုပြုံတိုးသိပ်နေပါလား။

"ငါတွေးနေတဲ့အတွေးတွေကို နင်သိရင် ငါ့အတွေးတွေကို နင်အကောင်အထည်ဖော်ပေးမလား သတိုး"

ပါးနပ်သော သတိုး နေမည်ို့ ဘာကိုဆိုလိုသလဲဆိုတာ ရိပ်မိတန်သလောက် ရိပ်မိနေလိမ့်မည်။

"ပြောကြည့်လေ ငါ စွမ်းနိုင်တဲ့ကိစ္စဆိုရင် နင့်အတွေးတွေကို လိုက်လျောပေးရမှာပေါ့"

တကယ်တမ်း သတိုးရင်ထဲမှာ သေလောက်အောင်ကြောက်နေမိတာက နေနှင့်မဆုံဆည်းဖြစ်မယ့် အကြောင်းအရာတစ်ခုက ချစ်သူ





နှစ်ဦးကြားမှာ တံတိုင်းကြီးလို ကာရံထားလိုက်မှာကိုပါ။

"ကျေးဇူးပြုပြီး လေပြေ့ကို လက်ထပ်ပေးပါလို့ တောင်းဆိုပါရစေ သတိုးရယ်"

အဖျားခတ်မှာ တုန်ယင်လိုက်ဖို့သွားသော နေမည်ို့စကားအဆုံး မိုးကြိမ်းသံကြောင့်လန့်သွားသော လူတစ်ယောက်နှယ်။ တုန်ခနဲ ဖြစ်သွားသူက သတိုးပင်ဖြစ်သည်။

နေမည်ို့ထံမှ ဆုံးဖြတ်ချက်ကို ခုလိုတိကျပြတ်သားစွာ ဖွင့်ဟထုတ်ဖော်လိမ့်မယ်လို့ မထင်ထားမိ။ ယောကျ်ားကြီးတန်မဲ့ ရှုတ်တရက်ငိုချင်သွားသည်။

ရက်စက်လိုက်တာလို့ ပြောချင်ပေမယ့် နှုတ်ကပြောမထွက်ရက်ပြန်။ ခုကိစ္စမှာ လေပြေ့အရေးတစ်ခုတည်းမဟုတ်။ လေပြေ လွယ်ထားရတဲ့ကိုယ်ဝန်ဟာ တခြားတစ်ယောက်နဲ့ရတဲ့ကိုယ်ဝန်မဟုတ်ဘဲ ကိုယ့်ညီနဲ့ရတဲ့ကိုယ်ဝန်မို့ ဘယ်လိုမှ ငြင်းဆန်လိုက်ဖို့ မဖြစ်နိုင်။ လက်ရှိအခြေအနေဟာ နှလုံးသားအရေးထက် လူမှုရေးပြဿနာတစ်ခုကို တာဝန်သိစိတ်ရှိတဲ့ အစ်ကိုတစ်ယောက်နေရာကနေ ဖြေရှင်းပေးရမည့်အခြေအနေ။

"နင့်အတွက် ဆုံးဖြတ်ရခက်တဲ့အခြေအနေတစ်ခုဆိုတာ ငါ နားလည်ပါတယ် သတိုးရယ်၊ ငါလည်း နင့်လိုပဲ အရမ်းခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့ ငါတို့မှာ ရွေးစရာလမ်းမရှိဘူး၊ ငါတို့ဆုံးဖြတ်ချက်ကို အမေ့လည်း အားနာပေမယ့် ကျေနပ်နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သတိုး နားဝင်စေရန် တစ်လုံးချင်း အားယူပြောနေရသော နေမည်ရှိရင်ထဲကိုလည်း ခံစားမှုတွေ ဘယ်လောက်နက်နဲကြေကွဲနေမလဲ ဆိုတာ မှန်းကြည့်ရုံနဲ့ သိပါသည်။

အိပ်မက်ထဲမှာ ကူညီပါဆိုပြီး တစာစာအော်ဟစ်နေတဲ့ အကြောင်းအရာက လေပြေ့ကိုယ်ဝန်ကိစ္စဆိုတာ ခုမှပဲ ဆက်စပ်တွေးမိတော့သည်။

စိတ်ချပါ ညီလေး။ ကိုကို မင်းရဲ့ရင်သွေးလေး လူ့လောကထဲကို တင့်တင့်တယ်တယ် ဝင်လာစေဖို့ အစွမ်းကုန်ကူညီပေးပါ့မယ်။

■ ■ ■



## အခန်း (၃၂)

"ဟင့်အင်း မဖြစ်နိုင်ဘူး ညီမလေး လုံးဝမလက်မခံဘူး မမ၊ ကိုကိုသတိုးဆိုတာ မမရဲ့ချစ်သူ လက်ထပ်ဖို့မင်္ဂလာရက်တောင် သတ်မှတ်ပြီးနေပြီ နောက်ပြီး လေပြေ့အစ်ကိုတစ်ယောက်လို သဘောထားဆက်ဆံခဲ့တဲ့သူတစ်ယောက်၊ ဒါကို လေပြေက လက်ထပ်ရမယ်၊ လေပြေ့လောက် မျက်နှာပြောင်တိုက်တဲ့ညီမ ရှိပါဦးမလား"

သတိုးတိုလ်နဲ့လက်ထပ်ဖို့ကိစ္စကို လေပြေ သည်းသည်းထန်ထန် ငြင်းဆန်ကန့်ကွက်သည်။

"ဒီမှာ မိလေပြေ ငါတို့က ညည်းကိုပျော်လွန်းလို့ ခုလိုစီစဉ်နေတယ်လို့ ထင်နေလား။ ငါတို့နှစ်ယောက်စလုံးက အချစ်ကိုဦးစားပေးမယ့် အရွယ်မဟုတ်တော့ဘူး။ အထူးသဖြင့် ငါတို့နှစ်ဖက်စလုံးရဲ့မိဘသိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ကို ငဲ့ကွက်ပြီး ငါတို့နှလုံးသားကို စတေးပြီး ခုလို စီစဉ်လိုက်ရတဲ့အတွက် အဲဒီအခွင့်အရေးက အရမ်းကိုတန်ဖိုးကြီးမြတ်ပါတယ်"

လေပြေ တသိမ့်သိမ့် ရှိုက်ငိုနေတော့၏။

"ခုချိန်မှာ ခံစားမှုထက် လောကထဲကို ဘာမသိညာမသိ ရောက်လာမယ့်ကလေးအတွက် နောက်ပြီး ညည်းလေးရဲ့ဂုဏ်သိက္ခာ အတွက်ကို စဉ်းစားရမယ်"

"ဒါ ဒါပေမဲ့ မမတို့နှလုံးသားတွေက သွေးစိမ်းရှင်ရှင် ထွက်နေကြမှာလေ"

"သွေးစိမ်းရှင်ရှင်ထွက်တော့ရော ဘာအရေးလဲ၊ အဲဒီသွေး အချိန်တန် တိတ်သွားလိမ့်မယ်၊ အဓိကက ဒီကလေးအဖေနေရာမှာ သတိုး ဝင်ရပ်ပေးဖို့ပဲ"

"မမရယ် တခြားနည်းလမ်းစဉ်းစားပါဦး။ ညီမလေး တောင်းပန်ပါတယ်၊ ဒါဟာ ဘဝတစ်လျှောက်လုံး အနေခက်သွားစေမယ့် အခြေအနေတစ်ခုကို ဖွတ်အတင်းဖန်တီးလိုက်တာလို့ ညီမလေး ထင်တယ်"

ပြောရခက်သော ညီမကို ကရုဏာဒေါသောဖြင့် ကြည့်လိုက်ပြီး

"အဲဒီအခြေအနေကို ကိုဆွေကိုယ်တိုင်က ဖန်တီးပေးလိုက်တာပဲ လေပြေ၊ နင် ခေါင်းညိတ်လိုက်ရင် ကိုဆွေ တမလွန်ကနေကြည့်ပြီး စိတ်ဖြောင့်ဖြောင့်နဲ့ သူသွားလိုရာကို သွားလို့ရမှာပါ ညီမလေးရယ်၊





ကိုဆွေ နင့်ဆီမှာ ကိုယ်ဝန်လွယ်ထားရတာကို သူ သိနေတယ်ဆိုရင် နင် ယုံမလား"

"ရှင်"

အံ့ဩသွားသော လေပြေ့ကို သတိုး အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။

လေပြေ တသိမ့်သိမ့် ငိုရှိုက်ရင်း နောက်ဆုံးတော့ ကိုဆွေ့ဆန္ဒမို့ လက်ခံလိုက်ရတော့သည်။

ကိုဆွေက တမလွန်ကနေတောင် လေပြေ့အတွက် ပူပန်နေသေးတယ်တဲ့လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"သတိုးရေ ဟိုတယ်ကိုသွားဖို့ မင်္ဂလာကားရောက်နေပြီလေ"

နေမည္ဘို သတိုးအခန်းဝမှာ လာရပ်ပြီးခေါ်သည်။ သတိုး ပြတင်းဝမှာရပ်ပြီး အဝေးကိုငေးမောနေရာမှ လှည့်ကြည့်လိုက်သည်။

"နင် ခုထိ ဘာမှမပြင်ရသေးဘူးလား သတိုးရယ်၊ ကဲ လာ လာ ငါ ဝိုင်းပြီး ပြင်ပေးမယ်"

မှန်တင်ခုံပေါ်မှ ဂျယ်ဘူးနှင့်ဘီးကိုလှမ်းယူရင်း ပေါ့ပါးသွက် လက်သော အမူအရာနှင့် တရစပ်ပြောဆိုနေသော နေမည္ဘို့ကို သတိုး မြတ်နိုးစွာ ကြည့်လိုက်ပြီး နေမည္ဘို့ ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်း လိုက်သည်။

ရုတ်တရက်မို့ နေမည္ဘို့ခန္ဓာကိုယ်လေး သတိုးရင်ခွင်ကျယ်ထဲ နစ်မြုပ်တိုးဝင်သွားသည်။





"အို သတိုး ဘာလုပ်တာလဲ လွှတ်ပါ ငါ ငါတို့ အဲလိုပတ်သက် ခွင့် မရှိတော့ဘူးလေ"

ရင်ခွင်ထဲမှာ ရုန်းလည်းရုန်း ပြောလည်းပြောနေသော နေမည္ဘို့ နဖူးပြင်နှင့် မျက်နှာအနှံ့ နုတ်ခမ်းသားဖူးဖူးလေးပါမကျန် အနမ်းတို့ မိုးစက်တွေလို ကြဲပစ်လိုက်သည်။

"ခဏလေးပါ ခဏလေးပါ နေရယ်၊ ငါ ဒီအခြေအနေလေးထဲ မှာ ဆယ်စက္ကန့်လောက်ဖြစ်ဖြစ် သာယာနေပါရစေ"

"သတိုးရယ် နင့်ခံစားချက်ကို ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ငါတို့အတူတူစွန့်လွှတ်လိုက်ကြပြီးပြီလေ၊ ပြတ်သားလက်စနဲ့ ပြတ်သား လိုက်ပါတော့ အချစ်ရယ်"

"နှလုံးသားချင်းကတော့ ဘယ်တော့မှ ပြတ်သားနိုင်မှာမဟုတ် ဘူးဆိုတာ နင်သိသင့်တယ် နေ၊ ငါ လေပြေ့ကိုလက်ထပ်မှာ ငါ့ညီရဲ့ ရင်သွေးဖခင်နေရာမှာ ဝင်ရပ်ပေးဖို့ပါ၊ အဲဒီအပြင် လေပြေ့အပေါ်မှာ ထားတဲ့ခံစားမှုက ဘာမှပိုပြီး ပြောင်းလဲမသွားဘူးဆိုတာ နင်သိဖို့တော့ လိုတယ်၊ ဒီမင်္ဂလာပွဲဟာ ငါ့အတွက်တော့ တာဝန်ဆောင်မှုသက်သက်ပဲ၊ အဲဒီအတွက် ငါ နင့်ကိုချစ်နေခွင့်တော့ ရချင်သေးတယ်၊ ငါ့ကိုချစ်နေခွင့် ပြုပါ၊ နင်ဟာ ငါ့ရဲ့ထာဝရချစ်သူဖြစ်နေဆဲပဲ၊ လေပြေဟာ ငါ့ရဲ့ညီမလေး အဖြစ် ဘဝတစ်လျှောက်လုံး စောင့်ရှောက်ရုံကလွဲပြီး လေပြေနဲ့ငါကြား မှာ ဘာပတ်သက်မှုမှ ရှိနေမှာမဟုတ်ဘူးဆိုတာကိုတော့ နင် သိထားစေ ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လိုပဲဆုံးဖြတ် ဆုံးဖြတ် ငါ ကျေနပ်ပါတယ် သတိုးရယ်၊ ခုတော့ မင်္ဂလာပွဲရှိတဲ့နေရာကို သွားကြရအောင်နော်"

မျက်ရည်ဝဲနေသော သတိုး နေမည်ကို မြတ်နိုးစွာကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

ထိုအခြေအနေကို အခန်းအပြင်မှာရောက်နေသော လေးခပြေ မြင်ပြီး ရင်ထဲမှာ မချိအောင် ခံစားမိပြန်သည်။

ညီမလေးကြောင့် ကိုကိုတို့ မမတို့ရဲ့နှလုံးသားတွေ သော့ခတ်ခဲ့ရတဲ့အတွက် ညီမလေး ဒီတစ်သက် နောင်တရလို့ဆုံးမှာမဟုတ်တော့ပါဘူး။ စိတ်ချပါ ကိုကိုသတိုးရယ် လေပြေလေ ကိုကိုသတိုးကို ကိုယ့်အစ်ကိုရင်းတစ်ယောက်လို လေးစားတဲ့အချစ်နဲ့ ချစ်သွားရုံကလွဲပြီး တခြားဘာကိုမှမျှော်လင့်မှာမဟုတ်ပါဘူး။

မမနဲ့ ကိုကိုတို့ အချစ်ဇာတ်လမ်းကို ညီမလေးကြောင့် တစ်ခန်းရပ်သွားရုံကလွဲပြီး ပြီးပါပြီလို့ ဘယ်သောအခါမှ ဇာတ်သိမ်းမထိုးစေရပါဘူး။ မောင်နှမအချစ်နဲ့ ကိုကို့အရိပ်အောက်မှာ ခေတ္တခိုလှုံရုံလေးပါပဲ။ ဒါကြောင့် ကျေးဇူးရှင် ကိုကိုနဲ့မမတို့ရဲ့ဇာတ်သိမ်းခန်း လေပြေ့ကြောင့် အလွမ်းတွေနဲ့ မဖွဲ့သီစေရပါဘူးလို့ လေပြေ ကတိပေးပါတယ်။

ပဲရိုသတ်အတွက်
အမြဲတမ်း
ဂျူး



BURMESE CLASSIC
www.burmeseclassic.com